ဗုဒ္ဓသာသနာဝင်သူတော်စင်တို့
ဖတ်စရာ မှတ်စရာ
ကျင့်စရာ
တွေကို ဖေါ်ပြသော

# ဓမ္မသာရဒီပကကျမ်း

ပခုက္ကူအရှင်ကေသရ
ပြုစုရေးသားသည်

၁၄၄၅၂

ဗုဒ္ဓသာသနာဝင် သူတော်စင်တို့

ဖတ်စရာ, မှတ်စရာ, ကျင့်စရာ,

လက် ရွေး စင် စာ ပေ ဆောင်း ပါး များ ကို

မြန်မာလိုဖေါ်ပြသော

# ဓမ္မသာရဒီပကကျမ်း


ပခုက္ကူအရှင်ကေသရ

မြသိန်းတန် ဂဏ္ဍ ါဝကာ

ဓမ္မာစရိယ စာချအရှင် မြတ်ရေးသားသည်

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ်(၆၃၄၁)

ရန်ကုန်မြို့၊ လမ်း ၅၀၊ အမှတ် ၁၄၁၊ ဂန္ထမာပုံနှိပ်တိုက်၊

ဂန္ထမာစာပေတိုက်၊ တင်မောင်ဝင်း (၀၁၁၃၃မြ) (၀၁၆၈မြ)

က ပုံနှိပ်ထုတ်ဝေပါသည်။

၁၉၇၃-ခု၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၃၀၀၀

တန်ဖိုး ၃-ကျပ်။

ဖြန့်ချိရေး။ ။ဗုဒ္ဓ ဓမ္မ လောက စာစောင်တိုက်

အမှတ် ၁၄၄၊ လမ်း ၅၀၊ ရန်ကုန်မြို့။

၂၉၄.၃

# ပဏာမနှင့် ပဋိညာဉ်

ဓမ္မသာရံသုဒေသေန္တံ
ဝန္ဒိတွာ နာထ မာစေရံ
ဓမ္မံ သံဃဉ္စ ကဿာမိ
ဓမ္မသာရဉ္စ ဂန္ထံ-ဟံ

အဟံ၊ ရုပ်နာမ် နှစ်ရပ် ပညတ်ခေါ်ဆို ကိုယ်ဟု သမုတ် အကျွန်ုပ်သည်။ ဓမ္မသာရံ၊ တရားအဆီအနှစ်ကို။သုဒေသေန္တံ၊ ကောင်းစွာဟောကြားတော်မူတတ်သော၊ နာထဉ္စ၊ လူနတ်ပြဟ္မာကိုးကွယ်ရာသား ရှင်တော်ဘုရားကိုင်း။ ဓမ္မဉ္စ၊ အမြတ်ဆယ်ဖေါ်တရားတော်ကိုင်း။ သံဃဉ္စ၊ သမုတိပရမတ် နှစ်ရပ်သောသံဃာတော်ကိုင်း။ အာစေရဉ္စ၊ ပခုက္ကူ မဟာဝိသုတာရာမတိုက် ကျမ်းတတ်ပေတတ် ဆရာတော်များ၊ မန္တလေးကျမ်းတတ်ပေတတ် ဦးနာရဒ၊ဦးပဏ္ဍဝ၊ဦးနန္ဒိသေနဟူသောဆရာတော်များရန်ကုန် မြသိန်းတန်ဆရာတော်၊ မခုက္ကူခရိုင် ရေစကြိုနယ်စည်သာကျေးရွာ ကျောင်းကြီးဆရာတော်ဟူသော ဆရာသမားများကိုင်း၊ဝန္ဒိတွာ ဝန္ဒာမိ၊စိတ်စေတနာဖြူစင်စွာဖြင့် ကြည်လှုသဒ္ဓါရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဓမ္မသာရံ ဂန္ထံ၊ ဗုဒ္ဓဓမ္မလောက စာစောင်မှလက်ရွေးစင် ရွေးထုတ် အပ်သော ဓမ္မဆောင်းပါးအဆီအနှစ်များကိုပြဆိုရာ ဖြစ်ခြင်းကြောင့် ဓမ္မသာရဒီပကမည်သော ကျမ်းကို။ ကဿာမိ၊ ကြည့်ရှုလေ့လာ မှတ်သားရာဖို့မချွတ်မှန်စွာရေးသားစီရင်ပါအံ့။

# နိဒါန်း

## ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း

ဘဝတုသဗ္ဗမင်္ဂလံ

ဗုဒ္ဓမမ္မလောကစာစောင်ကို ၁၃၁၇–ခုနှစ်က စတင်ထုတ်ဝေခဲ့ပါသည်၊ ယခု ၁၃၃၄ ခုနှစ် သီတင်းကျွတ်လသို့ ရောက်သောအခါ စာစောင်သက်တန်းသည် (၁၇)နှစ်လွန်မြောက်ခဲ့ပါပြီ။

ယနေ့ စက္ကူအခက်အခဲကြောင့် စောင်ရေ(၆၀၀၀)ခြောက်ထောင်သာ ထုတ်ဝေရသော်လဲ စက္ကူပေါပေါများများရှိစဉ်ကမူ စောင်ရေ(၁၀၀၀၀) တသောင်းကျော်အထိ ထုတ်ဝေခဲ့ရပါသည်။

စောင်ရေလဲကောင်း သက်တန်းလဲ ဝါရင့်လာခဲ့ရသည်မှာ ထုတ်ဝေသူ, စာရေးသူ, စာဖတ်သူ သုံးဦးသားတို့ ဖိုခနောက်ဆိုင်ပမာ တက်ညီလက်ညီဆောင်ရွက်အားလဲကောင်း, ရေးအားလဲကောင်း, ဖတ်အားလဲကောင်းကြသောကြောင့် ဖြစ်သည်ဟုဆိုချင်ပါသည်။

ထို့ကြောင့်ပင် ဗုဒ္ဓမမ္မလောကစာစောင်သည် သက်တန်းဝါရင့်ပြီး ငုံ့ကတ်ကျမ်းလာ မှတ်စရာသားစရာ, ဝေဆာလှ၍ဤဟောစရာ, ကျင့်စရာ ပြောစရာတရားစာတို့လဲ ပဒေသာပမာ မြိုင်ဆိုင်လှပါသည်။

# နိဒါန်း

တခါက ကျွန်ုပ်တို့သည် အညာတခွင်သို့ ခရီးရက်ရှည် လှည့်လည်ခဲ့စဉ်က ဘုန်းဘုရားတပါးက "တကာမြင့်တို့ ထုတ်ဝေတဲ့ ဗုဒ္ဓဓမ္မလောကစာစောင်က တန်ကြေးရှိလှပါပေတယ်"ဟု ခရီးရောက်မဆိုက် ထောမနာပြုလိုက်ပါသည်။ "အမိန့်ရှိပါဦးဘုရား" ဟု လျှောက်လိုက်သောအခါ "ဒီလိုကွဲ့ ဒကာရဲ့၊ ဒို့အညာမလေ့က ဝါတွင်းဝါပ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ကြတဲ့ အလေ့ရှိကြသကွဲ့၊ ဒီတော့ကာ ဒို့ကျောင်းထိုင်ဘုန်းကြီးများမှာ ဥပုသ်နေ့တိုင်း ဥပုသ်သည်တွေကို တရားမထပ်အောင် ဟောဘို့က လွယ်တဲ့ ကိစ္စမဟုတ်ဖူးဒကာရဲ့၊ ကျောင်းသား ထိန်းရ, သာရေးနာရေးလိုက်ရ, ကျောင်းဝေယျာဝစ္စ, ဗုဒ္ဓဝေယျာဝစ္စ ဆောင်ရွက်ရနဲ့ဆိုတော့ကာ၊ ဥပုသ်နေ့တိုင်း တရားဟောဖို့ရာအတွက် ဓမ္မပဒ,ငါးရာငါးဆယ်, ဗုဒ္ဓဝင်တို့ကို အပြေးအလွှားဖတ်ရသကွဲ့၊ ဟော–အခုတော့ နေရာကျလိုက်တာတကာရယ်၊ ဗုဒ္ဓဓမ္မလောက စာစောင်က ဥပုသ်အဖိတ်နေ့ဆိုယင် စာတိုက်ကနေကျောင်းရောက်လာပြီ၊ အဲဒီနေ့ညပဲ ဖတ်ထားလိုက်ယင် ဥပုသ်နေ့နံနက် သီလပေးပြီးဟောဖို့တရားလဲ အဆင်သင့်, နေ့လည်တရားဟောဖို့လဲ အဆင်သင့်, ညအိပ်ဥပုသ်စောင့်တဲ့ ဒကာတွေနဲ့ တရားဆွေးနွေးဖို့ရာ မှတ်စရာ သားစရာ ဗဟုသုတတွေလဲ အဆင်သင့်ကွဲ့၊ အဲတာကြောင့် တကာတို့ဗုဒ္ဓဓမ္မလောကစာစောင်က တန်ကြေးရှိလှတယ်လို့ ဆိုရသကွဲ့"ဟု အညာသံပါပါ မိန့်ကြားတော်မူလိုက်သည်ကို မှတ်သားခဲ့ရပါသည်။

တခါကလဲ ရန်ကုန်မြို့၌ထင်ရှားသော ပုဂ္ဂိုလ်ကြီးတဦးက "မင်္ဂလာဆရာတို့ ဗုဒ္ဓဓမ္မလောကစာစောင်ကို ကျွန်တော်က

# နိဒါန်း

ပဒေသာစာစောင်လို့ အမည် မှည့်ချင်သဗျာ”ဟု ဆိုလာပြန်ပါ
သည်။

အဘယ့်ကြောင့်ဆိုတာ အမိန့်ရှိပါဦးခင်ဗျားဟု စောဒနာ
သောအခါ “မသိလို့မေးလိုက်ယင် အဖြေထွက်လာတော့
ကျွန်တော်တို့အဖို့ လိုတာရတဲ့ပဒေသာပင်လို အားကိုးအားထား
ပြုရလို့ပါ”ဟု ဖြေပါသည်။

ဦးမင်္ဂလာတို့ ဗုဒ္ဓမ္မလောကစာစောင်ကို ဖတ်ဖတ်ပြီး ဥပုသ်
နေ့တိုင်း တရားဟောရတာနဲ့ ကျွန်တော်လဲ ဓမ္မကထိက ဖြစ်
မှန်းမသိ ဖြစ်နေပါပြီဗျာ”ဟု မိတ်ဆွေတဦးက ဆိုလာပြန်ပါ
သည်။

ကျွန်ုပ်တို့သည် ဤသို့သော ထောမနာစကားတို့ကို အဖန်ဖန်
ကြားရတိုင်း ဗုဒ္ဓမ္မလောကစာစောင်၌ စေတနာဖြင့် ကူညီရေး
သားကြသော ရဟန်းပညာရှိ လူပညာရှိ စာရေးဆရာကြီးတို့၏
ကျေးဇူးဂုဏ်ကို အောက်မေ့မိပါတော့သည်။

မှန်ပါသည် ဗုဒ္ဓမ္မလောကစာစောင်ကို ဖတ်ရှုသူတို့ နှစ်ခြိုက်
ကြသည်မှာ ရဟန်းပညာရှိ လူပညာရှိ စာရေးဆရာကြီးတို့၏
စွမ်းအားက အများဆုံးပါဝင်သောကြောင့် ဖြစ်ပါသည်။

ထိုထိုပညာရှိတို့၏ ဆောင်းပါးတို့ကား ကျန်းဂန်နှင့်လဲ
ညီညွတ်သည်၊ ရေးပုံသားပုံလဲ ခေတ်မီသည်၊ ကလေးလူကြီး
အရွယ်မရွေး ရှုမညီးအောင် ဖတ်၍လဲကောင်းသည်၊ ထို့ကြောင့်
ပင် အညာဘုန်းဘုရားမိန့်ကြားသလို ဗုဒ္ဓမ္မလောကစာစောင်၌
ပါသော ဆောင်းပါးတို့ကား တန်ကြေးရှိလှဘိသည်။

# နိဒါန်း

ဤသို့တန်ကြေးရှိအောင် ရေးသားကြသော စာရေးဆရာ ပညာရှိတို့တွင် ပခုက္ကူ အရှင်ကေသရသည် ထိပ်တန်း၌ ပါဝင်ပါသည်။

ပခုက္ကူအရှင်ကေသရသည် ပခုက္ကူခရိုင် ပခန်းကြီးမြို့နယ် သားဇာတိဖြစ်ပါသည်။ ပခုက္ကူမြို့ ပိဋကတ် နိကာယ တက္ကသိုလ် မဟာဝိသုတာရာမ ဝိဇ္ဇာလယကြီး၌ ပိဋကတ်သုံးသွယ် နိကာယ် ငါးရပ်တို့ကို သင်ကြားတတ်မြောက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါသည်၊ အစိုးရ ဓမ္မာစရိယဘွဲ့ရ စာချဆရာတော်လဲ ဖြစ်ပါသည်။ ယခု လက်ရှိပင် ရန်ကုန်မြို့ အရှေ့ပိုင်း မြသိန်းတန် ကျောင်းတိုက်၌ စာသင်သားတို့အား ပိဋကတ်ကျမ်းဂန်တို့ကို ပို့ချနေသော ဂဏဝါစက စာချဆရာတော်ကလေးဖြစ်ပါသည်။

အရှင်ကေသရသည် ဗုဒ္ဓဓမ္မလောက စာစောင်ထွက်သည်မှ စ၍ ယနေ့သို့တိုင်အောင်ပင် အပတ်စဉ်မှန်မှန် ဆောင်းပါးရေး နေသော ပင်တိုင်စံဆောင်းပါးရေး ဆရာတော်ကလေးဖြစ်ပါသည်။

အရှင်ကေသရသည် ဆောင်းပါးများရေးရင်း စာချရင်းကပင် (၁၉၆၇၊ ၁၃၂၉)ခုနှစ်က ဝရဒါနာဒီဒီပကာ ကျမ်းကို ရေးသားထုတ်ဝေခဲ့သောကြောင့် စာရေးဆရာဘဝ, စာချဆရာ တော်ဘဝမှ ကျမ်းပြုဆရာတော်ဘဝသို့ ရောက်လာပြန်ပါတော့ သည်၊ (ယင်း—ဝရဒါနာဒီဒီပကကျမ်းကို ၃-ကြိမ်ပုံနှိပ်ပြီး၍ ယခု ၄ ကြိမ်မြောက်ပုံနှိပ်ရန်ပင် စီစဉ်လျက်ရှိပါသည်)။

အရှင်ကေသရသည် ယခုတဖန် ဗုဒ္ဓဓမ္မလောက၌ ရေးခဲ့သမျှ သော ဆောင်းပါးများစွာတို့မှ အကောင်းဆုံး လက်ရွေးစဉ်

# နိဒါန်း

အဖိုးတန်ဆောင်းပါးတို့ကိုရင်း။ ယံသာဝတီသတင်းစာ၌ ရေးခဲ့သော ဆောင်းပါးအချို့ကိုရင်း စုစီး၍ ဤစာအုပ်ကိုပုံနှိပ်ရန်စီစဉ် လိုက်ပြန်သည်။

အရှင်ကေသရသည် ဤစာအုပ်၌ပါသော လက်ရွေးစင် ဆောင်းပါးတို့ကို အကောင်းဆုံးဆန်ကာတင်ဖြစ်အောင် ပိုသည် တို့ကိုနှုတ်၍ လိုသည်တို့ကို ဖြည့်တင်းကာ ဆဋ္ဌမူကျမ်းကိုး ကျမ်းကားတို့ကိုလည်း တိတိကျကျထပ်ထည့် ညွှန်းပြထားလိုက်ပြန် ကြောင့် ကောင်းသည်ထက်ကောင်းသော အတိသုန္ဒရ စာအုပ် အဖြစ်သို့ ရောက်နေတော့သည်။

အညာဘုန်းတော်ကြီးအမိန့်ရှိသလို အလွန်တန်ကြေးရှိသော စာအုပ်, စာရှုသူတိုင်း သိသင့်သိထိုက်သည့် သိကောင်းစရာ အဖြာဖြာတို့ကို စုပေါင်းထား၍ စာပဒေသာ လိုရာရနိုင်သော ဤစာအုပ်သည် (၁၇)နှစ်သား ဗုဒ္ဓဓမ္မလောက စာစောင်မှ ပေါက်ဖွားလာသော စာအုပ်ဖြစ်ပါကြောင်း နိဒါန်းပျိုးလိုက်ရ ပါသည်။

မင်္ဂလာပါခင်ဗျာ
မင်္ဂလာ–အောင်မြင့်
ဗုဒ္ဓဓမ္မလောက အယ်ဒီတာ။

၁၃၃၄ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်။
၁-၁၀-၇၂။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဇိနေ၁မယှံ ဇယံဒေတု

# ၁။ နေ၁င်တ တရား ၁၀-ပါး

အသက်ငယ်ရွယ်၍ အချိန်ရှိခိုက်ကသာလျှင်၊ (၁) ပစ္စည်း ဥစ္စာရှာဖွေခြင်း၊ (၂) ပညာသင်ကြားခြင်း၊ (၃) ကောက်ကျစ်စဉ်းလဲ ဂုဏ်းချောမှုကင်းခြင်း၊ (၄) အသက်သတ် ရှောင်ကြဉ်ခြင်း၊ (၅) ကာမကျူးခြင်းမှ ရှောင်ခြင်း၊ (၆) ပေးကမ်း လှူဒါန်းခြင်း။ (၇) မိဘ နှစ်ပါး ကို စောင့်ရှောက် ခြင်း၊ (၈) မိဘကို ရိုသေလေးစားခြင်း၊ (၉) ရဟန်းသံဃာကို ဆည်း ကပ်ခြင်း၊ (၁၀) ဘာသာ တရားကို လိုက်စားခြင်း၊ ဤဆယ် ပါးတို့ကို ပြုလုပ်သင့်ကြသည်။

## (၁) ပစ္စည်းဥစ္စာရှာဖွေခြင်း

ပစ္စည်းဥစ္စာကို တရားသဖြင့် ရှာဖွေလျှင် သင့်လျော်ပါ၏၊ မတရားသဖြင့် ရှာဖွေလျှင်ကား ချီးမွမ်းရာမရှိပါ။ လောက၌ လောဘနှစ်မျိုးရှိသည်။ သမလောဘ- မျှမျှတတ တရားသဖြင့် ရသင့်သမျှကိုသာ လိုချင်မှု၊ ဝိသမလောဘ- မမျှမတ လွန်လွန် ကျူးကျူး မတရားလိုချင်မှု၊ ထိုနှစ်မျိုးတို့တွင် ပုထုဇဉ် ဟုတ်မှန် လျှင် သမလောဘရှိကြရပေမည်။

ဇာတ်နိပါတ်တော်၌ "စီးပွားဥစ္စာကို တရားသဖြင့် ရှာဖွေ လျှင် ကောင်း၏" ဟု အကောင်း လေးပါး၌ ထည့်သွင်း၍ ဘုရားရှင်ကိုယ်တော်မြတ် ဟောထားသည်။

မဃဒေဝ လင်္ကာသစ်၌ "ပဏ္ဍိပုဂ္ဂိုလ်မြတ်ထိုထိုတို့ ကိုယ်ကို နှိမ့်ချ၍ဓမ္မနှုဖြင့် ဓနဥစ္စာရအောင်ရှာ၍ ချမ်းသာလည်းခံ အသင့် စံလျက် ကောင်းကြံ-ကောင်းပြု-ကောင်းမှု ရှေးရှုပေးကြလူ၏" ဟူ၍ဂုဏ်း။

"ဤလူတို့ဘောင်၊ အိမ်ရာထောင်တို့၊ မရှောင်ပူချမ်း၊ ကြိုး ပမ်းဥစ္စာ၊ ရအောင်ရှာလျက်၊ လေးဖြာခွဲမှု၊ လေးဘို့ပြု၍ တစု ခံစား၊ နှစ်စုအားလျှင်၊ စီးပွားယှဉ်ရာ၊ တစုမှာလျှင်၊ လိုခါ နောင်ဘို့၊ မချို့ဆောင်ဘွယ်၊ မြေဝယ်မြှုပ်ထား၊ ပြုအပ်ငြား၏" ဟူ၍ဂုဏ်း၊ မန်လည်ဆရာတော်ဘုရားကြီးက တရားသဖြင့် စီးပွားဥစ္စာရှာကြဘို့ရန် တိုက်တွန်းထားသည်။

အချိန်ရှိခိုက်က စီးပွားဥစ္စာမရှာဖွေလျှင် အိုမင်းသောအခါ၌ ဒုက္ခနှင့်ရင်ဆိုင်ကြရပေမည်။ ငယ်ငယ်က ပစ္စည်းဥစ္စာ မရှာဖွေမိ ခြင်းကား မှားခြင်းကြီးမှားလေပြီဟု နောင်တကြီးစွာ ရတတ် ကြသည်။

## ယင်ကောင်ဥပမာ

ပျားကောင်များသည် ထားမှု သိမ်းဆည်းမှု လိမ်မာကြသည်။ မိမိတို့လည်းသုံးစွဲစားသောက်ကြသည်။ နောက်ရက်များအတွက် လည်း ပျားရည်ကို စုဆောင်းထားကြသည်။ တနေ့တရက် မိုး ကြီးလေကြီး ကျနေစေဦးတော့ မပူပင်ကြရပေ။ အိမ်နှင့် မိမိ နေရာမှာပင် စားသောက်နေထိုင်နိုင်ကြသည်။

## လူပျင်းများသတိ

စီးပွားဥစ္စာ မရှာဖွေလိုသော အို လူပျင်းတို့.... သင်တို့နှင့် ဟောဒီ ပျားကောင်ကလေးတွေ မည်သူက လိမ္မာပါသနည်း။ သင်တို့ဟာ ဆန်ကုန်မြေလေး ပုဂ္ဂိုလ်တွေ ဖြစ်မနေဘူးလား။ ပျားကောင်တွေဟာ အဟိတ်တိရစ္ဆာန်တွေဖြစ်၍ သင်တို့တတွေဟာ အသိဉာဏ်ယှဉ်သောလူတွေပင် မဟုတ်ပါလား။ သို့အတွက် ယင်ကောင်၏ ပစ္စည်းရှာဖွေမှုကို ဖယ်ထား၍ ပျားကောင်၏ ပစ္စည်းစုဆောင်းရှာဖွေမှုကိုနည်းယူ၍ ရှာဖွေကြလော့၊ နောင်တ နောင်တနှင့် နောင်မှရအဖြစ်မျိုး မရောက်ရအောင် အချိန်မှီ ကြိုးစားရှာဖွေလော့။

မန်လည်ဆရာတော်က "လောကဥ္စတွင်၊ ပျားနှင့် ယင်ကို၊ မျက်မြင်ပုံထား၊ မောင်ရှုစားလော့၊ ပျားကားအုံပြု၊ အရည်စု၍၊ ထားမှုလိမ်မာ၊ နောင်ချမ်းသာ၏၊ ယင်းမှာသော်တုံ၊ ခမ်းဝရုံသာ၊ အုံကာသောက်စား၊ စုမထား၍၊ ရှာဖြားမပြတ်၊ မရငတ်၏၊ ဆတ်ဆတ်မုချ၊ အလသဖြင့်၊ ငယ်ကပျင်းသူ၊ ကြီးမှူ ဆင်းရဲ၊ ရစမြဲတည်း" ဟု ဆိုထားသည်။

ငယ်ရွယ်စဉ် ပစ္စည်းဥစ္စာ ရှာဖွေလျှင် ချမ်းသာသုခရ၍ မရှာဖွေလျှင် ဆင်းရဲဒုက္ခနှင့် ရင်ဆိုင်ကာ အချိန်လွန်မှ နောင်တ ရတတ်ကြသည်။ ဘိန်းကုန်ကူး၍ စီးပွားရှာခြင်း၊ လာဘ်စား၍ စီးပွားရှာခြင်းစသော ယုတ်မာသော အသက်မွေးခြင်းများကို လည်း ရှောင်ရှားစွန့်ပယ်သင့်ကြပေသည်။

## (၂) ပညာသင်ကြားခြင်း

"အသက်မွေးမှုတခု ပညာကိုယ်စီပါ"ဆိုသောစကားအတိုင်း မိမိတို့၏ အသက်မွေးမှုအတွက် အတတ်ပညာတခု တတ်မြောက်ကြရပေမည်။ အတတ်ပညာဟူသည် သင်ယူလျှင် တတ်မြောက်စမြဲသာဖြစ်သည်။

လောက၌ တောင်ကြိုတောင်ကြားပေါ်၌ ပေါက်ရောက်၍ နေကြသော ဆူးများကို မည်သူတဦးတယောက်မျှ ချွန်ပေးရသည်မဟုတ်ဘဲ အလိုလိုချွန်တက်နေဘိသကဲ့သို့၎င်း၊ သမင်တို့၏ မျက်စိကို မည်သူတဦးတယောက်မျှမျက်စဉ်းခပ်မပေးရဘဲအလိုလိုကြည်လင် တောက်ပသကဲ့သို့၎င်း၊ ရှုံ့ညွန်တွင်း၌ ပေါက်သော ကြာပန်းများကို မည်သူမျှ ရေမွှေးနံ့ထည့်မပေးရဘဲ အလိုလိုမွှေးကြိုင်ဘိသကဲ့သို့၎င်း၊ များလှစွာသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မည်သူ၏ အတိုက်အတွန်း နှိုးဆော်ခြင်းကို မခံယူဘဲ မိမိတို့ကိုယ်တိုင်သာ အားထုတ်သင်ယူသင့်ကြသည်။

သင်ကြားနာယူလျှင် တတ်မြောက်သည် ဆိုရာ၌ လူသားများကို မဆိုထားဘိ၊ တိရစ္ဆာန်ဖြစ်သောမျောက်၊ ကျေးသား၊ သာလိကာ စသောသတ္တဝါများသည်ပင် တတ်မြောက်နိုင်တုံသေး၏။ လူများကား ဆိုဘွယ်ရာပင်မရှိချေ။

"ပညာရွှေအိုး-လူမခိုး" ဆိုသော ပေါရာဏ စကားသည်လည်း အလွန်မှန်သည်။ ဥစ္စာပစ္စည်းသည် သခါရဖြစ်၍ တနေ့

ပျက်စီးသွားနိုင်သည်၊ သူခိုး ခိုးယူနိုင်သည်၊ မီးလောင်နိုင်သည်၊ ရေကြောင့် ပျက်စီးနိုင်သည်၊ ပျက်စီး၍ မသုံးနိုင် ဖြစ်သည်၊ တတ်မြောက်ထားသော ပညာသည်ကား အန္တရာယ်မျိုးနှင့်တွေ့ ကြုံစေကာမူ မပျက်စီးနိုင်ပေ။ ခိုးယူ၍လည်း မရ၊ တန်ဘိုးဖြတ်၍လည်း မဖြစ်နိုင်သည်သာ ဖြစ်သည်။

## တိရစ္ဆာန်ချင်းမတူ

တိရစ္ဆာန်တို့တွင် မျောက်သတ္တဝါသည် ဦးခေါင်း၊ လက်၊ ခြေ၊ မျက်နှာ၊ လူသား သတ္တဝါတို့နှင့် တူလှချေ၏။ သို့သော် ငြားလည်း လူသတ္တဝါများကဲ့သို့ ပညာ အမြော်အမြင် မရှိ၍ မိမိကိုယ်ကို မိုးလုံအောင် မလုပ်တတ်၊ မိုးရွာလျှင် မိုးရေထဲ၌ ဒုက္ခခံကြရသည်။

စာသူငယ်များသည်ကား– သေးငယ်သောသတ္တဝါများပင် ဖြစ်စေကာမူ မျောက်သတ္တဝါထက် ပညာရှိ၏၊ ဆန်းကြယ်သော အသိုက်အအုံကို ဆောက်လုပ်တတ်ကြ၏၊ မိုးလုံစွာ နေကြရ၏။ နေပူဒုက္ခကို မခံကြရပေ၊ တိရစ္ဆာန်ချင်းပေမဲ့ ပညာအဆင့် အတန်း ကွာခြားနေခြင်းသည်ကား ဆန်းကြယ်လှပေသည်။

ထို့ကြောင့် မန်လည်ဆရာတော်ကြီးက "လူတွင် ဉာဏ်မဲ့၊ ကျိုးမဟဲ့ဘူး၊ အကဲ့လည်းကောင်း၊ တောမျောက် ပေါင်းတို့၊ ဦးခေါင်း၊ ခြေ၊ လက်၊ မျက်ခွက်၊ မျက်နှာ၊ ပမာတမူ၊ လူနှင့်တူလည်း၊ လူသို့ပညာ၊ မရှိ ါ၍၊ အိမ်ရာတင်းကုပ်၊ ဆောက်လုပ်သေသပ်၊ မပြုတတ်ကြောင့်၊ မိုးစွတ်နေပူ၊ မဟူစပါ၊ ခံရ

စွာ၏၊ ပညာပြည့်ကြွယ်၊ ဝေသုယယ်မူ၊ ဆန်းကြွယ်ဝိပ်မြူ၊ သိုက်အအုံနှင့်၊ မိုးလုံနေလှတ်၊ ပူမစွတ်ဘဲ၊ ကြည်နူတ်ချမ်းမြ၊ ခိုလှုံရ၏”ဟု မိန့်တော်မူခဲ့သည်။

## ပညာမသင်လိုသူများသတိ

ချစ်သားချစ်သမီး အညွန့်တလူလူနှင့် တက်သစ်စကျောင်းသူ ကျောင်းသားကလေးတို့— အတတ်ပညာကို သင်ယူကြလော့၊ အဘယ်အတွက်ကြောင့် အပျင်းထူချင်ကြပါသနည်း။ နေ့တိုင်း နေ့တိုင်း၊ နာရီတိုင်း နာရီတိုင်း အချိန်မဖြုန်းဘဲ အတတ်ပညာ သင်ကြပါလော့၊ အတတ်ပညာ ဒီဂရီမရသောသူသည် သူတပါး၏ဝန်ထမ်းမင်းစေ သူ့ကျွန်စသည် ဖြစ်တတ်၏။ အတတ်ပညာ ရှိသောသူကိုသာလျှင် လောက၌ လူရာဝင်၍ အချီးအမြှောက် ခံရသည်။

## သားသမီးများ၏ နံပါတ် (၁) ရန်သူ

သားငယ်သမီးငယ်ကို အတတ်ပညာသင်မပေးသော မိဘ နှစ်ပါးသည် ရန်သူမည်၏။ ရွှေဟင်္သာတို့၏ အလည်၌ ဗျိုင်း သည် မတင့်တယ်သကဲ့သို့ ပညာရှိသောသူတို့၏အလည်၌ ပညာ မရှိသောသူသည် မည်သည့်နည်းနှင့်မျှ မတင့်တယ်နိုင်၊ အဘယ် အကြောင်းကြောင့် လူအဆင့်အတန်းမမှီသနည်း။ အခြား အ ကြောင်းအနည်းငယ် ပါမည်ဖြစ်သော်လည်း နံပါတ်(၁)ရန်သူ ကား သားငယ်သမီးငယ်ကို ပညာသင်မပေးသော မိဘသာလျှင် ဖြစ်ချေသည်။

## ပညာမပါအရသာမရှိ

ထုံးမပါသောကွမ်းသည် အရသာမရှိ၊ ပညာမရှိသောသူ၏ တန်ဆာဆင်ခြင်းသည်ကား အချည်းနှီး၊ ဆားမပါသော စားဘွယ်သည် ပေါ့ပျက်ပျက်၊ အတတ်ပညာမပါသူ၏ ပျို့ကဗျာဖွဲ့ခြင်း၊ စကားဆိုခြင်းသည်ကား အနှစ်သာရကင်းမဲ့၍ အရသာမရှိဟူ၍ စတုရင်္ဂဗလ အမတ်ကြီးက လောကနီတိကျမ်း၌ ဆိုထားသည်။

ငယ်ရွယ်စဉ်ချိန်ခါ၌ အတတ်ပညာ ပြည့်စုံအောင် သင်ကြားထားလျှင် ချမ်းသာသုခရ၍ မသင်ကြားလျှင် ဒုက္ခနှင့်ရင်ဆိုင်ကာ အချိန်လွန်မှ နောင်တရတတ်ကြသည်။

## (၃) ဂုံးချောခြင်းမှ ရှောင်ကြဉ်ခြင်း

ပုဂ္ဂိုလ်နှစ်ယောက် ညီညွတ်နေမှု ချစ်ခင်နေမှုကို ကြိတ်ချေတတ်၊ မှန်မှန်ညက်ညက်ပြုတတ်သောစကားကိုပြောဆိုကြောင်း စေတနာသည် ပိသုဏဝါစာ ဂုံးချောစကား မည်လေသည်။

### ဥပမာ

မောင်မြနှင့် မောင်ဘ အလွန်ခင်မင်၏၊ ရင်းနှီး၏၊ ချစ်ကြွမ်းဝင်၏၊ မောင်လှသည် မောင်မြနှင့် မောင်ဘ ညီညွတ်စွာ ပေါင်းသင်းဆက်ဆံနေရာ၌ "မောင်မြက မင့်ကို မကောင်းပြောတယ်"စသည်ဖြင့် ကွဲပြားသွားအောင် ရန်တိုက် စကားဖြင့် မောင်ဘကို ပြောဆိုသည်။ မောင်မြနှင့် မောင်ဘ ကွဲပြားစေ

လိုသော မောင်လှသည် ဂုံးချောစကား ပြောကြားသည် မည်လေတော့သည်။

မောင်လှသည် မောင်မြနှင့် မောင်ဘ ကွဲပြားစေလိုသော စေတနာဖြင့် ဂုံးချောစကား ပြောကြားငြား သော်လည်း ကာယကံရှင် မောင်ဘက ယုံကြည်မှုတဲ့သား အထင်မှားကာ မောင်မြအပေါ် အချစ်ပျက်ပျယ်မှ သာလျှင် ပိသုဏာဝါစာကံ မြောက်သည်။ ကာယကံရှင် မောင်ဘက မယုံကြည်ပါလျှင် ပိသုဏာဝါစာသည် ကမ္မပထ မမြောက်နိုင်ပေ။ ကမ္မပထ မမြောက်လျှင် အနည်းငယ်သာ အပြစ်ရှိသည်။

အင်္ဂါ (၄) ပါး

(၁) ခွဲအပ်သော သူတပါးရှိခြင်း၊ (၂) ဤသို့ခွဲလိုက်သည် ရှိသော် အကွဲကွဲဖြစ်ကုန်လိမ့်မည်ဟု ကွဲပြားခြင်းကို ရှေ့သွားပြုခြင်း၊ (၃) ထိုရှေ့သွားပြုခြင်း အားလျော်သော လုံ့လကို ဖြစ်စေခြင်း၊ (၄) အပြောခံရသူ၏သိရှိနားလည်ခြင်း၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော် သာလျှင် ကမ္မပထ မြောက်သည်။

အခွဲခံရသူသည် သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် မပြည့်စုံဘဲ ယုတ်မာသောသူဖြစ်အံ့၊ ခွဲသောသူ၌ အပြစ်နည်းသည်၊ သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့် ပြည့်စုံ၍ မြတ်သောသူဖြစ်မူကား ခွဲသောသူ၌ အပြစ်ကြီးလှသည်။

## အပြစ်များသောအလုပ်

ဂုံးချောခြင်းသည် ပစ္စက္ခ၌လည်းမကောင်း၊ သံသရာ၌လည်း မကောင်းပေ၊ ဂုံးချောသဖြင့် စားလည်းမစားရ၊ သောက်လည်း မသောက်ရပေ၊ မစားရမသောက်ရဘဲလျက် အပြစ်များလှသော အလုပ်ဖြစ်သည်။

အို—ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့- ဂုံးချော တတ်ခြင်း အလေ့ဝါသနာဆိုးကို တံထွေးပေါက်ပမာ စွန့်ပစ် ပယ်ခွါကြပါကုန်လော့၊ ငယ်ရွယ်စဉ် မသိမလိမ်မာစဉ် အချိန် အခါ၌ အပြစ်ကြီးလေးမှုကို နားမလည်သေး၍ မရှောင်ကြဉ် နိုင်စေကာမူ၊ နောက်ဆုံး ကာလ၌ နောင်တရနေတတ်ကြသည်။

### (၄) အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း

သူတပါးအသက်ကို သတ်ဖြတ်ညှင်းဆဲသောသူသည် ပါဏာ တိပါတကံကို လွန်ကျူးသောသူမည်၏။ ကိုယ်ချင်းစာ တရား ရှိသူမှန်လျှင် သူတပါး အသက်ကို သတ်ဖြတ် ညှင်းဆဲခြင်းမှ ရှောင်ကြဉ်သင့်သည်။

#### ရှောင်လျှင်အကျိုး

၁။ အသက်ရှည်ခြင်း၊ ၂။ အနာကင်းခြင်း၊ ၃။ ခွန်အား ဗလကြီးမားခြင်း၊ ၄။ မိမိနှစ်သက်သောဥစ္စာအခြွေအရံ မိမိနှင့် မကင်းကွာဘဲမြဲခြင်း၊ ၅။ ရန်သူမျိုးကင်းခြင်း၊ ၆။ သတ္တဝါ အများ ချစ်ခင်ခြင်း၊ ၇။ သူတပါးတို့လုံးလပယောဂဖြင့် မသေ နိုင်ခြင်း။

## လွန်ကျူးလျှင် အပြစ်

(၁) အရုပ်ဆိုးကာ အသက်တိုခြင်း၊ (၂) အနာရောဂါ များခြင်း၊ (၃) ကိုယ်လက်အင်္ဂါ မသန်စွမ်းခြင်း၊ (၄) အခြေအရံကင်းခြင်း၊ (၅) ရန်များခြင်း၊ (၆) အားလုံးသည့်ဝါများ မုန်းခြင်း၊ (၇) သူတပါး လုံးလပယောဂဖြင့် သေရခြင်း။

သူတပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်လျှင် အထက်ပါ အကျိုး (၇)ပါးကိုရရှိ၍ သူတပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲပါလျှင် အထက်ပါအပြစ် (၇) ပါးကို ရရှိခံစားရပေမည်။

## အင်္ဂါစုံလျှင် ကံမြောက်

၁။ ပညတ်သဘောအားဖြင့် သတ္တဝါ၊ ပရမတ္ထ သဘာဝအားဖြင့် ရုပ်နာမ်ဇီဝိတဖြစ်ခြင်း၊ ၂။ သတ္တဝါဟု အမှတ်ရှိခြင်း၊ ၃။ သေစေလိုသော စိတ်ရှိခြင်း၊ ၄။ ကိုယ်နှုတ်တို့ဖြင့် လုံ့လပြုခြင်း၊ ၅။ ထိုလုံ့လဖြင့် သေခြင်း၊ ဤအင်္ဂါစုံညီမှသာလျှင် ပါဏာတိပါတကမ္မပထ မြောက်သည်၊ အင်္ဂါမစုံလျှင် အနည်းငယ်သာ အပြစ်ရှိသည်။

သတ္တဝါသေးငယ်လျှင် သော်၎င်း၊ လူ ဒုဿီလ ဖြစ်သော်၊ ၎င်းသတ်သောသူ၌ အပြစ်နည်းသည်၊ သတ္တဝါကြီးလျှင် လုံ့လပို၍ အပြစ်ကြီးသည်၊လူသီလဝန္တဖြစ်လျှင်လည်း အပြစ်ကြီးသည်၊ ရဟန္တာ၊ အမိအဘတို့ကို သတ်လျှင် အလွန်ကြီးသောအာနန္တရိယကံကြီးထိုက်သည်။

## ကိုယ်ချင်းစာတရား လက်ကိုင်ထား

အို....သူတော်စင်အပေါင်းတို့- အဘယ့်ကြောင့် သူ့ဘပါး အသက်ကို သတ်ရက်ကြပါ သနည်း။ သံသရာ ခရီးသည်ချင်း အတူတူပင် မဟုတ်ပါလော၊ သင်တို့ ငါတို့သည် ကုသိုလ်ကံ အဟုန် မြင့်တင်လိုက် သဖြင့် အထက်တန်းကျ လူ့ဘဝကို ရကြသည်။ သင်တို့ ငါတို့မှာလည်း ကံနည်းသည့် အသက်ခံ၊ အညှင်းဆဲခံ တိရစ္ဆာန်ဘဝကို အဆင်မသင့်သော တနေ့၌ ရကြ ဦးမည်ပင် မဟုတ်လော၊ ကိုယ်ချင်းစာတရား လက်ကိုင်ထားကြ ပါကုန်လော့၊ သတ္တဝါများကို ရင်ဝယ်သားကဲ့သို့သနားကြင်နာ ကြပါလော့၊ ငယ်ရွက်စဉ်အချိန်၌ ကိုယ်ချင်းစာတရား မထား တတ်သေး၍ ရှောင်ကြဉ်နိုင်ရန် ခဲယဉ်းစေကာမူ နောက်ဆုံး ကာလ၌ နောင်တရနေတတ်ချေသည်။

### (၅) ကာမကျူးခြင်းမှ ရှောင်ခြင်း

လူနတ်တိရစ္ဆာန်အားလုံးသော ကိလေသာမကုန်သေးသော သတ္တဝါမှန်သမျှသည် ကာမကို နှစ်သက်ကြသည်သာ ဖြစ်သည်။ ကာမကိုခုံကြိုက် မနှစ်သက်သော သတ္တဝါသည်ကား အနည်း ငယ်မျှသာဖြစ်သည်။ နတ်ပြည်၌ ကြီးကျယ်ခမ်းနားစွာ အထက် တန်းကျကျ ကာမကို ခံစားကြသည်။ လူ့ပြည်၌လည်း ထိုက် သည်အားလျော်စွာ အဆင့်အတန်းအလိုက် ခံစား ကြသည်။ တိရစ္ဆာန်တို့သည်လည်း သူတို့၏ဘာသာအားလျော်စွာ ခံစား ကြသည်။

မိမိပိုင်ဆိုင်သော ကာမခံစားမှုကို အပြစ်မပြောလို သော်လည်း လွန်ကျူးကျော်နင်း၍ ယောကျ်ားဖြစ်လျှင် မိမိမယားမှ တပါးသော မယားငယ်၊ မယားမျှောင်၊ အချောင်ပျော် မယားတို့၌ မှားယွင်းစွာ ကျင့်ခြင်းမျိုးကိုကား ဗုဒ္ဓဒေသနာတော်အရ အပြစ်ကြီးလေးလှသည်ဖြစ်၍ ရှောင်ရှားပယ်စွန့်သင့်ကြသည်။

## ကာမေသုမေစ္ဆာစာရ ဖြစ်မဖြစ်

မိမိလင်ယောကျ်ား မိမိမယားဖြင့်သာ ဘင်းတိမ်ရောင့်ရဲသင့်ကြသည်။ အမိစောင့်သောမိန်းမ၊ အဘစောင့်သောမိန်းမ၊ မိဘနှစ်ပါးစောင့်သောမိန်းမ၊ အမညီမစောင့်သောမိန်းမ၊ မောင်ကြီးမောင်ငယ် စောင့်သောမိန်းမ၊ ဆွေမျိုး စောင့်သော မိန်းမ အနွယ်တူလူတို့ စောင့်သောမိန်းမ၊ တရားကျင့်ဖော်တို့ စောင့်သောမိန်းမ၊ ဤရှစ်ယောက်သောမိန်းမမျိုးသည် မိမိ ကာမကို သူများအားပေးသော်လည်း ကာမေသုမိစ္ဆာစာရမဖြစ်၊

မင်းဒဏ်မကင်းသော မိန်းမ၊ အခေါင့် အရှောက် ခိုသော မိန်းမ၊ ဥစ္စာဖြင့် ဝယ်အပ်သောမိန်းမ၊ သဘောတူသဖြင့် သူအိမ်၌ သွားရောက်နေထိုင်သောမိန်းမ၊ စည်းစိမ်ဥစ္စာ အတွက် သွားရောက်နေထိုင်သော မိန်းမ၊ အဝတ်တန်ဆာအတွက် နေထိုင်သောမိန်းမ၊ ရေခွက်၌ လက်စုံချ၍ သိမ်းမြားသော မိန်းမ၊ ခေါင်းခုကိုချ၍ နေသောမိန်းမ၊မယားပြုရန် သိမ်းပိုက်အပ်သော သုံ့ပန်းမိန်းမ၊ အစေခံမယားမိန်းမ၊ ကျွန်မ, မယား မိန်းမ၊

တခဏမယားမိန်းမ၊ ဤဆယ့်နှစ်ယောက်သော မိန်းမမျိုးသည် မိမိကာမပိုင်မှ တပါးသော ယောကျ်ားကို ကာမ ပေးလျှင် ကာမေသုမိစ္ဆာစာရဖြစ်သည်။

ဖေါ်ပြပါ(၂၀)သောမိန်းမတို့တွင် (၈)ယောက်သော မိန်းမတို့သည် ကာမပိုင်ယောကျ်ားမရှိသော မိန်းမများဖြစ်ကြသည်။ မိမိတို့ကာမအတွေ့ကို မိမိတို့ သဘောရှိပေးနိုင်ကြသည်။ မိဘစသည်တို့က စောင့်ရှောက်ငြားသော်လည်း သူတပါးတို့မစော်ကားနိုင်ရုံသာ စောင့်ရှောက်ခြင်း ဖြစ်သည်။ ကာမကို မိဘစသည်တို့ မပိုင်ကြသည်သာ ဖြစ်သည်။

သို့အတွက် ထိုမိန်းမ (၈)ယောက်တို့သည် မိမိ သဘောတူသူအား ကာမကိုပေးရာ၌ ကာမေသု မိစ္ဆာစာရ ကမ္မပထ မမြောက်ပေ။ သို့သော် အရှက်တကွဲအကျိုးနဲ ဖြစ်ရခြင်းကားရှက်ဖွယ်ရာပင် ဖြစ်သည်။

ကြွင်းသော (၁၂)ယောက်သောမိန်းမတို့သည် မိမိ ပိုင်ဆိုင်သောယောကျ်ားများနှင့်သာ ပျော်ပါးခွင့်ရှိသည်။ မိမိကာမကို အခြားယောကျ်ားတို့အား ပေးလျှင် ခိုး၍ပေးရာ ရောက်သောသောကြောင့် ကာမေသုမိစ္ဆာစာရပြစ်ရှိသည်။ ယောကျ်ားတို့မှာ ကိုယ်ပိုင်မယားမှ တပါး ဖေါ်ပြပါ (၂၀)သော မိန်းမတို့ကို ကျူးလွန်ရာ၌ ကာမေသုမိစ္ဆာစာရဖြစ်သည်။

## ကာမေသုမိစ္ဆာစာရအင်္ဂါ

၁။ မသွားလာထိုက်သော မိန်းမယောကျ်ားဟူသော အဂမနိယဝတ္ထုဖြစ်ခြင်း၊ ၂။ မှီဝဲလိုသောစိတ်ရှိခြင်း၊ ၃။ မှီဝဲမှုလို့လပ်ပြုခြင်း၊ ၄။ မဂ်အချင်းချင်းကျင့်ခြင်းကို သာယာခြင်း။

## ကာမေသုမိစ္ဆာစာရ အပြစ်

၁။ ချစ်သူနှင့်ကွေကွင်းရခြင်း၊ ၂။ နပုန်းပဏ္ဍုက် ဖြစ်ရခြင်း၊ ၃။ မိန်းမဇာတ်၌ ဖြစ်ရခြင်း၊ ၄။ ရန်များခြင်း၊ ၅။ လူခပ်သိမ်းတို့မုန်းခြင်း၊ ၆။ စိတ်မတည်ငြိမ်ခြင်း၊ ၇။ မျက်မာန်ကြမ်းကြုတ်ပြုမူသုံးဆောင်ခြင်း။

## ကာမေသုမိစ္ဆာစာရ ရှောင်ကြဉ်ကျိုး

၁။ ချစ်သောသူတို့နှင့်မကွေကွင်းရခြင်း၊ ၂။ နပုန်းပဏ္ဍုက် မဖြစ်ရခြင်း၊ ၃။ မိန်းမဇာတ်၌ မဖြစ်ရခြင်း၊ ၄။ ရန်ကင်းခြင်း၊ ၅။ လူခပ်သိမ်းတို့ ချစ်ခင်ခြင်း၊ ၆။ စိတ် တည် ငြိမ် ခြင်း၊ ၇။ မျက်မာန်ကြမ်းကြုတ်မပြုဘဲ သုံးဆောင်ရခြင်း။

## ဆုံးဖြတ်ချက် အမျိုးမျိုး

မှောင်အတွင်း၌ သူ့မယားကို ကိုယ့်မယား ထင်မှတ်၍ သွားလာသောယောကျ်ား၊ မိမိလင်ယောကျ်ားထင်မှတ်၍ သည်းခံသောမိန်းမတို့၌ အဂမနီယဝတ္ထု ဖြစ်ခြင်းစသော ဖေါ်ပြပါ အင်္ဂါ (၄)ပါးနှင့် ညီညွတ်သောကြောင့် ကာမေသုမိစ္ဆာစာရ ဖြစ်သည်ဟု ဆုံးဖြတ်ကြသည်။ သို့သော် ခိုးယူလိုသော စိတ် မပါဘဲ အထင်မှား၍ ဖြစ်ရသောကြောင့် အပြစ်ကြီး လှမည် မထင်ပေ။

သမီးရင်းကို ကျူးလွန်သောအဘ၌ သမီးကို မိခင်က တဖက်တလမ်း စောင့်ရှောက်လျက်ရှိသေးလျှင် ကာမေသု မိစ္ဆာ

စာရဖြစ်သည်။ မိခင်မရှိသော်ငြား၊ သို့မဟုတ် မစောင့်ရှောက်ဘဲ ထားသော်ငြား မိစ္ဆာစာရမဖြစ်ပေ၊ သို့သော် စေတနာကား ယုတ်မာဆိုးဝါးလှချေသည်။

အဘအိမ်နေသော မိခင်မရှိသောသမီး၌ အဘ အစောင့်အရှောက်သာ လိုရင်းဖြစ်သည်။ အမ၊ ညီမ၊ မောင်ကြီး မောင်ငယ်စသည်တို့သည် လိုရင်းမဟုတ်ကြပေ။ အဘနှင့်အတူ မနေဘဲ ညီမစသည်နှင့် အတူနေသော်ငြား၊မမွေရက္ခိတဖြစ်၍ သီလချင်ပြုနေသော်ငြား မိမိသမီးကိုလွန်ကျူးသောအဘ၌ ကေန်မိစ္ဆာစာရဖြစ်သည်။

ပိုက်ဆံအခပေး၍ ပျော်ပါးသွားလာရသော ပြည့်တန်ဆာမတို့၌ မိဘစသည်တို့က မကျေနပ်စေကာမူ မိန်းမထိန်းကတနည်းနည်းဖြင့် ပိုင်နေပြီဖြစ်သဖြင့် မိန်းမထိန်းက ကျေနပ်လျှင် တခဏမျှ ပေါင်းဖော်ရသောမယားမျိုးဖြစ်သောကြောင့် သွားလာပျော်ပါးသော ယောကျ်ားတို့၌ မိစ္ဆာစာရ ဖြစ်မရှိသည်သာဖြစ်သည်။

တိရစ္ဆာန်မတို့၌ အမြဲလင်ဖြစ်သော တိရစ္ဆာန်ထီး ရှိလျှင်သော်ငြား၊ နဂါးစသည်တို့ကဲ့သို့ သက်ဆိုင်ရာမိဘတို့က စောင့်ရှောက်ထားလျှင်သော်ငြား၊ သွားလာသော ယောကျ်ားတို့၌ မိစ္ဆာစာရဖြစ်ရှိသည်။ ထိုကဲ့သို့မဟုတ်လျှင် မိစ္ဆာစာရ ဖြစ်မရှိ၊ အရှင်းမ၌ မိဘစသည်တို့က အုပ်ထိန်းလျက် ရှိသေးလျှင် မိစ္ဆာစာရဖြစ်ရှိသည်။ အအုပ်အထိန်းမရှိဘဲ လေလွင့်နေသောအရှင်းမ၌ကား သာရက္ခာသပရိဒဏ္ဍာတို့နှင့်လည်း မသက်ဆိုင် သဖြင့် မိစ္ဆာစာရဖြစ်ဘွယ် မရှိချေ။

အို....အမျိုးသားအမျိုးသမီးအပေါင်းတို့-၊ မိမိပိုင် မယား၊ မိမိပိုင်ယောကျ်ားမှတပါးသောမိန်းမ-ယောကျ်ားတို့၌ မှားယွင်း ဖေါက်ပြန်ကျင့်ခြင်း၊ လွန်ကျူးခြင်းမှ ရှောင်ကြဉ်ကြပါလော့၊ ကိုယ့်သားကိုယ့်သမီးပမာကိုယ်ချင်းစာတရားထားကြပါလော့၊ မရှောင်ကြဉ်ဘဲ လွန်ကျူးမှောက်မှားမိလျှင် နောင်တစနေ့၌ "ငါ သည် မတော်ရာကို ပြုကျင့်မိပြီ" ဟု နောင်တရနေတတ် ချေသည်။

## (၄) ပေးကမ်း လှူဒါန်းခြင်း

ပေးကမ်း လှူဒါန်းခြင်းသည် ဒါန မည်သည်၊ ထိုဒါနသည် စေတနာဒါန ဝတ္ထုဒါန ဟူ၍ နှစ်မျိုးရှိသည်။ စွန့်ကြဲပေးကမ်း လှူဒါန်းဘွယ် ဝတ္ထုပစ္စည်း များသည် ဝတ္ထု ဒါန မည်သည်။ ထိုပစ္စည်းဝတ္ထုကိုအကြောင်းပြု၍ အလှူရှင်၏သန္တာန်၌ ဖြစ်ပေါ် လာသော ဝမ်းမြောက်သောစိတ်၊ ထိုစိတ်နှင့်ယှဉ်သောစေတနာ သည် စေတနာဒါနမည်သည်။

ထိုနှစ်မျိုးသောဒါနတို့တွင် စေတနာဒါနသည်သာ ဒါနရှင် နောက်သို့ လိုက်၍ သံသရာတလျှောက်၌ အကျိုးပေးသည်၊ ဝတ္ထုဒါနသည် အာရုံအကြောင်းမျှသာ ဖြစ်သည်။

ထိုဒါနသည် မှီရာဟူသော အနက်သဘောကြောင့် နဝရတ် ကုံးသွယ်ဖြင့် ချယ်လှယ်မွမ်းမံအပ်သော ခြသေ့ရုပ်ခံသော ပလ္လင် ကြီးနှင့်တူသည်။ တည်ရာ ဟူသော အနက် သဘောကြောင့် မြေကြီးနှင့်လည်း တူသည်။ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ကြောင်း

လွတ်ရာ ထွက်မြောက်ရာဖြစ်ခြင်းကြောင့် သဘောကြီးနှင့်လည်း တူသည်၊ နှမြော တွန့်တိုခြင်း စသော အညစ်အကြေး အပြစ်ဘေးတို့ ရောထွေး လိမ်းကပ်ခြင်းငှါ မစွမ်းနိုင်သော အနက်သဘောကြောင့်အသပ်တရာ ပဒုမ္မာကြာငုံ ကြာဖူးကြီးနှင့်လည်း တူသည်၊ ကြောက်ရွံ့ထိပ်လန့်ခြင်းမှ လွတ်ကင်းစေတတ်သော အနက်သဘောကြောင့် သားများသေဌ်နင်းခြင်္သေ့မင်းနှင့်လည်း တူသည်၊ ကြီးကျယ်သော စွမ်းအားဗလကို ရစေတတ်သော အနက် သဘောကြောင့် ဆင်ပေါက်ကြီးနှင့် လည်း တူသည်၊ ကောင်းမြတ်သော မင်္ဂလာဟု သမုတ်အပ်သော အနက်သဘောကြောင့် နွားလားဥသဘကြီးနှင့်လည်း တူသည်၊ ဘေးကင်းရာ ဌာနသို့ ပို့ဆောင်နိုင်သောအနက်သဘောကြောင့် ဝလာဟက နတ်မြင်းပျံနှင့်လည်းတူသည်။

ဤမည်သောအလှူဒါနသည် သိကြားမင်း, ဗြဟ္မာမင်း, မာရ်မင်း, စကြာဝတေးမင်းတို့၏စည်းစိမ်ချမ်းသာကို ပေးနိုင်ရုံမျှမက သာဝကဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်တို့ကိုလည်းပေးစွမ်းနိုင်သည်ဖြစ်၍ အရာရာတွင်လည်းသိဒ္ဓိပြီးမြောက်ခရီးရောက်နိုင်သည်။

ဤမျှမက ဒါနသည် မယဉ်ကျေးသူကိုလည်း ယဉ်ကျေးလေအောင် သွေးဆောင်ဆွဲငင်တတ်သည်၊ သူတပါး ချစ်စေတတ်သော ပိယဆေးသဘွယ်လည်းဖြစ်သည်၊ ထို့ပြင် စေတနာသဒ္ဓါကြည်လင်စွာ ပေးလှူရခြင်းသည် ပစ္စည်းရသည်ထက်ပင် အားရ

ဝမ်းသာဖြစ်တတ်သည်၊ အကြောင်းမူကား သူတပါးပစ္စည်းကို ရခြင်းသည် နောက်နောင်ဘဝအကျိုးကို မရစေသော်လည်း ပေးလှူရခြင်း သည်ကား နောက်နောင်အရေးတွင် ပူဆွေးစိုးရိမ်မှု ကင်း၍ ချမ်းသာခြင်းသုခကို မုချရစေနိုင်သည်။

ဒါနနှင့် ပြည့်စုံသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် နိဗ္ဗာန်မရမီ သံသရာတခွင်မှာ အထက်တန်းကျကျ အကျိုးပေးသည်။ ဒါနကိုမပြုခဲ့သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ဖြစ်လေရာသံသရာတခွင်၌ ဆင်းရဲခြင်း အမျိုးမျိုးနှင့် တွေ့ကြုံရတတ်သည်။ ယခုကာလ၌ မရှိဆင်းရဲ၍ တောင်းရမ်းစားသောက်ရသောသူတို့သည် ရှေးဘဝများကဒါန ပြုခဲ့သောသူများပင် ဖြစ်ချေသည်။

ဗုဒ္ဓမြတ်စွာ ဗျာဒိတ်တော်ခံစဉ်က ပါရမီဆယ်ပါးကို ဆင်ခြင်ရာတွင် ဒါနပါရမီကို လက်ဦးစွာ ဉာဏ်အမြင်၌ ထင်မြင်တော်မူလာသည်။ ဗုဒ္ဓမြတ်စွာကိုယ်တော်မြတ်ကြီးက "သတ္တဝါများသည် ငါဘုရားကဲ့သို့ အလှူဒါန၏အကျိုးအာနိသင်ကို ကျနစွာ ကုန်စင်အောင် သိကြပါမူ မလှူဒါန်းမပေးကမ်းဘဲ ဘယ်အခါမှ စားသောက်နိုင်ကြမည်မဟုတ်ပေ"ဟု ဒါနကို ချီးမြှောက်၍ ဟောကြားတော်မူသေးသည်။

အို အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့ .... နိဗ္ဗာန်မရောက်မီ သံသရာတခွင် မဆင်းရဲလိုလျှင် အလှူဒါနပြုကြလော့၊ အထက်တန်းကျကျဖြစ်လိုကြလျှင် အလှူရေစက် လက်နှင့်မကွာ

ပြုကြလော့၊ ဒါနမပြုဘဲ ရှောင်လွှဲ၍ နေကြပါလျှင် နောင်တနေ့၌ "မလှူမိလေခြင်း"ဟု နောင်တ ရနေတတ်ချေသည်။

## (၇) မိဘနှစ်ပါးကို စောင့်ရှောက်ခြင်း

အနန္တငါးပါးတွင် ပါဝင်နေသော ကျေးဇူးရှင်မိဘနှစ်ပါးကို လူသားသတ္တဝါဖြစ်စေ၊ တိရစ္ဆာန်သတ္တဝါဖြစ်စေ လုပ်ကျွေးမွေးမြူ၍စောင့်ရှောက်သင့်သည်သာ ဖြစ်သည်။

"ဘုရားလောင်းတို့ လွှဲပြောင်း ဖေါက်ပြန် တိရစ္ဆာန် ဟု သဏ္ဍာန်ယုတ်မာ ဖြစ်သောခါလည်း ပညာဇာတိ မွေးမိ၊ မွေးဘ ပြုဘူး ကြသည် ရှေးက လမ်းဟောင်းစဉ်လာတည်း" ဟု သုတမဉ္ဇူ၌ ဆိုထားသည်။

## ကြွေးသစ်ကြွေးဟောင်း

လောက၌ လူတို့မွေးဖြင့် နောင်အခါဝယ် ငါတို့ကိုလုပ်ကျွေးမွေးမြူလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မိဘတို့က သားသမီးများကို အဝတ်အစားဆင်ယင်၍ အတတ်ပညာ သင်ကြားစေခြင်း စသည် သည် ကြွေးသစ်ချခြင်းမည်သည်။

ကျွေးမွေးခဲ့ဘူးသော ကျေးဇူးကို ထောက်ထား၍ ကျေးဇူးသခင်မွေးမိခင်၊ မွေးဘခင်တို့ကို သားသမီးများကခစားလုပ်ကျွေးခြင်း ပစ္စည်းဥစ္စာထောက်ပံ့ခြင်း စသည်သည် ကြွေးဟောင်းဆပ်ခြင်းမည်သည်။

"လောကဓမ္မတာ၊ လူ့ထံတွင်ဖြင့်၊ နောင်ခါထို့တူ၊ မွေးစိမ့်ဟူ၍၊ မွတ်ယူသောအား၊ သမီးသားကို၊ ဝတ်စားဆင်ယင်၊ သွန်သင်လုပ်ကျွေး၊ ပြုစုမွေးကား၊ ကြွေးသစ်ချသည့်၊ သဘောမည်၏၊ ရှင်ကြည်အထူး၊ မွေးခဲ့ဘူးသည့်၊ ကျေးဇူးသခင်၊ မွေးမိခင်နှင့်၊ ဘခင်တို့အား၊ ခစားမကင်း၊ လုပ်ကျွေးခြင်းမူ၊ မယွင်းပညတ်၊ ကျွေးဟောင်းဆပ်တည်း"ဟု မဃဒေဝ၌ ဆိုထားသည်။

## မိဘလုပ်ကျွေးခြင်းအကျိုး

သုဝဏ္ဏသာမဇာတ်တော်ကြီး၌ မိဘလုပ်ကျွေးခြင်း၏အကျိုးကို ဘုရားလောင်းတော်သုဝဏ္ဏသာမသည် ပိဠိယက္ခမင်းကြီးအား အောက်ပါအတိုင်း ဟောကြားထားသည်။

မြတ်သောမင်းကြီး အကြင်သတ္တဝါသည် အမိကိုဖြင်း အဘကိုဖြင်း တရားသဖြင့် ကျွေးမွေးပေ၏၊ အမိအဘကို လုပ်ကျွေးသော ထိုသူကို နတ်တို့သည်လည်း ဆေးကုကုန်၏။

မြတ်သောမင်းကြီး အကြင်သတ္တဝါသည် အမိကိုဖြင်း အဘကိုဖြင်း တရားသဖြင့် မွေးမြူ၏၊ အမိအဘကို မွေးမြူသော ထိုသူကို ပစ္စုပ္ပန်ဘဝ၌မင်လျှင် ခြီးမွမ်းကုန်၏၊ တမလွန်ဘဝဝယ် နတ်ပြည်၌ မွေ့လျော်ရ၏။

## ရဟန်းများပင် လုပ်ကျွေးသင့်

မာတုပေါသက ဇာတ်တော်၌ ဆင်းရဲဒုက္ခ ရောက်နေသော အမိအဘကို ရဟန်းတော်ကလေးတပါးက ဆွမ်းခံ၍ ကျွေးမွေးသည်၊ မြင်ကြသောအခြားရဟန်းတော်များက လူဝတ်ကြောင် အမိအဘကို သင်္ကန်းဝတ်ရဟန်းတော်က ဆွမ်းခံ၍ မကျွေးမွေးသင့်ကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားသည်။

ဗုဒ္ဓမြတ်စွာက သာဓု (၃) ကြိမ်ခေါ်၍ အမိအဘကို လုပ်ကျွေးသော ရဟန်းတော်အား ချီးမွမ်း ထောပနာပြုရုံမျှ မက မိဘကိုလုပ်ကျွေးခြင်းမည်သည် လူဖြစ်စေ ရဟန်းဖြစ်စေ အကျိုးရနိုင်သည်သာ ဖြစ်ကြောင်းနှင့် ရှေးသူဟောင်းတို့၏ အစဉ်အလာတရပ်ဖြစ်ကြောင်းကိုပါ ကိုယ်တော်ကလေးဘက်က ထောက်ခံကာ ဟောကြားတော်မူသည်။

သို့အတွက် ရဟန်းတော်များပင် အမိအဘကို လုပ်ကျွေးမွေးမြူထိုက်သဖြင့် လူဝတ်ကြောင်များကိုကား ပို၍ပင် လုပ်ကျွေးမွေးမြူထိုက်လှပေသည်။

### မင်္ဂလာမည်ပုံ

အမိအဘကို လုပ်ကျွေးမွေးမြူခြင်းသည် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတွင် တပါးအပါအဝင်ဖြစ်၍ မင်္ဂလာ မည်သည်၊ "မာတာပိတု ဥပဋ္ဌာနံ၊ အမိအဘနှစ်ပါးတို့ကို လုပ်ကျွေးမွေးမြူရခြင်း" ဤသို့မင်္ဂလသုတ်၌ ဗုဒ္ဓမြတ်စွာ ဟောကြား ထားသည်။

၁၄၄၉၂

## မိဘအရိပ်အေးမြပုံ

အသက်အရွယ်ကြီးရင့်၍ လေးစားထိုက်သော အမိအဘတို့၏ အရိပ်အာဝါသလောင်းရိပ်ကို ခိုလှုံချဉ်းကပ်၍ နေထိုင်ရခြင်းသည် အလွန်ကျက်သရေရှိလှသည်၊ အလွန် ဂုဏ်တက်လှသည်၊ အမိအဘများ အသက်ထင်ရှားရှိစဉ်တွင် အမှုမဲ့ အမှတ်မဲ့ နေထိုင်ခဲ့သဖြင့် အမိအဘအရိပ်အာဝါသ အေးမြပုံကို မသိစေကာမူ အမိအဘ ကွယ်လွန်သွားပြီဆိုမှဖြင့် သိသိသာသာကြီး မိဘအရိပ်အေးမြပုံကို ရိပ်မိလာတတ်ကြသည်၊ အရိပ်အာဝါသ ကောင်းသောသစ်ပင်ကြီး လဲကျသွားသလို နှမြောတသလျက် နောက်မှ အားကြီး အမှတ်ရနေတတ်ကြသည်။

## တိုက်တွန်းချက်

အို အမျိုးသားအမျိုးသမီးအပေါင်းတို့.... ယခု မျက်မှောက် လောက၌ရင်း နောင်လာမည့် ဘဝများ၌ရင်း ကောင်းစားလိုကြပါလျှင် သားသမီး ကျင့်ဝတ် ငါးပါးနှင့် ညီစေကာ အမိအဘ နှစ်ဖြာကို ကောင်းမွန်စွာ စောင့်ရှောက် ပြုစု လုပ်ကျွေး မွေးမြူကြပါ ကုန်လော့၊ အမြတ်ဆုံး ဗုဒ္ဓမြတ်စွာသော်မှ မယ်တော် ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားကို ကျေးဇူးဆပ်သည့် အနေဖြင့် အဘိဓမ္မာတရားကို တာဝတိံသာ နတ်ပြည်၌ ဟောကြားကာ နို့ဘိုးကျေးဇူး ဆပ်တုံသေး၏၊ သင်တို့ ငါတို့ကား ဘယ်အတွက်ကြောင့် အမိအဘ ကျေးဇူးကို မဆပ်သင့်ဘဲရှိမည်နည်း၊ မိဘကျေးဇူးကို ဆပ်သင့်

ကြသည်သာဖြစ်သည်၊ မိဘကို ကျေးဇူးမဆပ် မလုပ်ကျွေးမမွေး မြူမစောင့်ရှောက်ဘဲ နေမိကြပါလျှင် အချိန်ကုန် လွန်သော နောင်တနေ့၌သာလျှင် နောင်တ ရနေတော့ကြသည်။

## (ဂ) မိဘကိုရိုသေလေးစားခြင်း

အသက်တရာနှစ်ကာလပတ်လုံး မိဘနှစ်ပါးကို ပခုံးပေါ် ထမ်း၍ လုပ်ကျွေးပြုစုသော်လည်း မွေးကျေးဇူးမကုန်နိုင် ဟူ၍ ကျမ်းဂန်လာစကားကို ယုံကြည်ကြပြီးလျှင် မိဘနှစ်ပါးကို ရိုသေ ထိုက် လေးစားဆိုက်ကြပေသည်။

လူငယ်များသည် အတိုးကြီး သူငယ်ပြန်သည် အတွားကြီး သူငယ်ပြန်သည် စသည်ဖြင့် အမိအဘများကို မရိုမသေ မလေး စားဘဲ မထေမဲ့မြင်ပြုတတ်ကြသည်။

အမိအဘလူကြီးများအဘို့ တာဝန်မရှိလှသော်လည်း လူငယ် များအဘို့ အပြစ်ကားကြီးလေးလှပေသည်။ ရိုသေထိုက်လေးစား ထိုက်သော အမိအဘတို့ကို ရိုသေလေးစားမှုသာလျှင် မိမိတို့ အသက်အရွယ်ကြီးရင့်သောအခါ၌လည်း သားသမီးဖြစ်သူတို့က မိမိတို့ကို ရိုသေလေးစားကြပေမည်။

"မိဘတို့မှာ။ ကျင့်ကောင်းရာကို၊ ကောင်းစွာ မမှား၊ ကျင့် သောအားဖြင့်၊ ပုဏ္ဏားရာမ ကမ္ဘာဝတီ ဒဏ္ဍကီ၏၊ ပူရိပြည်လုံး၊ လက်နက်ဖုံးလည်း၊ မဆုံးမပျက်၊ ခြားကွက်ခဲ့၏။"

မိဘတို့၌ လေးလေးစားစား ဂါရဝထား၍ ကောင်းမွန်စွာ ကျင့်သဖြင့်၊ တတိုင်းပြည်လုံး လက်နက်တွေဖုံးနေ သော်လည်း၊

မိဘကိုလေးစားသောသူတို့၌ကား လက်နက်တွေ မကျရောက်ကြောင်းကို မန်လည်ဆရာတော် လင်္ကာသီကုံးခဲ့ခြင်း ဖြစ်သည်။

"တချက်ထိုမှ၊အလိနသတ္တာ၊ငယ်နွရွယ်ဦး၊မင်းယဉ်ကြူးလည်း၊ ဘီလူးမစား၊ ဘ,စကားကို၊ ထောင်နားမခွ၊ နာတက်လှ၍၊ ရာမ လောင်းတော်၊ ခြောက်သောင်းကျော်အောင်၊ နန်းပေါ်စံစား၊ သက်ရှည်လျား၏။"

မိဘကို လေးစားသောကြောင့် ဘီလူးမစားနိုင်သည်ကိုရင်း မိဘစကားကို နားထောင်သောကြောင့် အသက်ရှည်စွာ နေရ သည်ကိုရင်း မန်လည်ဆရာတော်ကြီးက မှတ်သားဘွယ်ရာကဗျာ လင်္ကာဖြင့်နှောင်လာနောက်သားတို့အတွက် ရေးသားသီကုံးလျက် ဆုံးမခဲ့ပေသည်။

## မိဘကို လေးစားကျိုး

၁။ အသက်ရှည်စွာနေရခြင်း၊ ၂။ ဖြစ်ရာဘဝ၌ အဆင်း လှခြင်း၊ ၃။ ချမ်းသာသုခနှင့် ပြည့်စုံခြင်း၊ ၄။ ခွန်အားဗလ နှင့် ပြည့်စုံခြင်း။

## မိဘကို မလေးစားပြစ်

၁။ အသက်ရှည်ကင်း အဆင်းဗလာ၊
ချမ်းသာကင်းငြား ခွန်အားနုံခြာ၊
မိဘနှစ်ပါး လေးစားကင်းကွာ၊
ထိုလူမိုက် ရထိုက်ပြစ်လေးဖြာ၊

## ယခုခေတ်လူများ

ယခုခေတ်လူများသည် များသောအားဖြင့် မိဘကို မလေးစားသူ၊ မိဘစကားကို နားမထောင်သူ၊ မိဘကိုလူရာမသွင်းချင်သူများသာ ဖြစ်နေကြသည်၊ မှန်လှ၏၊ "ငါ့လှေ ငါထိုး–ပဲခိုးရောက်ရောက်"၊ ငါ့နန်းငါထိုင်–မခိုင်ကျိုးဟာ"၊ "ငါ့မြင်းငါစိုင်း-စစ်ကိုင်းရောက်ရောက်" ဟူသော ထင်ရာစိုင်း အပြုအမူတွေကိုသာ ပြုနေကြသည်၊ မိမိလုပ်နေသောအလုပ်ကို ကောင်းမည်, သင့်တော်မည်ထင်၍ အဘဖြစ်သူ (သို့မဟုတ်) အမိဖြစ်သူက ဝင်ရောက်နှိုးနှော်ပြောဆိုရာ "ခင်ဗျားကြီးတို့ လူကြီးနေရာမှာသာ နေကြပါ၊ ခင်ဗျားတို့အမြင်ဟာ ခေတ်မမှီတော့ပါဘူး၊ ကျွန်တော်တို့ခေတ် လူငယ်တွေပါ၊ ကျွန်တော်တို့ သဘောအတိုင်း လုပ်ပါရစေ"၊ ဤသို့ပြောဆိုလျက် မိဘစကားကို ပစ်ပယ်ကာ ထင်ရာလုပ်ကြသည် သည်သာ များနေသည်၊ ဤသို့သော သားသမီးများသည် မိဘကိုမလေးစားသူ မိဘစကားကို နားမထောင်သူ မိဘကို လူရာမသွင်းချင်သူစာရင်းတွင် ပါဝင်လေတော့သည်။

ရိုသေထိုက် လေးစားထိုက်သော မိဘကို ရိုသေလေးစားမှု ပျက်စီးနေပါလျှင် ယဉ်ကျေးမှုဟူသမျှ ဆိတ်သုဉ်း၍ တလောကလုံး ဒုက္ခရောက်ဘို့သာ ရှိချေသည်၊ ယခုခေတ်အခြေအနေကို ကြည့်လိုက်လျှင် ရိုသေလေးစားမှု ဟူသော မင်္ဂလာတရားသည် အတော်အားနည်းလျက်ရှိချေပြီ၊ ရိုသေလေးစားမှု မရှိခြင်းသည် တရားပျက်ခြင်းပင်ဖြစ်သည်။ တရားပျက်သောအခါ ရေကြီးခြင်း, မိုးခေါင်ခြင်း, လေမုန်တိုင်းတိုက်ခြင်း, ရောဂါများခြင်း, ငတ်မွတ်

ခေါင်းပါးခြင်းစသော ဒုက္ခအပေါင်းသည် မျက်မြင်ထင်ရှား ဖြစ်ပေါ်လာတတ်ချေသည်၊ ထို့အတွက် ရိုသေလေးစားထိုက်သော မိဘနှစ်ပါးကို ရိုသေလေးစားသင့်ကြသည်သာမက မိဘစကားကိုနားထောင်သင့်သည်၊ မိဘကိုလုပ်ရသွင်းသင့်သည်၊ ဤသို့ ပြုလုပ်မှသာလျှင် ဖေါ်ပြခဲ့သောဘေးဒုက္ခအန္တရာယ်များကင်းစင် လွင့်ပျောက်ကြပေလိမ့်မည်။

## တိုက်တွန်းချက်

အို အမျိုးသား အမျိုးသမီးအပေါင်းတို့........ ပစ္စုပ္ပန်၌လည်း ကောင်းမွန်တင့်တယ်၊ တမလွန်ဘဝ၌လည်း ကောင်းမွန်တင့်တယ် အကျိုးအသွယ်သွယ်ကို မိမိတို့လက်ဝယ် ရရှိလိုကြပါလျှင် မြင့်မိုရ်တောင်ဦးမကကြီးသည့် ကျေးဇူးအရှင် မေးမိခင်နှင့် မေးဘခင်တို့ကို ရိုသေလေးစားကြပါကုန်လော့၊ မိဘကိုမရိုသေ မလေးစားသော သားသမီးတို့မှာ ဘုန်းကြီးလိုသက်မရှည် သက်ရှည်လို့ ဘုန်းမကြီး တဖက်ပက်က ချွတ်ယွင်းတတ်သည်မှာ လောကတံထွာ ဓမ္မတာတရပ်ပင် မဟုတ်ပါလော့၊ အခါ်နှမလွန်မီ မိမိတို့ချွတ်ယွင်းချက်တို့ကို ပြုပြင်ကြပါကုန်လော့ "ပျက်အစဉ်ပြင်ခဏ" ဆိုသော စကားကိုလည်း ဆင်ခြင်စဉ်းစားသတိထားကြပါလော့၊ ထိုကဲ့သို့ မဟုတ်ဘဲ မိဘကို မရိုသေမလေးစားကြပါလျှင် အချိန်ကုန်လွန်၍ ေ ာ နောင်အခါကျမှသာလျှင် နောင်တ ရနေတတ်ကြသည်။

## (၉) ရဟန်းသံဃာကို ဆည်းကပ်ခြင်း

ဗုဒ္ဓမြတ်စွာ လက်ထက်တော် အခါ၌ ရဟန်းရှင် လူတို့သည် ပစ္စုပ္ပန်ကျိုး တမလွန်ကျိုးအတွက် ဗုဒ္ဓမြတ်စွာအထံတော်သို့ဆည်း

ကပ်ကြရသည်၊ ယခုအခါ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်ပြီးဖြစ်၍ ဗုဒ္ဓမြတ်စွာ၏ကိုယ်စား ရဟန်းသံဃာတော်များထံသို့ ဆည်းကပ်ကြရသည်။

လောက၌ ရှင်ဘုရင်နတ်ရွာစံလျှင် အိမ်ရှေ့မင်း ဘုရင် ဖြစ်သကဲ့သို့ အဘဘုရားမရှိတော့သဖြင့် အဘဘုရားကိုယ်စား ရဟန်းသံဃာတော်များက အဘဘုရားနေရာ၌ နေရသည်၊ သို့အတွက် ပစ္စုပ္ပန်အကျိုး တမလွန်အကျိုးကို လိုလားသော ဗုဒ္ဓဘာသာဝင်သူတော်စင်တော်တို့သည် ရဟန်းသံဃာတော်များကို ဆည်းကပ်၍ ဩဝါဒခံယူကြရသည်။

## ကိုးကွယ်ဆည်းကပ်ရာ

အဇာတသတ်မင်းသားငယ်သည် ယုတ်မာဆိုးဝါးသော အကျင့်ရှိသော ဒေဝဒတ်ကို ကိုးကွယ်ဆည်းကပ်မိ၍ ပိတုဃာတက ခေါ် အဘ သတ် အနန္တရိယကံကြီးကို လွန်ကျူးသည်၊ သို့သော် နောက်ပိုင်း၌ အမြင်မှန်ရ၍ ဇီဝကကို အမှီပြုပြီးလျှင် ဗုဒ္ဓ မြတ်စွာကို ကိုးကွယ်ဆည်းကပ်လိုက်ရသဖြင့် အဝီစိငရဲမကျရောက်ဘဲ လောဟကုမ္ဘီ ငရဲ၌ ခံရ၍ ပစ္စေကဗုဒ္ဓါဖြစ်လတံ့ဟူသော ဗျာဒိတ်တော်ကို ရရှိလိုက်သည်။

ရဟန်းပညာရှိ၊ လူပညာရှိများကို ကိုးကွယ်မိရန် အလွန် လိုအပ်သည်သာမက ဗဟုသုတ, ဂုဏဝန္တ, ပညာဝန္တ, သီလဝန္တ ပုဂ္ဂိုလ်စစ်ကိုရွေးချယ်၍ ကိုးကွယ် ဆည်းကပ်သင့်သည်၊ အကျင့်ပျက် ပရဝါဒီပုဂ္ဂိုလ်မျိုးကို ကိုးကွယ်ဆည်းကပ်မိပါလျှင် အလောင်းတော်များသော်မှ အကျင့်ပျက်စီးနိုင်လေသည်။

"မှိုဝဲသမှု၊ ဆရာပြုမှု၊ ဗဟုသုတ၊ ဂုဏပညဝန်၊ သီလဝန်မှု၊ သားမွန်လည်ရှု၊ ဆည်းကပ်မြဲလော့၊ မှိုဝဲများရာ အလေ့ပေါ်၏" ဟူ၍ရှင်း။ ။ "စက်နိဿယ၊ ပုဂ္ဂလဟု၊ ပရဝါဒီ၊ အမှီမကောင်း၊ ယှဉ်မိပေါင်းက၊ အလောင်းတို့လျက်၊ ကျင့်ကောင်းပျက်" ဟူ၍ ရှင်း မဃဒေဝ၌ ဆိုထားသည်။

## တယောက်အမှား ဘုရားတသိန်းချွတ်

ဉာဏ်ပညာနည်းပါးသော သတ္တဝါတယောက်၏ အယူဝါဒ များကို ဘုရားရှင်ပေါင်းတသိန်း ဟောကြားဖြေရှင်းငြား သော်လည်း အကျွတ်တရားမရနိုင်ဘဲ နိယတမိစ္ဆာဒိဋ္ဌိ တန်းတန်းစွဲဖြင့် မြေကြီးမျိုသွားစေကာမူ အယူကို မစွန့်မူ၍သာလျှင် ငရဲလား ရလေတော့သည်။

"သတ္တဝါတယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှုန်သောအားဖြင့်၊ ဟောကြား ခြေချွတ်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကို စွန့်ဘဲ၊ အကျင့်လွဲ၍၊ ငရဲခံရလိမ့်မည် ဟုသောကြောင့်" ဟု မန်လည်ဆရာတော် မိန့်တော်မူသည်။

## ကိုးကွယ်ရာတရား (၁၀)ပါး

၁။ သီလနှင့်ပြည့်စုံခြင်း၊ ၂။ အကြားအမြင် ဗဟုသုတ ရှိခြင်း၊ ၃။ ဆရာသမားကောင်းရရှိခြင်း၊ ၄။ ဆုံးမလွယ်သော ဂုဏ်နှင့်ပြည့်စုံခြင်း၊ ၅။ ပျင်းရိမှုကင်းခြင်း၊ ၆။ ကုသိုလ်ပြုလို

သောစိတ်ဆန္ဒအားကြီးခြင်း၊ ၇။ သဲ့လဝိရိယရှိခြင်း၊ ၈။ အကြောင်းအကျိုးတို့ကို ထိုးထွင်း၍ သိတတ်သော ပညာရှိခြင်း၊ ၉။ မမေ့မလျော့သော သတိရှိခြင်း၊ ၁၀။ ရသမျှဖြင့် ရောင့်ရဲနိုင်ခြင်း။

ဤကိုးကွယ်ရာ တရားဆယ်ပါးကို ရဟန်းပညာရှိ လူပညာရှိများနှင့် ကင်း၍မရနိုင်ပေ၊ ကိုးကွယ်ရာ (၁၀)ပါးတွင် (၃) နံပါတ် ဆရာသမားကောင်း ရရှိခြင်းကို အလွန်လိုအပ်လှသည်၊ ကျမ်းဂန်များ၌ နာနာသတ္တာ ဥလ္လေကနဒေးကို ပြထားသည်၊ ယခုအခါ လူများစွာသည် ဆရာအမျိုးမျိုး၏ မျက်နှာကို ရှင့်ရသော နာနာသတ္တာ ဥလ္လေကနဒေးနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ သာသနာတော် နောက်ပိုင်း၌ ဆရာတွေ့ မှိုလိုပေါက်ကာ ပေါများလိမ့်မည့်အကြောင်းကိုလည်း ကျမ်းဂန်တို့၌လာသည်။

လူတယောက်သည် ဝိပဿနာဘာဝနာကိုအားထုတ်ချင်သည်၊ ထိုသို့ အားထုတ်လိုစိတ် ရှိ၍ ဆရာတယောက်ထံ ချဉ်းကပ်နည်းခံသည်။ အခံပညာမရှိ၍ တရားသဘာဝကျသည်,မကျသည်ကိုမသိ၊ ထိုဆရာနည်းပေးသည့် အတိုင်း အားထုတ် သော်လည်း ထင်သလောက် မပေါက်ရောက်သည်သာဖြစ်သည်။

တရားပေါက်အောင် အားထုတ်သော်လည်း (၁) ကံကြီးငါးပါးတွင် တပါးပါးကို လွန်ကျူးသူ (၂) နိယတမိစ္ဆာဒိဋ္ဌိကို စွဲယူသူ (၃) အဟိတ် ဒွိဟိတ် ပဋိသန္ဓေနေသူ (၄) ရတနာသုံးပါး၌ မယုံကြည်သူ (၅) ကုသိုလ်ပွါးရန် ဆန္ဒမရှိသူ (၆) ပဋိသန္ဓေ ပညာ မရှိသူ- ဤပုဂ္ဂိုလ် (၆) ယောက်တွင်

တယောက်ယောက် ဖြစ်နေခဲ့သော် မည်သည့်နည်းနှင့်မျှ တရား ပေါက်ကာ မဂ်ဖိုလ်ကို ရနိုင်မည် မဟုတ်ပေ။

## ကမ္မဋ္ဌာန်း ဆရာအင်္ဂါ(၇)ပါး

(၁) သီလကို ချစ်မြတ်နိုးခြင်း။ (၂) သီလကို အလေးဂရု ပြုခြင်း။ (၃) ချီးမွမ်းထိုက်ခြင်း။ (၄) အခွင့်ကြုံလျှင် ပြစ်တင် ဆုံးမတတ်ခြင်း။ (၅) အပြစ်ပြောလျှင် သည်းခံနိုင်ခြင်း။ (၆) နက်နဲသောတရားသဘောကို ပြောပြတတ်ခြင်း။ (၇) အကျိုး မဖြစ်ထွန်းရာ၌ မတိုက်တွန်းခြင်း— ဤအင်္ဂါ (၇)ပါးနှင့် ညီ ညွတ်လျှင် ကိုးကွယ်ရာ ဆရာကောင်းဟု ဆိုထိုက်သည်။

အို....အမျိုးသား အမျိုးသမီးအပေါင်းတို့- ပညာရှိ သူတော် ကောင်းများကို ကိုးကွယ်ဆည်းကပ်ကြပါလော့၊ ဆရာကိုးကွယ် ဆည်းကပ်မှားလျှင် တသံသရာလုံး မှောက်တတ်သည်ဖြစ်၍ ထိုကဲ့ သို့ မမှားရန် ဉာဏ်ပညာဖြင့် စီစစ်၍ ရဟန်းပညာရှိ လူပညာ ရှိများကို ဆရာတင်ကာ၊ ထိုပညာရှိတို့၏ အဆုံးအမကို နာယူ လျက် တရားကို အားထုတ်ကြပါလော့၊ ထိုသို့မဟုတ်ဘဲ ငယ် ရွယ်စဉ်မှစ၍ ရဟန်းသံဃာ လူပညာရှိများကို မဆည်းကပ် မကိုးကွယ်မိကြပါလျှင် အချိန်အရွယ် လွန်သော မဖြစ်နိုင်သော နောင်တချိန်၌သာလျှင် နောင်တ ရနေတတ်ကြသည်။

## (၁၀) ဘာသာတရားကို လိုက်စားခြင်း

"စန္ဒကူးသည် အလွန်အေးမြ၏၊ စန္ဒကူးထက် ရွှေလမင်း၏ အရောင်သည် ပို၍အေးမြ၏၊ ရွှေလမင်း၏အရောင်ထက်ကောင်း

စွာ ဟောထားသော သူတော်ကောင်းတို့၏ တရားသည် ပို၍အေး မြ၏။” ။လောကနီတိကျမ်း။

## သူတော်ကောင်းတရားအေးမြပုံ

စန္ဒကူးလရောင်တို့ထက် သာလွန်၍ သူတော်ကောင်း တရား သည် အေးမြသည်၊အေးမြပုံကိုသာဓကပြရလျှင် ဒုက္ခသည်မ ဖြစ် သော ပဋာစာရီနှင့် ကိသာဂေါတမီ အမျိုးသမီးနှစ်ဦးကို ရှောင် လွဲ၍မဖြစ်၊ ထိုအမျိုးနှစ်ဦးသည် လင်ဒုက္ခ သားသမီးဒုက္ခအမျိုး မျိုး ဒုက္ခတွေနှင့် ရင်ဆိုင်ကြရသည်၊ ထိုသို့ပင် ဒုက္ခပင်လယ်ဝေ တွေ့ကြုံကြရပါသော်လည်း ရှင်တော်မြတ်ဘုရားက အေးမြလှ သောသူတော်ကောင်းတရား ဒေသနာအမြိုက်ဆေးကို တိုက်ကျွေး တော်မူလိုက်သောအခါ မီးခဲပြာဖုံးနေသည့်အလား တခဏချင်း အမြင်မှန်တရား လက်ကိုင်ထားနိုင်ကာ ဒုက္ခသယ်ဘဝမှကင်းလွတ် ကြပြီးလျှင် နိဗ္ဗာန်သို့ မျက်မှောက်ပြုကြရသည်။

ဖေါ်ပြပါသာဓကဒွ် အမျိုးသမီးနှစ်ဦး ဒုက္ခသယ်မ ဘဝမှ လွတ်ကင်းကာ တရားလက်ရှိ ဖြစ်သွားခြင်း၊ နှောင်အခါ၌နိဗ္ဗာန် ကို မျက်မှောက်ပြုသွားရခြင်းများသည် အလွန်အေးမြလှသော သူတော်ကောင်းတရား၏အစွမ်းသတ္တိများပင်ဖြစ်သည်။

ထိုမျှမက နိဗ္ဗာန်သို့ မျက်မှောက်ပြုတော်မူကြကုန်ပြီးသော အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, အရှင်မဟာကဿပ, အရှင် အာနန္ဒာ စသော တပည့် သာဝကတို့ သည်လည်း ဗုဒ္ဓ မြတ်စွာ ဟောကြားတော်မူအပ်သော အလွန်အေးမြသော တရား တော်ကို နာယူရခြင်းကြောင့် မဂ်ဖိုလ်သို့ ဆိုက်ရောက်ကြရခြင်း ဖြစ်သည်။

အနာထပိဏ်, ကောသလမင်း, ဝိသာခါစသော သာသန ဒါယကာ ဒါယိကာမတို့သည်လည်း ဗုဒ္ဓမြတ်စွာဟောကြားတော် မူအပ်သော တရားတော်ကို နာယူကြရသဖြင့် ကျောင်းဒါယကာ, ကျောင်းဒါယိကာမအဖြစ်သို့ ရောက်ခါ၊ ယခုအချိန်တိုင်အောင် သာသနကျေးဇူးရှင်များအဖြစ် မှတ်တမ်းတင်လျက် သာသနာနှင့် ပတ်သက်လျှင် သူတို့ပါဝင်ဆက်စပ်နေကြသည်ချည်းသာ ဖြစ်ကုန်သည်။

## အကုသိုလ်စွန့် ကုသိုလ်လုပ်

သို့ဖြစ်၍ ဒီအလုပ်ကိုပြုလုပ်လျှင် အကုသိုလ်ဖြစ်သည်၊ ဒီအလုပ်ကိုပြုလုပ်လျှင် ကုသိုလ်ဖြစ်သည် စသည်ဖြင့် တရားသဘောကို လေ့လာလိုက်စားသင့်သည်သာ ဖြစ်သည်။ လေ့လာ လိုက်စားပြီး၍ အကုသိုလ်ဒုစရိုက်အလုပ်ကား ယခုဘဝနှင့်တကွ ဖြစ်လေရာဘဝတိုင်း၌ မကောင်းသောအကျိုးကို ခံစားရပေလိမ့်မည်။ ကုသိုလ်ကောင်းမှု သုစရိုက်အလုပ်ကား ယခုပစ္စက္ခဘဝနှင့်တကွ ဖြစ်လေရာဘဝတိုင်း၌ ကောင်းသောအကျိုးကို ခံစားရပေလိမ့်မည်ဟု ယုံကြည်ပြီးလျှင် အကုသိုလ်အလုပ်ကို စွန့်ပယ်၍ ကုသိုလ်အလုပ်ကို ပြုလုပ်သင့်သည်။

## တရားနာခြင်း ကျိုးငါးပါး

ဗုဒ္ဓမြတ်စွာ ဟောကြားအပ်သော တရားတော်ကို သူတော်ကောင်းတို့ ဟောကြားသောအခါ မှတ်သားနာယူသင့်ပေသည်၊ မှတ်သားနာယူသူမှာ အကျိုးငါးပါးကို ရနိုင်သည်။ (၁)မကြား

ဘူးသည်ကို ကြားရခြင်း၊ (၂) ကြားဘူးလျှင်လည်း တဖန်နာရ၍ တရားကို ပွားစေခြင်း၊ (၃) ယုံမှားသက်ာကို လွန်မြောက်နိုင်ခြင်း၊ (၄) အာရုံကို ဖြောင့်စွာ ပြုနိုင်ခြင်း၊ (၅) စိတ်၏ကြည်သိုခြင်း။

ဤအကျိုးငါးပါးကို ရစေနိုင်သောတရားနာခြင်းကို မည်သူမဆို ပြုလုပ်သင့်သည်။ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကိုလည်း ဖြစ်စေနိုင်သည်၊ ဗဟုသုတရှိသူလည်း ဖြစ်နိုင်သည်၊ လွယ်ကူစွာ တရားအားထုတ်နိုင်သည်။

ထို့ကြောင့် မာန်လည်ဆရာတော်က "ဘုရားချစ်ရှင်၊ ဟောသွန်သင်သား၊ ကိုးအင်ဓမ္မ ခေတ်၊ တရားမြတ်ကို၊ မပြတ်သင်ကြား၊ နာသူအားလျှင်၊ ငါးပါးနိသင်၊ အကျိုးထင်၏" ဟူသည်ဖြင့် မဃဒေဝလင်္ကာသစ်၌ ဆိုထားသည်။

အို....အမျိုးကောင်းသား အမျိုးကောင်းသမီးတို့- ငယ်ရွယ်စဉ် အချိန်ရှိခိုက်အခါမှစ၍ တရားသဘောကို လိုက်စားကြပါလော့၊ အစစ်အမှန် ညွှန်ပြဟောကြားသော ရဟန်းပညာရှိ လူပညာရှိတို့၏တရားကို နာယူ၍ ဗဟုသုတကို စုဆောင်းပြီးလျှင် ကျင့်ကြံ အားထုတ်ကြပါလော့၊ ငယ်ရွယ်စဉ်အချိန်က တရားကို မလေ့လာမလိုက်စားခဲ့ကြပါလျှင် ယောင်တိယောင်တနှင့် နောင်အချိန်ကုန်လွန်မှသာလျှင် နောင်တရနေတတ်သည်။

## နောင်တ နိဂုံးသတ်

"ဤလူ့လောက၊ လူ့ဘဝ၌၊ သကျရှုပ်၊ မိန့်သံဂါထာ၊ ကျမ်းအလာတိုင်း၊ ငယ်ခါကလျှင်၊ မသင်ပညာ၊ ဥစ္စာမစု၊ ...

ချစ်ဖျက်၊ သူ့သက်သတ်စား၊ သူ့မယားဌ၊ ပြစ်မှားတုံဘိ၊ ပစ္စည်းရှိလျက်၊ စိုးစိမလှူ၊ မွေးမြူမိဘ၊ မပြုရနှင့်၊ ဆုံးမ မနာ၊ ပညာရှိထံ၊ နည်းခံမမှတ်၊ အမြတ်မကျင့်၊ ဤ ဆယ်ဆင့်ကား၊ ကြီးရင့်ဇရာ၊ အိုသောခါလျှင်၊ ပူဆာနှောင်တ၊ ရတတ်စွတည့်။"
(မဃဒေဝ)

ဤလောကဌ ဗုဒ္ဓမြတ်စွာ ဒေသနာနှင့်အညီ ငယ်ရွယ်အချိန်ကသာလျှင် ပညာသင်ကြပါ၊ ပစ္စည်းဥစ္စာ စုကြပါ၊ သူတပါး အချစ်ကို မဖျက်ပါနှင့်၊ သူ့သက်သတ်ခြင်း ရှောင်ပါ၊ သူ့သား မယားဌ ပြစ်မှားမှုရှောင်ပါ၊ ပစ္စည်းရှိလျှင် လှူပါ၊ မိဘကို လုပ်ကျွေးပါ၊ မိဘစကားကို နားထောင်ပါ၊ ပညာရှိများထံ ဆည်းကပ်နည်းခံပါ၊တရားကို လိုက်စားပါ ကျင့်ပါဟူ၍ ဓေတနာကောင်းဖြင့် တိုက်တွန်း နှိုးဆော်ရင်း နောင်တအကြောင်းကို ဤတွင် လက်စသတ်လိုက်ပါသတည်း။

************

# ၂။ ရှိခိုးပူဇော်နည်း

"ဩကာသ - ဩကာသ ရှေးကမ္ဘာအဆက်ဆက် လွန်ခဲ့ပြီးသော အတိတ်ဘဝတို့၌၎င်း၊ ယခုဖြစ်ဆဲပစ္စုပ္ပန်ဘဝ၌၎င်း၊ မသိခဲ့သည့် အလျောက် မလိမ္မာခဲ့သည့် အလျောက် လွန်ကျူး ဖြစ်မှားမိသော သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်ကို ပြုတတ်သော ကာယကံပြစ်, ဝစီကံပြစ်, မနောကံပြစ်တို့သည် အကယ်၍ ဘုရားတပည့်တော် သန္တာန်တွင် ထင်ရှားရှိသည်ဖြစ်အံ့၊ ထိုအပြစ်ကိုမှ ကင်းပျောက် ပါစေခြင်းအကျိုးငှါ၎င်း၊ သစ္စာလေးပါးတရားတို့ကိုမျက်မှောက် ပြုပါရခြင်းအကျိုးငှါ၎င်း၊ ဘုရားရတနာ, တရားရတနာ, သံဃာ ရတနာတည်းဟူသော ဤရတနာမြတ်သုံးပါးတို့ကို အရိုအသေ ပြု၍ အလေးအမြတ်ပြု၍ အမြတ်တနိုးပြု၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ ဘုရား...."

ဤကန်တော့ရှိခိုးနည်းကလေးကိုနှုတ်ရဆောင်ထားသင့်သည်၊ ရဟန်းသံဃာတော်များထံ ရှိခိုးကန်တော့ရာ၌ အထက်ပါစကား ဝါကျမျကိုသာ ဆိုသင့်မည်ထင်ပေသည်၊ အပါယ် လေးပါး, ကပ်သုံးပါး အစရှိသော ဆုတောင်းခဏ်းကို ဆိုခဲ့သော် သံဃာ တော်များ ဆုပေးသည်ကတမျိုး ဒါယကာ - ဒါယိကာမများ ဆုတောင်းသည်ကတဖုံ တလွဲစီတခြားစီ ဖြစ်နေဖွယ်ရှိပေသည်။

ဗုဒ္ဓမြတ်စွာရုပ်ပွားတော်များ စေတီတော်များထံရှိခိုးကန်တော့ ရာ၌ကား လိုချင်သလိုဆုတောင်းအမျိုးမျိုးကို ဆိုသင့်ပေသည်။

"ဤသို့ ရှိခိုးကန်တော့ရသော ကောင်းမှုကံကြောင့်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏ဘုရား"ဟု ဆို၍ အတိုချုပ် ဆုတောင်း လျှင်လည်း သင့်လျော်သည်။

ရတနာသုံးပါးအားရှိခိုးပူဇော်ရာ၌ မိမိရထားသောစာကိုပြန် ဆိုသည့်သဘောမျိုးလို မထစ်မငေါ့လျှင်ပြီးရော ဆိုသောအနေ မျိုးမဖြစ်စေဘဲ၊ (၁)ဗုဒ္ဓမြတ်စွာ၏တင်ပလ္လင်ခွေထိုင်နေတော်မူပုံ၊ (၂) ရပ်တော်မူပုံ၊ (၃) လျောင်းတော်မူပုံ၊ (၄) ဒေသစာရီ ကြွချီတော်မူပုံကို မိမိစိတ်ထဲ၌ ထင်မြင်လာအောင် အာရုံပြုသင့် သည်၊ ဤ(၄)မျိုးတွင် မိမိနှစ်သက်ရာ တမျိုးမျိုးကိုသာ အာရုံ ပြုရမည်ဟု ဆိုလိုသည်။

ဗုဒ္ဓမြတ်စွာ၏ ထိုင်နေတော်မူပုံ စသည် ရှိခိုးသူကာယကံရှင်၏ စိတ်ထဲ၌ ပေါ်လာမှသာလျှင်၊ ထိုဗုဒ္ဓမြတ်စွာ ကိုယ်တော်မြတ်၏ (၁) သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော အရဟံဂုဏ်တော် (၂) ဥေယျတရားအားလုံးကို ပိုင်းခြား၍ သိ သော သမ္မာသမ္ဗုဒ္ဓဂုဏ်တော် (၃)ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆယ့်ငါးပါးနှင့် ပြည့်စုံသော ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ် တော်၊ (၄)ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတတ်သော သုဂတ ဂုဏ်တော်၊ (၅) လောကသုံးပါးကို သိတတ်သော လောကဝိဒူ ဂုဏ်တော်၊ (၆) လူယောကျ်ားစသည်ကို အတုမရှိ ဆုံးမတတ် သောအနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်၊ (၇) လူနတ်တို့ ၏ဆရာဖြစ်သော သတ္ထာဒေဝ မနုဿာနံဂုဏ်တော်၊ (၈) သစ္စာ လေးပါးသိတတ်, သိစေတတ်သော ဗုဒ္ဓဂုဏ်တော်၊ (၉) ဘုန်း

တော်ခြောက်ပါးနှင့်ပြည့်စုံသော ဘဂဝါဂုဏ်တော်.... ဤဂုဏ်တော်ကိုးပါးကို အနက်အဓိပ္ပါယ်ထင်မြင်အောင်ဆက်လက်အာရုံပြုနိုင်ကာ ကြည်ညိုမှုသဒ္ဓါ တိုးပွားလျက် ရှိခိုး ကန်တော့နိုင်ပေသည်။

တရား, သံဃာ၏ ဂုဏ်တော်ကိုလည်း ဤအတိုင်းအာရုံထားကာ စိတ်ထဲအနက်အဓိပ္ပါယ် ပေါ်လွင်စေလျက် ရှိခိုးကန်တော့ရပေသည်။

လူအများ ဆူညံလှုန်းသောနေရာ၌ စိတ်တည်ကြည်ငြိမ်သက်မှု မရနိုင်ခဲ့သော်၊ မျက်စိမှိတ်၍ အာရုံပြုပါ၊ လူသူလေးပါးမရှိသော သင့်လျော်လျောက်ပတ်သော နေရာ၌သော်လည်း ပြောင်းရွှေ့နေရာယူကာ ရှိခိုးကန်တော့ပါ။

စိတ်တည်ကြည်ငြိမ်သက်မှု သမာဓိမရရှိဘဲ ဘုရားရှိခိုး အမျိုးမျိုးနှုတ်တက်ရာ ဆိုရုံမျှဖြင့် လိုရာပန်းတိုင်သို့ ရောက်ရှိနိုင်မည်မဟုတ်သည်သာဖြစ်သည်။

ဖော်ပြပါအတိုင်း စိတ်ပါလက်ပါ နှလုံးသွင်း အာရုံပြုကာ သက်တော်ထင်ရှား မြတ်ဘုရား၏ ရုပ်သွင်တော် စိတ်ထဲ၌ ပေါ်လာအောင် (မျက်စိနှင့်မြင်ခြင်းမျိုးကို မဆိုလိုပါ) စိတ်ထားပြီး ရှိခိုးပူဇော်နိုင်မှသာလျှင် လိုရာပန်းတိုင်သို့ရောက်၍ ရှိခိုးပူဇော်ရခြင်း၏ အကျိုးအာနိသင်လည်း စိတ်တည်ကြည်မှု ရသလောက် တိုးပွားလာမည်ဖြစ်ကြောင်းကို တိုက်တွန်းရေးသားလိုက်ပါ သတည်း။

# ၃။ သရဏဂုံနှင့် စပ် သိမှတ်ဖွယ်ရာ

ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြောင်းဖြစ်သောစိတ္တုပ္ပါဒ်သည် သရဏဂုံ (သရဏဂမန) မည်သည်၊ ထိုသရဏဂုံသည် လောကီသရဏဂုံ လောကုတ္တရာသရဏဂုံ ဟူ၍ (၂)မျိုးရှိရာတွင် ပုထုဇ္ဇန်တို့မှာ သရဏဂုံသို့ရောက်၍ ကိလေသာကို ခွါသော အားဖြင့် အာရုံပြုလတ်သော် ဘုရားစသော ရတနာသုံးပါးဂုဏ် ဟူသော အာရုံရှိသည်ဖြစ်၍ အလိုရှိသောသရဏဂုံသည်လောကီသရဏဂုံ မည်သည်။

သစ္စာလေးပါးကို သိမြင်ကုန်ပြီးသော အရိယာတို့မှာ မဂ်ဓါခဏ၌ သရဏဂုံသို့ရောက်၍ ကိလေသာကိုဖြတ်ပြီးလျှင် နိဗ္ဗာန်ဟူသောအာရုံရှိသည်ဖြစ်၍ အလုံးစုံသော ရတနာသုံးပါး၌သာ အလိုရှိခြင်း ကိစ္စရှိသောသရဏဂုံသည် လောကုတ္တရာသရဏဂုံ မည်လေသည်။

## လောကီသရဏဂုံအပြား

(၁) ဤယနေ့ကိုအစပြု၍ အကျွန်ုပ်ကိုယ်ကို ရတနာ သုံးပါးအား အပ်နှင်းပါ၏ဟု မိမိကိုယ်ကို ရတနာမြတ်သုံးပါးအား စွန့်ခြင်းဟူသော အတ္တသန္နိယျာတန သရဏဂုံ။

(၂) ဤယနေ့ကို အစပြု၍ အကျွန်ုပ်သည် ရတနာသုံးပါးသာလျှင် လည်း လျောင်းရာဖြစ်၏ဟု မှတ်ပါကုန်လော ဟူ၍

ရတနာသုံးပါးသာလျှင် လည်းလျောင်းရာဖြစ်သောတပ္ပရာယဏ သရဏဂုံ။

(၃) ဤယနေ့ကို အစပြု၍ အကျွန်ုပ်သည် ရတနာသုံးပါး၏ တပည့်တည်းဟု တပည့်၏အဖြစ်ဖြင့် ဆည်းကပ်သော သိဿဘာဝူပဂမန သရဏဂုံ။

(၄) ဤယနေ့ကိုအစပြု၍ အကျွန်ုပ်သည် ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်းအမှုများကို ရတနာမြတ်သုံးပါးတို့အား သာလျှင် အလျောက်အပတ်ပြု၏ဟု ရတနာသုံးပါးတို့၌ အံလွန်ရိုသေစွာ ပြုခြင်းဟူသော ပဏိပါတန သရဏဂုံ.... ဤသို့ သရဏဂုံအပြား လေးပါး ရှိလေသည်။

## သရဏဂုံယူခြင်းအကြောင်းများ

(၁) အမျိုးအမှတ်ဖြင့် ရှိခိုးကိုးကွယ်ခြင်း၊ (၂) ဘေးကိုကြောက်သောအားဖြင့် ရှိခိုးကိုးကွယ်ခြင်း၊ (၃) ကျေးဇူးတင်ပေသော ဆရာအမှတ်ဖြင့် ရှိခိုးကိုးကွယ်ခြင်း၊ (၄) မြတ်သော အလှူကို ခံထိုက်သောအားဖြင့် ကိုးကွယ်ခြင်း။

(၁) သာကီဝင်မင်းများ၊ ကောလိယမင်းများ၏ ဗုဒ္ဓမြတ်စွာကို ဆွေမျိုးအမှတ်ဖြင့် ရှိခိုး ကိုးကွယ်ကြသကဲ့သို့ မိမိတို့ ဆွေမျိုးအမှတ်ဖြင့် ရှိခိုးကိုးကွယ်ခြင်းသည် သရဏဂုံဆောက်တည်သည်မမည်၊ သရဏဂုံမမြောက်၊ သရဏဂုံယူရာ မရောက်သည်သာ ဖြစ်သည်။

(၂) ဗုဒ္ဓမြတ်စွာသည် မင်းတို့၏အပူဇော်ကို ခံရ၏၊ ကြီးသောအာနုဘော်ရှိ၏၊ ရှိခိုးကိုးကွယ်မှု မပြုခဲ့သော် အကျိုးမဲ့ကို ပြုတန်ရာ၏ဟု နှလုံးသွင်း၍ ဘေးကို ကြောက်သဖြင့် ရှိခိုးကိုးကွယ်ခြင်းသည် သရဏဂုံ ဆောက်တည်သည် မမည်၊ ထိုသို့ ကြောက်သဖြင့် ကိုးကွယ်သော သူတို့၏ သန္တာန်၌လည်း သရတဂုံမတည်သည်သာ ဖြစ်သည်။

(၃) ဗုဒ္ဓမြတ်စွာသည် အလောင်းတော်ဖြစ်စဉ်ကာလ သူ့ထံ၌ သင်အပ်သော တစုံတခုသောအတတ်ကို အောက်မေ့သည် ဖြစ်၍၎င်း၊ ဘုရားအဖြစ်သို့ရောက်ပြီးသောကာလ သူ့ထံ၌ သင်အပ်သောတစုံတခုသောအတတ်ကို အောက်မေ့သည်ဖြစ်၍၎င်း တဖို့သောဥစ္စာကို သုံးစွဲရာ၏၊ နှစ်ဖို့သော ဥစ္စာတို့ဖြင့် လယ်လုပ်ခြင်း ကုန်သွယ်ခြင်းအမှုတို့၌ ယှဉ်စေရာ၏၊ လေးဖို့မြောက်သော ဥစ္စာကိုကား တစုံတခု ဘေးရန်ရောက်လတ္တံ့မှုကိုအကြောင်းပြု၍ သိုမှီးသိမ်းဆည်းထားရာ၏ ဤသို့သော အဆုံးအမကိုခံယူသဖြင့် ငါ၏ဆရာတည်းဟု ရှိခိုးကိုးကွယ်ခြင်းသည် သရဏဂုံ ဆောက်တည်သည်မမည်၊ ထိုကဲ့သို့ ဆရာသမားအမှတ်ဖြင့် ရှိခိုးကိုးကွယ်သောသတ္တဝါတို့ သန္တာန်၌လည်း သရဏဂုံ မတည်သည်သာ ဖြစ်သည်။

(၄) လောကသုံးပါး၌ အဂ္ဂဒက္ခိဏေယျ မြတ်သော အလှူခံ ထိုက်ပေသော သူဟူ၍ ယောနိသောမနသိကာရဖြင့် နှလုံးသွင်း၍ ရှိခိုးကိုးကွယ်ခြင်းသည်သာ သရဏဂုံ အစစ်မည်သည်၊ ထိုကဲ့သို့

အဂ္ဂဒက္ခိဏေယျ သဘောဖြင့် ရှိခိုးကိုးကွယ်သော သူတို့သန္တာန်၌ သာလျှင် သရဏဂုံတည်သည်။

## ယခုကာလသရဏဂုံ

ယခုကာလ၌ အများနှင့်ရောနှောပြီး ဖော်ပြပါ (၄) မျိုးသော သရဏဂုံတို့တွင် မည်သည့် သရဏဂုံကိုမျှ နှလုံးမသွင်းဘဲ အမှုမဲ့အမှတ်မဲ့ ရှိခိုးကိုးကွယ်သော သရဏဂုံ သည်ကား....၊ စာပေကျမ်းဂန်လွတ် သရဏဂုံသာ ဖြစ်ပေလိမ့်မည်။

## သရဏဂုံ (၃)ကြိမ်

ဥပါလိသုတ်ကြွယ်သည် ဗုဒ္ဓမြတ်စွာက မနှောက် အပြစ်ကြီးကြောင်းကိုဟောရာ၊ ဘုရားရှင်ကို ယုံကြည်၍ ပထမ တကြိမ်၊ ဗုဒ္ဓမြတ်စွာက သင်၏ဆရာဖြစ်ဘူးသော တိတ္ထိတို့အား အနုဝိစ္စကရ (အဖန်ဖန်စူးစမ်းမှု)ကို ပြုရန်သင့်သေးသည်ဟု မိန့်တော်မူရာ၊ တဖန် ဒုတိယမ္ပိဆို၍ သရဏဂုံ ဆည်းကပ်ပြန်သည်၊ ဗုဒ္ဓမြတ်စွာက သင်၏ဆွေမျိုးအများသည် ရှည်မြင့်စွာ တိတ္ထိတို့၏ ရေတွင်းသဖွယ်ဖြစ်၏၊ ထိုတိတ္ထိများ တောင်းခံလာလျှင် ပေးကမ်းမည်ဟု သဘောထားပါဟု မိန့်တော်မူသောအခါ တဖန် တတိယမ္ပိဆို၍ သရဏဂုံ ဆောက်တည်သည်ဟု မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ပထမဂဟပတိဝဂ်ဆဋ္ဌဥပါလိသုတ်၌ လာရှိသည်။

**** **** ****

# ၄။ ကိုယ်နှုတ်စိတ် ဖရိုဖရဲ မဖြစ်ရေး

အမျိုးကောင်းသားအမျိုးကောင်းသမီးသည် အဝတ်တန်ဆာနံ့သာလိမ်းကျံခြင်းနှင့် မကင်းနိုင်သကဲ့သို့ သံသရာ၏ ခရီးသည်-သတ္တဝါများသည်လည်း သီလနှင့်ကင်း၍ ဖြစ်နိုင်မည် မဟုတ်သည်သာဖြစ်သည်။

သို့ဖြစ်၍ ရဟန်းသာမဏေများသည် ရဟန်းသာမဏေများကျင့်သုံးရသော သီလနှင့် ပြည့်စုံအောင် နေထိုင်မှုလို၍ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေထိုင်သောလူများသည်လည်း လူတို့၏သီလနှင့် ပြည့်စုံအောင် နေထိုင်သင့်သည်။

သီလဟူသည် (၁) ကောင်းစွာထားရှိခြင်း၊ (၂) ကောင်းစွာ ဆောင်ရွက်ခြင်းဟူသော အနက်ရှိ၏။

## ကောင်းစွာ ထားရှိခြင်း

ကောင်းစွာထားရှိခြင်းဟူသည်.... ကာယကံနှင့် ဝစီကံမှုတို့ကို ဖရိုဖရဲမရှိစေခြင်းပင် ဖြစ်၏၊ သီလမစောင့်ထိန်းသော သူတို့၏ သန္တာန်၌ ကာယကံမှု ကိုယ်အမူအရာ အပြုသဘော၊ ဝစီကံမှု နှုတ်အမူအရာ အပြောအဆိုသဘောတို့သည် အထိန်းမရှိသော ချည်ခင်ပမာ ဖြစ်လိုရာ ဖရိုဖရဲ ဖြစ်နေပါတော့ကြသည်၊ သီလစောင့်ထိန်းလိုက်သောအခါ ထိုကာယကံမှု ဝစီကံမှုတို့သည် ဖရိုဖရဲ မဖြစ်ကြတော့ပေ။

စိတ်နေစိတ်ထားအားဖြင့် ထက်မြက် ကြမ်းတမ်းသောသူကို အခြားသူတယောက်က မခံနိုင်အောင် လာရောက် ပြောဆိုပြုမူလာလျှင်၊ ထိုသူသည် သီလမဆောက်တည်သောအခါ ဖြစ်က အတုံ့အပြန် လက်စားချေသော အားဖြင့် ကာယကံ သောင်းကျန်းမှု ဝစီကံသောင်းကျန်းမှုတို့ကို ပြုမူပြောဆို ဖရိုဖရဲဖြစ်မည်ဖြစ်သော်လည်း၊ သီလဆောက်တည်ထားသည့်အခါ၌ မိမိစိတ်ကို ထိန်း အုပ်ချုပ်တည်းကာ၊ ကာယကံမှု ဝစီကံမှု သောင်းကျန်းခြင်းမရှိရလေအောင် ကောင်းစွာထားနိုင်လေသည်၊ ကာယကံမှု ဝစီကံမှု ဖရိုဖရဲ ဆွမရတားမရ မဖြစ်လေအောင် ထိုသူ စောင့်ထိန်းသောသီလက ထိန်းအုပ်ထားလေသည်။

## ကောင်းစွာ ဆောင်ရွက်ခြင်း

ကောင်းစွာ ဆောင်ရွက်ခြင်း ဟူသော ဒုတိယအနက်၏ အဓိပ္ပါယ်ကား ကုသိုလ်တရား ဟူသမျှသည် သီလနှင့် ကင်း၍ ကောင်းစွာမဖြစ်နိုင်၊ သီလရှိသောသူတို့သန္တာန်မှာသာ ကုသိုလ်တရားတို့ ကောင်းစွာ ဖြစ်ပွားနိုင်သည်၊ သို့ဖြစ်၍ သီလသည် ကုသိုလ်ဟူသမျှတို့၏မူလတည်ရာအကြောင်းရင်းဖြစ်ရကားစတုဘူမက ကုသိုလ်တရားတို့ ဖြစ်ပွားအောင် ဆောင်ရွက်တတ်သော တရား ဖြစ်လေသည်။

## သီလမည်ခြင်း အကြောင်း

ဖေါ်ပြပါအကြောင်းအရာကိုထောက်၍ "အဘယ့်ကြောင့် သီလခေါ်သနည်း" ဟု မေးလျှင် ကာယကံမှု ဝစီကံမှုတို့ကို ရန့်ရင်း ကြမ်း တမ်း စွာ ဖြစ်ခွင့် မပေးဘဲ သိမ်မွေ့နူးညံ့အောင် ကောင်းစွာ ထားတတ်သောကြောင့်၎င်း၊ ကာမကုသိုလ်၊ ရုပ

ကုသိုလ်, အရူပကုသိုလ်, လောကုတ္တရာကုသိုလ်တည်းဟူသော ကုသိုလ်လေးမျိုးတို့ အဆင့်ဆင့် ဖြစ်ပွားအောင် အခြေခံ အကြောင်းရင်းအဖြစ်ဖြင့် ကောင်းစွာ ရွက်ဆောင် တတ်သော ကြောင့်ရင်း၊ သီလခေါ်သည်ဟု ပြတ်ပြတ်သားသား ဖြေကြား နိုင်သည်။

**သီလအကျိုး ဆင့်ဆင့်တိုး**

သီလသည် စောင့်ထိန်းသူ၏စိတ်နှလုံးကို သာယာရွှင်လန်း စေနိုင်ခြင်းဖြစ်ရုံမျှမက ဝမ်းမြောက်ခြင်းခေါ်သည့် နုသော ပီတိ ပါမောဇ္ဇဖြစ်၏၊ ပါမောဇ္ဇဖြစ်သောသူမှာ နှစ်သက်ခြင်း ရင့်သော ပီတိဖြစ်၏၊ ပီတိတရားဖြစ်သောသူမှာ ကိုယ်စိတ်၏ငြိမ်းချမ်းခြင်း ပဿဒ္ဓိဖြစ်၏၊ ပဿဒ္ဓိတရား ဖြစ်ပွားသော သူမှာ ကိုယ်စိတ်၏ ချမ်းသာခြင်းသုခဖြစ်၏၊ သုခဖြစ်သော သူမှာ တည်ကြည်ခြင်း သမာဓိဖြစ်၊ သမာဓိဖြစ်သောသူမှာ ဟုတ်မှန်တိုင်းသိမြင်နိုင်သော ယထာဘူတဉာဏ်ဖြစ်၏၊ ယထာဘူတဉာဏ်ဖြစ်သောသူမှာ ဝဋ်ဒုက္ခ သံသရာတို့ရတို့၌ ငြီးငွေ့ခြင်း နိဗ္ဗိန္ဒာတည်းဟူသောဗလဝဝိပဿနာ ဉာဏ်ဖြစ်၏၊ ထိုဉာဏ် ဖြစ်သူမှာ တပ်နှစ်သက်ခြင်း ကင်းသော မဂ်တရားဖြစ်၏၊ မဂ်တရား ဖြစ်သော သူမှာ ဝိမုတ္တိဟု ခေါ်ဆို ရသော အရဟတ္တဖိုလ်တရားဖြစ်၏၊ ထိုတရားဖြစ်သူမှာ မဂ်ဖိုလ် နိဗ္ဗာန်တို့ကို ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာဉာဏ် ဖြစ်၏၊ ထိုဉာဏ် ဖြစ်သောသူမှာ ခန္ဓာအကြွင်းမရှိဘဲ ပရိနိဗ္ဗာန်စံယူနိုင်၏၊ ဤသို့ လျှင် ပရိနိဗ္ဗာန်စံယူသည်အထိ အကျိုးများစွာသောဂုဏ်ကျေးဇူး တို့ကို ရစေနိုင်ခြင်းအကျိုးရှိသည်။

(အင်္ဂုတ္တရပါဠိ ဒုတိယအုပ် ဆ၃–၃၁၅)

ထို့ကြောင့် ငါးပါးသီလကို အမြဲစောင့်ထိန်း၍၎င်း၊ ရှစ်ပါးသီလကို ဝါပ, ဝါတွင်း ဥပုသ်နေ့များ၌စောင့်ထိန်း၍၎င်း၊ သီလရှိသူအဖြစ် မားမားမတ်မတ် ရပ်တည်ကာ စောင့်ထိန်းကြသော်သာ အစား, အဝတ်, ဖိးလိမ်းချယ်လှယ်မှုတို့ဖြင့် အချိန်ကုန်လွန်ခဲ့၍ နွားချေးပုံးမ, ဖြစ်သွားရရှာသောရှင်ဘုရင်ကတော် နန်းကြီးပျော် ဥပရိဒေဝီမိဖုရားတို့လို ဘဝမျိုးမှ ကင်းလွတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ရေးသားလိုက်ရပေသတည်း။ ။

# ၅။ သီလ ဆောက်တည်ကြရာဝယ်

"သီလတည်းဟူသောတန်းဆာနှင့်တူသောတန်းဆာမည်သည် မရှိ၊ သီလတည်းဟူသော အနံ့နှင့်တူသော အနံ့မည်သည် မရှိ၊ သီလနှင့်တူသောကိလေသာအညစ်အကြေးကို သုတ်သင်ကြောင်း အရာဝတ္ထုမည်သည်မရှိ၊ သီလနှင့်တူသော ပူလောင်ခြင်း၏ ငြိမ်းအေးရာဌာနမည်သည်မရှိ၊ သီလနှင့်တူသောအကျော်စောကို ဖြစ်စေတတ်သောအရာမည်သည် မရှိ၊ သီလနှင့်တူသော နတ်ပြည်သို့ တက်ရောက်ကြောင်း စောင်းတန်းလှေခါးမည်သည် မရှိ၊ နိဗ္ဗာန်ရွှေမြို့သို့ဝင်ရာ၌လည်း သီလနှင့်တူသော တံခါးပေါက် မည်သည် မရှိ" ॥ ॥

(ခုဒ္ဒကနိကာယ ဗုဒ္ဓဝံသအဋ္ဌကထာ ဆဋ္ဌ–၁၄၆)

## ဥပုသ် (၃) မျိုး

ဥပုသ်သီလသည် နိဂဏ္ဌဥပုသ်သီလ၊ ဂေါပါလဥပုသ် သီလ၊ အရိယဥပုသ်သီလဟူ၍ (၃) မျိုးရှိသည်၊ ယူဇနာတရာမှအပ ဖြစ်သောသတ္တဝါတို့ကို ငါမသတ်အံ့၊ ယူဇနာတရာအတွင်း၌ရှိသော သတ္တဝါတို့ကိုသာ ငါသတ်အံ့၊ အစရှိသည်ဖြင့် ဆောက်တည်သောဥပုသ်သီလသည် တိတ္ထိတို့၏ဥပုသ်ဖြစ်သောကြောင့် နိဂဏ္ဌဥပုသ်သီလမည်သည်။

ဥပုသ် ဆောက်တည်သော ကာလ၌ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုမအောက်မေ့မဆင်ခြင်မူ၍ နက်ဖြန်ဥပုသ် ထွက်လျှင် ငါမည်သည့်အစာကို စားမည်၊ မည်သည့်အဝတ်ကို ဝတ်မည်၊

အစရှိသည်ဖြင့် အိမ်ထောင်မှုကိစ္စ, စားဝတ်နေမှုကိုသာ အောက်မေ့၍ ကာလအချိန်အခါကို လွန်စေသောဥပုသ်သည် နွားအပေါင်းအား မြက်စားရာ, ရေတိုက်ရာအရပ်တို့ကို နွားကျောင်းသားတို့ ကြံစည်အောက်မေ့သည်နှင့်တူသောကြောင့် ဂေါပါလဥပုသ်မည်သည်။

ဥပုသ်ဆောက်တည်ပြီးချိန်၌ စား, နေ, ဝတ် ဟူသော အိမ်ထောင်မှုကိစ္စ ဝေယျာဝစ္စကို မကြံစည်, မအောက်မေ့ မပြောဆိုမူ၍ အရဟံ အစရှိသောဘုရားရှင်ကိုယ်တော်မြတ်၏ကိုးပါးသောဂုဏ်တော်, သွာက္ခာတတာ - အစရှိသော တရားတော်၏ ခြောက်ပါးသောဂုဏ်တော်, သုပ္ပဋိပန္နတာ – အစရှိသော သံဃာတော်၏ ကိုးပါးသောဂုဏ်တော်, ကျွိရတနာမြတ် သုံးပါး၏ ဂုဏ်တော်ကို စီးဖြန်းရွတ်ဖတ်သရဇ္ဈာယ်ခြင်း, တရားစကားကို ပြောဟောခြင်း, အစရှိသည်ဖြင့် ကုသိုလ်တရားကိုပွားများစေလျက် ဆောက်တည်သော ဥပုသ်သီလသည် သူတော်ကောင်း တို့၏ ဥပုသ် ဖြစ်သောကြောင့် အရိယဥပုသ်မည်သည်။

ထို(၃)ပါးတွင် နိဂဏ္ဌဥပုသ်သည် အကျိုးလုံးဝမရှိ၊ဂေါပါလဥပုသ်သည် နည်းသောအကျိုးရှိ၏၊ အရိယဥပုသ်သည် အတုမရှိမြတ်သောအကျိုးရှိ၏။

(တိကနိပါတ အင်္ဂုတ္တရပါဠိ)

## သီလဆောက်တည်ရာ၌ မှတ်သားဖွယ်

သီလဆောက်တည်သော သူများအနေဖြင့် ရဟန်းသံဃာ မရှိခြင်း၊ ရှိငြားသော်လည်း အလွန်ဝေးခြင်း၊ မိမိက မကျန်းမာ

ခြင်း၊ ဤသို့စသောအကြောင်းများကြောင့် ပညာရှိသော လူများအထံ၌ ဆောက်တည်နိုင်သည်၊ စေတီရုပ်ပွားရှေ့မှာလည်း ဆောက်တည်နိုင်သည်၊ သီလပေးမည့်သူမရှိလျှင် ကိုယ့်ဘာသာ ဆိုတတ်က ကိုယ့်ဘာသာပင် ဆောက်တည်နိုင်သည်၊ သို့သော် ငြားလည်း ဝစီဖြင့် နှုတ်မြွက်၍ကား ဆောက်ကည်ရ ပေသည်၊ ရဟန်းသံဃာများအပေါ်၌ ပြစ်မှားလိုသောစိတ်, ဆန့်ကျင်သော စိတ် မထားသင့်သည်သာဖြစ်သည်။

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ အစရှိသည်ဖြင့်အသီးအသီး တပါးစီ ဆောက်တည်သောသူ၌ အကြင်သိက္ခာပုဒ်ကို လွန်ကျူးမိ၏၊ ထိုလွန်ကျူးမိသောသိက္ခာပုဒ်သည်သာ ပျက်သည်။

ငါးပါးရှစ်ပါးစသည်ကို–ပဉ္စသီလံ သမာဒိယာမိ-အဋ္ဌင်္ဂသီလံ သမာဒိယာမိ-စသည်ဖြင့် တပေါင်းတည်း ဆောက်တည်သောသူ၌ တပါးသောသိက္ခာပုဒ်ပျက်လျှင် အလုံးစုံသောသိက္ခာပုဒ်တို့သည် ပျက်ကုန်၏ဟု ကျမ်းဂန်၌လာသည်။

## သီလာနုဿတိ
## ကမ္မဋ္ဌာန်းဖြစ်အောင် ဆင်ခြင်ပုံ

"မြတ်စွာဘုရား၏တပည့်သားအရိယာ သံဃာတော်မြတ်သည် အသက်ထက်ဆုံး သူတပါးအသက်ကို သတ်ခြင်းကိုပယ်၍ သူတပါးအသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်တော်မူသကဲ့သို့ ငါသည်လည်း ဤနေ့ညဉ့်ပတ်လုံး သူတပါးအသက်ကို သတ်ခြင်းကို

ပယ်၍ သူတပါးအသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ပါ၏” ဤသို့စသည်ဖြင့် ငါးပါးသော သိက္ခာပုဒ် ကုန်အောင် ဆို၍ ဆင်ခြင်ရသည်။

ဤသို့ သီလာနုဿတိကမ္မဋ္ဌာန်းကိုအဖန်တလဲလဲ စီးဖြန်းသော ဥပုသ်သည် ဓယာကျောမိန်းမတို့သည် မိမိဆောက်တည်ထားသော သိက္ခာပုဒ်တို့ကို အောက်မေ့ရခြင်းကြောင့် ရာဂ, ဒေါသ, မောဟစသော စိတ္တုပ္ပါဒ်ယုတ်တို့သည် မပေါ်လာနိုင်သဖြင့် အလွန်ကြည်လင်သောစိတ်ရှိကုန်၏၊ နတ်တို့သည်လည်း ကြည်ညိုကုန်၏၊ ယခုဘဝ၌ပင် မဂ်ဖိုလ်မရသော်လည်း မတွေမဝေသေရ၍ သုဂတိဘဝသို့ လားရောက်နိုင်ကြောင်းကို ကျမ်းဂန်၌ လာရှိသည်ဖြစ်၍ နှုတ်ရဆောင်ကာ ဆင်ခြင်သင့်ပေသည်။

နတ်ပြည်တံခါးပွင့်ချိန်ဟု ခေါ်ဆိုသင့်သော ဝါတွင်းကာလသမယ၌ရင်း၊ ဝါပ, ကာလသမယ၌ရင်း ထိုက်သလောက် အလှူဒါနပြု၍ ရှစ်ပါးသီလ စောင့်ထိန်းပြီးလျှင် ဘာဝနာတရားကိုလည်း အားထုတ်၍ နိဗ္ဗာန်မဂ်ဖိုလ်အမြိုက်တရားကို အရယူနိုင်ကြပါစေသတည်း။

# ၆။ သီလနှင့် စပ် သိမှတ်ဖွယ်ရာ

သီလသည် စာရိတ္တသီလ ဝါရိတ္တသီလဟူ၍ နှစ်မျိုးရှိရာ ဗုဒ္ဓမြတ်စွာ ပညတ်တော်မူအပ်သော သိက္ခာပုဒ် အမျိုးအစားမှာ "ဤအမှုကို ပြုကျင့်ရမည်"ဟု ပညတ်တော်မူအပ်သော လိုက်နာပြုကျင့်ရမည့်သိက္ခာပုဒ်တမျိုး၊ "ဤအမှုကို မပြုမကျင့်ရ" ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တမျိုးဟူ၍ သိက္ခာပုဒ် နှစ်မျိုးရှိသည့်အနက် "ဤအမှုကို ပြုကျင့်ရမည်"ဟု ပညတ်တော်မူအပ်သော ဥပဇ္ဈာယဝတ်, အစရှိယဝတ်အစရှိသည့် သိက္ခာပုဒ်များကို ဗုဒ္ဓမြတ်စွာ အလိုတော်ကျအတိုင်း လိုက်နာပြုလုပ်ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလမည်သည်။

"ဤအမှုကို မပြုမကျင့်ရ"ဟု ပညတ်တော်မူအပ်သောပါရာဇိကသိက္ခာပုဒ်အစရှိသည်တို့ကို ဗုဒ္ဓမြတ်စွာအလိုတော်ကျအတိုင်း မပြုမလုပ် ရှောင်ကြဉ်သော အားဖြင့် စောင့်ထိန်းခြင်းသည် ဝါရိတ္တသီလမည်၏ဟု အကျဉ်းမှတ်သင့်သည်။

## ရဟန်းများအတွက်

ရဟန်းတော်များအတွက် "ဤအမှုကို ပြုကျင့်ရမည်"ဟု ဗုဒ္ဓမြတ်စွာ ပညတ်ဟောကြားထားသော ဥပဇ္ဈာယဝတ် စသည်တို့ရှိကြ၏၊ ထိုဝတ်တို့ကို မဖြည့်ကျင့် မပြုလုပ်သော သဒ္ဓိဝိဟာရိက တပည့်စသည်တို့မှာ စာရိတ္တသီလမပြည့်ဝသည့်ပြင် ဝတ္တရားပျက်ခြင်းကြောင့် ဝတ္တဘေဒဒုက္ကဋ်အာပတ်တည်းဟူသော ဝိနည်းပြစ်သင့်သောကြောင့် ရဟန်းတော်များအတွက် ဖြစ်လျှင် "မကျင့်

သော်လည်း အပြစ်မရှိ” ဟူသော စကားမျိုးကို မပြောမဆိုဘဲ “ဤအမှုကို ပြုကျင့်ရမည်”ဟု ဗုဒ္ဓမြတ်စွာပညတ်အပ်သောသိက္ခာပုဒ်များကို ဗုဒ္ဓမြတ်စွာအလိုတော်ကျအတိုင်း လိုက်နာဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလမည်၏ဟူ၍သာ မှတ်သားသင့်သည်။

## လူများအတွက်

အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသူများ အတွက်ကား စာရိတ္တ, ဝါရိတ္တခွဲဝေရာ၌ ရှောင်ကြဉ်ရမည့်ဒုစရိုက်မှုချင်း တူစေကာမူ အကြင်ဒုစရိုက်မှုမျိုးသည် အပါယ်ပဋိသန္ဓေကျိုးကို ကေန်ပေးနိုင်သောသဘောရှိ၏၊ ထိုသို့သော အပါယ် ပဋိသန္ဓေကျိုး ကေန်ပေးနိုင်သည့် ဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလမည်၏၊ အကြင် ဒုစရိုက်မှုမျိုးသည် အပါယ်ပဋိသန္ဓေကျိုးကို ပေးနိုင်သည်လည်းရှိ၏၊ မပေးနိုင်သည်လည်းရှိ၏၊ ထိုသို့သဘောရှိသော ဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ခြင်း သည်၎င်း၊ သက်ရှယ်ကြီးရင့်သောပုဂ္ဂိုလ်တို့အားရိုသေမှုစသည်၎င်း စာရိတ္တသီလမည်၏ဟု မှတ်သားသင့်သည်။

## ဉပမာ

လူတို့ ကျင့်သုံးအပ်သော ငါးပါးသီလရှိရာ ထိုငါးပါးသီလလာရှောင်ကြဉ်ရမည့် သူ့အသက်ကိုသတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း, သူ့အိမ်ရာကိုကျူးလွန်ခြင်း, မုသားပြောဆိုခြင်း, သေအရက်သောက်ခြင်း, တည်းဟူသော ဒုစရိုက်တို့မှာ လွန်ကျူးလျှင် အပါယ်ပဋိသန္ဓေကျိုးကို ကေန်ပေးစွမ်းနိုင်သည်၊ ထို့ကြောင့် ထိုသို့သဘောရှိသည့် အပါယ်ပဋိသန္ဓေကျိုးကို ကေန်ပေးစွမ်းနိုင်

သည့်ဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ခြင်းငါးပါးသီလသည် ဝါရိတ္တသီလမည်၏။

လူတို့ ကျင့်သုံးအပ်သော ရှစ်ပါးသီလတွင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ သုရာမေရယ၊ ဤလေးပါးတို့မှာ ဆိုခဲ့ပြီးသည့်အတိုင်း ဝါရိတ္တသီလသာဖြစ်၏၊ အဗြဟ္မစရိယ - အစရှိသည့် ကျန်လေးပါးလာ မမြင့်သောအကျင့်ကိုကျင့်ခြင်း (သို့မဟုတ်) မိမိအိမ်ရာနှင့်စပ်ယှက်ခြင်း၊ နေလွဲညစာစားခြင်း၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနာထောင်မှုစသည်၊ မြင့်မြတ်သောနေရာတို့၌ အိမ်နေမှု၊ ဤအရာစုများကို သောတာပန် အရိယာ, သကဒါဂါမ်အရိယာတို့ ပြုကျင့်ကြသည်မှာ— အပါယ်လားကြောင်းမဟုတ်သည့် ဒိဋ္ဌိဝိပ္ပယုက်စိတ်မျိုးဖြင့်သာ ပြုကြခြင်းဖြစ်သည်- ပုထုဇ္ဇန် သာမန်တို့ကား အပါယ်လားကြောင်း, မလားကြောင်း ဒိဋ္ဌိသမ္ပယုတ်, ဒိဋ္ဌိဝိပ္ပယုတ်စိတ် နှစ်မျိုးဖြင့်ပင် ပြုကြခြင်းဖြစ်သည်၊ ထို့ကြောင့် ထိုအဗြဟ္မစရိယ အစရှိသည့် ကျန်လေးပါးတို့ကိုရှောင်ကြဉ်ရာ၌ သောတာပန်, သကဒါဂါမ်, အရိယာတို့ကိုင့်၍ စာရိတ္တသီလဟု ခေါ်ဆိုသင့်သည်။

## အဆုံးအဖြတ်

သရဏဂုံတည်သော ဥပါသကာတယောက်သည် ငါးပါးသီလကို လုံလုံခြုံခြုံစောင့်ထိန်းလျှင်ပင် သီလရှိသော ဥပါသကာဖြစ်နိုင်ပေသည်၊ ထိုထက် အထက်တန်းကျကျ မြတ်သောအကျင့်ကို ကျင့်သုံးရန်အတွက် ရှစ်ပါးသီလကို တိုးတက်စောင့်ထိန်းခြင်း

ဖြစ်ပေသည်၊ "ရှစ်ပါးသီလစောင့်နိုင်မှသာ အပါယ်မကျနိုင်မည်၊ ငါးပါးသီလ စောင့်ရုံမျှနှင့် အပါယ်ဘေးမှ မလွတ်နိုင်" ဟု ဟောဆိုချက်မရှိပေ၊ ထို့ကြောင့် ရှစ်ပါးသီလသည် ပါဝင်သော အပြုဟူစရိယပိရတီ စသော နောက်လေးပါးသော သီလတို့ကို စာရိတ္တသီလသည် သွင်းယူသင့်သည်။

ရဟန်းတော်များအဘို့မှာမူ ထိုမမြတ်သောအကျင့်ကို ကျင့်ခြင်း၊ နေလွဲညစာစားခြင်းစသည်တို့ကို မပြုရဟူ၍ ဗုဒ္ဓမြတ်စွာ ဟောကြား တားမြစ်ထားသောကြောင့် ထိုအမှုလေးမျိုးတို့မှ ရှောင်ကြဉ်ခြင်းသီလကို ဝါရိတ္တသီလဟူ၍သာ ခေါ်ဆိုရမည်ဖြစ်ကြောင်း ရေးသားလိုက်ပေသတည်း။ ။

# ၇။ ဆယ်ပါးသီလ

ဆယ်ပါးသီလကို အိမ်ရာတည်ထောင် လူ့ဘောင်နေသူများ စောင့်သုံးသင့် မစောင့်သုံးသင့် ပြဿနာတခုရှိသည် ပါရာဇိက ကဏ္ဍအဋ္ဌကထာ ပထမပါရာဇိက အဓိသီလသိက္ခာအဖွင့်၌ "ငါးပါးသီလ, ဆယ်ပါးသီလကို ဗုဒ္ဓမြတ်စွာ ပွင့်တော်မူသော အခါ ဗုဒ္ဓမြတ်စွာတို့သည်၎င်း၊ တပည့်သာဝကတို့သည်၎င်း၊ လူအပေါင်းကို ဆောက်တည်စေကုန်၏" ဟူ၍၎င်း၊ "ဗုဒ္ဓမြတ်စွာ မပွင့်သောအခါ၌ ပစ္စေကဗုဒ္ဓါ, ကမ္မဝါဒီဓမ္မိကရဟန်း, ပုဏ္ဏား, စကြာမင်းမြတ်, ဘုရားအလောင်းတို့သည် လူအပေါင်းကို ငါးပါးသီလ, ဆယ်ပါးသီလကို ဆောက်တည်စေကုန်၏" ဟူ၍၎င်း၊ မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာ ဆိုထားသည်ဖြစ်၍ ဆယ်ပါးသီလကို လူတို့ဆောက်တည်ကောင်းသည် ဟူ၍ မှတ်သားသင့်သည်။

(ပါရာဇိက ကဏ္ဍ အဋ္ဌကထာ ဆ၅-၂၀၇)

### သာယာရုံဖြင့် သီလမပျက်

ဆယ်ပါးသီလ ဆောက်တည်သောလူဒါယကာ, ဒါယိကာမ များသည် ဝတ်မြဲဖြစ်သော ရွှေငွေကိုမဝတ်ဘဲ ချွတ်ထားလျက် သာယာရုံမျှဖြင့် သီလမပျက်နိုင်ပေ၊ ရွှေငွေကို ဝတ်ထားလျက် သာယာလျှင် သီလပျက်သည်၊ သီလစောင့်ထိန်းဆဲ ဝတ်မြဲရွှေငွေကို မဝတ်သင့်ပေ၊ မိမိအိမ်မှာရှိသော မဝတ်ဘဲထားသော ရွှေငွေ

ကို သာယာရုံမျှဖြင့် သီလမပျက်ရာ၌ အထောက်အထား ယုတ္တိမှာ ရှစ်ပါးသီလကို စောင့်ထိန်းသော ပုဂ္ဂိုလ်သည် အဖြုဟ္မ စရိယ သိက္ခာပုဒ်အတွက် မေထုနသံဝါသပြုသော်သာလျှင် သီလပျက်၍ မိမိမယား, မိမိလင်ယောကျာ်းကို သာယာရုံမျှဖြင့် အဗြဟ္မစရိယ သိက္ခာပုဒ်မပျက်သကဲ့သို့တည်း။ ဆောက်တည်ဆဲ ဆောက်တည် ပြီး၌ ရွှေငွေကိုကိုင်တွယ်လျှင်သော်၎င်း ရွှေငွေဖြင့် ရောင်းဝယ် ခြင်းပြုသော်၎င်း ဇာတရူပ ရဇတသိက္ခာပုဒ်ပျက်သည်။

# ၈။ အာဇီဝဋ္ဌမကသီလ

အရိယာမဂ်၏အဦးအစဆိုသည်မှာ ရှေးအဘို့က အရိယာမဂ်၏အခြေခံအကျင့်တရား အလျဉ်းမရှိသေးသူတို့ စတင်ကျင့်ကြံမှသာ အဦးအစဟုခေါ်ဆိုရပေမည်၊ မိစ္ဆာဝါဒမှ ဗုဒ္ဓဝါဒသို့ ကူးပြောင်းစသူများ ထိုအာဇီဝဋ္ဌမက သီလကို အစပိုင်း၌ ကျင့်သုံးသင့်သော်လည်း ဗုဒ္ဓအယူဝါဒ ရင့်သန်ပြီးသောသူတို့မှာ ရှေးကပင် ထိုအာဇီဝဋ္ဌမက သီလအကျင့် ရင့်သန်ပြီး ဖြစ်ကြ၍ ယခုမှ ဆောက်တည် သော်လည်း အရိယမဂ်၏အစ ဖြစ်သော အကျင့်ဟု မဆိုသင့်သည်သာ ဖြစ်သည်။

ဗုဒ္ဓအယူဝါဒရင့်သန်ပြီးသောသူတို့မှာ မိဖများကိုမဆိုထားဘိ ထိုမိကောင်းဖကောင်းတို့၏ သားသမီးများပင်သော်မှ မိဖတို့၏ သွန်သင်ပြသဆိုဆုံးမချက်အရ ငယ်ရွယ်စဉ်ကာလကပင် ပါဏာတိပါတ အစရှိသော ထိုဒုစရိုက်အမှုကြမ်းကြီးများကိုပြုလုပ်လျှင် ငရဲကြီးတတ်သည်ဟူ၍ ယုံကြည်သိမှတ်ကြသဖြင့် ရှောင်ကြဉ်ကြပေသည်။

ထိုသူငယ်များအချိန်အရွယ်ကြီးရင့်၍ သီလဆောက်တည်ကြသောအခါ အာဇီဝဋ္ဌမက သီလဖြင့် ရှောင်ကြဉ်ရမည့် ဒုစရိုက်အကြမ်းကြီးများကို ငယ်စဉ်ကပင် ရှောင်ကြဉ်ပြီး ဖြစ်ကြသောကြောင့် ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလတို့ကိုသာ အစဉ်အတိုင်းတိုးတက်ဖြည့်ကျင့်သင့်သည်။

တနည်းအားဖြင့် ပြဆိုရသော် အာဇီဝဋ္ဌမက သီလ ဟူသည် သီလဟူ၍ အငွေ့အသက်မျှ မရှိဘူးသေးသည့် ဒုစရိုက်တုံးကြီး ဖြစ်နေသူများကိုသာ ထိုဒုစရိုက်ကြမ်းကြီးများမှ ရှောင်ကြဉ်ရန် ဆုံးမအပ်သောသီလဖြစ်သည်၊ ငယ်စဉ်က မိဘအဆုံးအမကို ရရှိသောဖေါ်ပြပါ ကလေးများမှာ ဒုစရိုက်တုံးကြီးများ မဟုတ်တော့သည့်အတွက် အာဇီဝဋ္ဌမကသီလကို အထူးဖြည့်ကျင့်ရန် မလိုကြောင်း ကောင်းကောင်းကြီး ထင်ရှားပေသည်။

ဤစကားကို သာသနာ့ထွန်းကားသည့် ယခုခေတ်ကိုအစွဲပြု၍ ပြောဆိုရခြင်းဖြစ်သည်။

# ၉။ ဓုတင်အကျင့်

သီလပြုစင်ကြောင်း ကောင်းမြတ်သော အလိုနည်းခြင်း ရောင့်ရဲခြင်း အစရှိသော ဂုဏ်တို့ကို ပြည့်စုံစေခြင်းငှာ ဓုတင် ဆောက်တည်မှုကိုပြုကြကြသည်၊ ဓုတင်ဆောက်တည်မှုဆိုသည်မှာ ကိလေသာတို့ကို ဖျက်ဆီးတတ်သော အကြောင်းအင်္ဂါသမာဒါန စေတနာကို ကောင်းစွာယူခြင်း ဆောက်တည်ခြင်းပင် ဖြစ်သည်။

## ဓုတင်ဆောက်တည်လိုလျှင်

ဓုတင်ဆောင် ယောဂီပုဂ္ဂိုလ်သည် ဗုဒ္ဓမြတ်စွာ သက်တော် ထင်ရှားရှိပါလျှင် ဗုဒ္ဓမြတ်စွာထံတော်ပါး၌သာ ဆောက်တည် ရသည်၊ ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံပြီးဖြစ်လျှင် မဟာသာဝကများ ထံ၌ ဆောက်တည်ရသည်။

မဟာသာဝကများမရှိလျှင် အခြားသောရဟန္တာများအထံ၌၊ ရဟန္တာ မရှိလျှင် အနာဂါမ်အထံ၌၊ အနာဂါမ် မရှိလျှင် သကဒါဂါမ်အထံ၌၊ သကဒါဂါမ် မရှိလျှင် သောတာပန် အထံ၌၊ သောတာပန် မရှိလျှင် ပိဋကသုံးပုံဆောင် ရဟန်းများ အထံ၌၊ ပိဋကတ်သုံးပုံဆောင် မရှိလျှင် ပိဋကနှစ်ပုံဆောင် ရဟန်းများ အထံ၌၊ ပိဋကနှစ်ပုံဆောင်မရှိလျှင် ပိဋကတ်တပုံဆောင် ရဟန်းများအထံ၌၊ ပိဋကတပုံဆောင်မရှိလျှင် နိကာယ်တခုကိုဆောင် သောရဟန်းများအထံ၌ ဆောက်တည်ရသည်။

နိကာယ်ဆောင်မရှိလျှင် အဋ္ဌကထာဋီကာတို့ကို လေ့လာ ပို့ချနေသော ဆရာအထံ၌ ဆောက်တည် ရသည်၊ ဂန္ထန္တရ

ဗဟုသုတရဟန်း မရှိလျှင် ဓုတင်ဆောင်ပုဂ္ဂိုလ်အထံ၌ ဆောက်တည်ရသည်၊ ဓုတင်ဆောင် ပုဂ္ဂိုလ်မရှိလျှင် စေတီယင်ပြင်ကို တံမြက်လှည်း၍ ဆောင့်ကြောင့်ထိုင်လျက် ဗုဒ္ဓမြတ်စွာရှေ့တော် မှောက်၌ ဆောက်တည်သော အလားကဲ့သို့ သဘောထား၍ ဆောက်တည်ရသည်၊ မိမိအလိုကိုလည်း ဆောက်တည်နိုင်သည်။

**သတိပြုရန်အချက်**

အရှင်ဗာကုလ မထေရ်ကဲ့သို့ မိမိကိုယ်တိုင် ဓုတင်ဆောက်တည်၍ သူတပါးကို ဓုတင်ဖြင့် မဆုံးမသော (ဓုတ နဓုတဝါဒ) ပုဂ္ဂိုလ်လည်း မဖြစ်စေသင့်ပေ။

ဥပနန္ဒမထေရ်ကဲ့သို့ မိမိကိုယ်တိုင် ဓုတင် မဆောက်တည်မူ၍ သူတပါးကိုဓုတင်ဖြင့်ဆုံးမသော(န ဓုတ-ဓုတဝါဒ)ပုဂ္ဂိုလ်လည်း မဖြစ်စေသင့်ပေ။

လာဠုဒါယီရဟန်းကဲ့သို့ ကိုယ်တိုင်လည်း ဓုတင် မဆောင်၊ သူတပါးကိုလည်း ဓုတင်ဖြင့်မဆုံးမသော(နေဝ ဓုတံ နဓုတဝါဒ) ပုဂ္ဂိုလ်လည်း မဖြစ်စေသင့်ပေ။

အရှင်သာရိပုတ္တရာ မဟာထေရ်ကဲ့သို့ ကိုယ်တိုင်လည်း ဓုတင် ဆောင်၊ သူတပါးကိုလည်း ဓုတင်ဖြင့်ဆုံးမသော (ဓုတ ဓုတဝါဒ)ပုဂ္ဂိုလ်မျိုးသာ ဖြစ်စေသင့်သည်။

**ဓုတင်၏လက္ခဏာ**

ဓုတင်တို့သည် ဆောက်တည်ခြင်း၏အစွမ်းအားဖြင့် ဖြစ်သော စေတနာမှတ်ကြောင်း လက္ခဏာရှိကုန်၏။

## ဓုတင်၏ရသ

ကုသိုလ်တဏှာကို လွန်စွာ လုံယူတတ်သောတဏှာဖြစ်ခြင်းကို ဖျက်ဆီးခြင်းကိစ္စရှိကုန်၏။

## ဓုတင်၏ပစ္စုပဋ္ဌာန်

တဏှာကင်းသောအဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်ကုန်၏။

## ဓုတင်၏ပဒဋ္ဌာန်

စင်ကြယ်သောသီလအစရှိသော သူတော်ကောင်း တရားလျှင်နီးစွာသောအကြောင်း ရှိကုန်၏။

## ဓုတင်ကိုမှီဝဲသင့်ကြောင်း

ရာဂ, ဒေါသ, မောဟ အားကြီးသူယောဂီပုဂ္ဂိုလ်အား ဓုတင်ဆောက်တည်သဖြင့် ကမ္မဋ္ဌာန်းတရားတိုးပွားအံ့၊ ထိုယောဂီပုဂ္ဂိုလ်သည် ဓုတင်ကို မှီဝဲဆောက်တည်အပ်၏။

နူးညံ့သိမ်မွေ့သည်၏အဖြစ်ကြောင့် ကြမ်းသော အကျင့်ကိုသည်းမခံနိုင်သောယောဂီပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းတရားဆုတ်ယုတ်ပျက်ပြားအံ့၊ ထိုယောဂီပုဂ္ဂိုလ်သည် ဓုတင်ကို မမှီဝဲ မဆောက်တည်အပ်ပေ။

မဟာပုရိသ သဘောရှိသော ယောဂီပုဂ္ဂိုလ်အား ဓုတင်ကိုမှီဝဲသော်ငြားး မမှီဝဲသော်ငြား ကမ္မဋ္ဌာန်းတိုးပွားသည်သာဖြစ်အံ့၊ ထိုယောဂီပုဂ္ဂိုလ်သည် နောင်လာ နောက်သား လူအများကိုစောင့်သောအားဖြင့် ဓုတင်ကို မှီဝဲဆောက်တည်အပ်၏။

အားကြီးသောအကြောင်း ဥပနိဿယကင်းသော ယောဂီပုဂ္ဂိုလ်အား ဓုတင်ကိုမှီဝဲသော်ငှင်း မမှီဝဲသော်ငှင်း ကမ္မဋ္ဌာန်းတရားမတိုးပွားအံ့၊ ထိုယောဂီပုဂ္ဂိုလ် သည်လည်း နောင်အခါအထုံဝါသနာ အကျိုးငှာ ဓုတင်ကို မှီဝဲဆောက်တည်သင့် သည်သာတည်း။

## ဥယျောဇဉ်

အို သူတော်ကောင်း ဗုဒ္ဓသာသနာဝင် အပေါင်းတို့.... သင်သူတော်ကောင်းတို့အား အဓိသီလသိက္ခာ ခိုင်မာသော မီးခံသေတ္တာသည် ကောင်းကောင်းလှလှ မရှိကြသေးသည်၏ အဖြစ်ကြောင့် ရာဂမီး, ဒေါသမီး, မောဟမီး စသော မီးအမျိုးမျိုးတို့က အဓိစိတ္တသိက္ခာဟူသော သမာဓိဥစ္စာ၊ အဓိပညာသိက္ခာဟူသော ပညာဥစ္စာအဖြာဖြာကို အကြင် အကြောင်းကြောင့် လောင်ကျွမ်းခံနေကြရကုန်၏၊ ထိုအကြောင်းကြောင့် သင် သူတော်ကောင်း ဗုဒ္ဓသာသနာဝင် အပေါင်းတို့သည် အဓိသီလသိက္ခာ ခိုင်မာသောမီးခံသေတ္တာကိုကောင်းစွာရကြရန်အကျိုးငှာ ရှိသေကျိုးနွံစွာ အားထုတ်ကြပါကုန်လော့။

## ပံသုကူဓုတင်(၁)

ပံသုကူဓုတင်ဆောင် ရဟန်းသည် အမြတ်စား, အလတ်စား, အညံ့စား, ဟူ၍ သုံးမျိုးရှိသည်၊ သုသာန်, ဈေး, မြို့တံခါး, ရွာတံခါး, အမှိုက်ပုံစသော ဌာန၌ ရသောသင်္ကန်းကို ကောက်ယူ သုံးဆောင်လျှင် အမြတ်စားဖြစ်သည်။

ရဟန်းများကောက်ယူလတ္တံ့ဟု ယခုကာလ ပံသုကူပစ်သလို ချထားအပ်သောသင်္ကန်းကို ကောက်ယူသုံးဆောင်လျှင် အလတ်စားဖြစ်သည်။

ရဟန်းအချင်းချင်းခြေရင်း၌ ချထား၍လှူအပ်သောသင်္ကန်းကို ကောက်ယူသုံးဆောင်လျှင် အညံ့စားဖြစ်သည်။

## တိစီဝရိက်ဓုတင်(၂)

အမြတ်စား တိစီဝရိက်ဓုတင်ဆောင်ရဟန်းသည် သင်းပိုင်ကို ဝတ်၍ ကိုယ်ရုံကိုဖွပ်ကောင်းဆိုးကောင်းသည်၊ ကိုယ်ရုံကို ဝတ်၍ သင်းပိုင်ကိုဖွပ်ကောင်းဆိုးကောင်းသည်၊ သင်းပိုင်ကိုယ်ရုံကိုဝတ်၍ ဒုကုဋ်သင်္ကန်းကြီးကိုဖွပ်ကောင်းဆိုးကောင်းသည်၊ ဒုကုဋ်သင်္ကန်းကြီးကိုကား မဝတ်ကောင်းသည်သာဖြစ်သည်၊ ဤကား ရွာနီးကျောင်း၌ ကျင့်ဝက်တည်း။ တောကျောင်း၌ကား သင်းပိုင်ကိုယ်ရုံနှစ်ထည်းလုံးကို တပြိုင်နက်ဖွပ်ကောင်းဆိုး ကောင်းသည်၊ တစုံတယောက်သောသူကိုမြင်လျှင် ဝတ်ရုံရန်သင်္ကန်း၏ အနီး၌ နေရသည်။

အလတ်စား တိစီဝရိက် ဓုတင်ဆောင်ရဟန်းသည် သင်္ကန်းဆိုးသောခဏ၌ သုံးဆောင်ကြသော ရဇနကာသာဝ မည်သော ယာယီသင်္ကန်းကို ဝတ်ရုံ၍ ဖွပ်ကောင်းဆိုးကောင်းသည်။

အညံ့စားတိစီဝရိက်ဓုတင်ဆောင်ရဟန်းသည် သဘာဂရဟန်းများ၏သင်္ကန်းကိုဝတ်ရုံ၍ ဖွပ်ကောင်းဆိုးကောင်းသည်၊ကျောင်း

၌ အိပ်ရာလွှမ်းအစွမ်းဖြင့် အခင်းခဲ့ထားအပ်သော မိမိဥစ္စာ သူတပါးဥစ္စာဖြစ်သော သင်္ကန်းသည်လည်း အပ်သည်၊ သို့သော် သင်္ကန်းဆိုးသောအခါ၌သာခွင့်ပြုသောကြောင့် အမြဲသုံးဆောင်မှု မပြုသင့်သည်သာဖြစ်သည်။

## ပိဏ္ဍပါတ်ဓုတင်(၃)

အမြတ်စားပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်းသည်ရှေ့က နောက်က ဆောင်လာကြသော ဆွမ်းကိုလည်း ခံကောင်းသည်၊ မိမိ၏ တံခါး၌ တည်နေ၍ ယူလာသောလူတို့အားလည်း ဆွမ်းလောင်း ရန်သပိတ်ကိုပေးကောင်းသည်၊ သပိတ်ကိုယူသွားကာအိမ်မှ ဆွမ်းစားကျောင်းသို့ ဆောင်သွား၍ လှူအပ်သော ဆွမ်းကိုလည်း ခံကောင်းသည်၊ အရှင်မြတ်ဘုရား ဆွမ်းမခံပါနှင့်၊ ဆွမ်းပို့လာ ပါအံ့ဟုဆိုသော လူတို့အား ဝန်ခံသဖြင့် ထိုတနေ့မျှ ကျောင်းက နေ၍ ဆွမ်းကို မခံကောင်းပေ။

အလတ်စားပိဏ္ဍပါတ် ဓုတင်ဆောင် ရဟန်းသည် ထိုတနေ့ ကျောင်းကနေ၍ ဆွမ်းကို ခံကောင်းသည်၊ နက်ဖြန် အတွက် လက်မခံသင့်ပေ။

အညံ့စားပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်းသည် နက်ဖြန်အတွက် သဘက်ခါအတွက်လည်း လက်ခံ ကောင်းသည် သုံးရက် အထိ အပ်သည်။

## သပဒါနဓုတင်(၄)

အမြတ်စား သပဒါနစာရိက ဓုတင်ဆောင် ရဟန်းသည် ရှေ့က နောက်ကဆောင်လာကြသောဆွမ်း သပိတ်ကိုယူသွား၍

အိမ်မှဆွမ်းစားကျောင်းသို့ဆောင်၍ လှူအပ်သော ဆွမ်းများကို မခံကောင်း၊ မိမိတံခါး၌ တည်နေ၍ ယူလာသော သူတို့အား ဆွမ်းလောင်းရန်သပိတ်ကို ပေးလိုက်ကောင်းသည်။

အလတ်စား သပဒါနစာရိက ဓုတင်ဆောင် ရဟန်းသည် ရှေ့က နောက်က ဆောင်လာကြသောဆွမ်း သပိတ်ကိုယူသွား၍ အိမ်ကဆွမ်းစားကျောင်းသို့ ဆောင်၍လှူအပ်သော ဆွမ်းများကို ခံကောင်းသည်၊ မိမိတံခါး၌ တည်နေ၍ ယူလာသော သူတို့အား ဆွမ်းလောင်းရန်သပိတ်ကိုလည်း ပေးလိုက်ကောင်းသည်၊ဆွမ်းကို ငံ့ဆိုင်းမြှော်လင့်၍ မနေကောင်းပေ။

အညံ့စား သပဒါနစာရိက ဓုတင်ဆောင်ရဟန်းမှာ ဆွမ်းကို ငံ့ဆိုင်းမြှော်လင့်၍ တနေ့တရက်နေကောင်းသည်။

## ကောသနိက်ဓုတင်(၅)

အမြတ်စား ကောသနိက် ဓုတင်ဆောင်ပုဂ္ဂိုလ်သည် ဘောဇဉ် ခဲဘွယ်၌ လက်ကိုချမိလျှင် အခြားသော ဘောဇဉ် ခဲဘွယ်ကို မခံကောင်း၊ ထောပတ် စသည် တို့ ကို ဆောင် လာ လျှင် ဆေးအလို့ငှာသာ သုံးစွဲသင့်သည်၊ အာဟာရအလို့ငှာ မခံ ကောင်းပေ။

အလတ်စားရှင်လူသည် စားခွက်သပိတ်၌ ဘောဇဉ်ခဲဘွယ် မကုန်မီ တပါးသောခဲဘွယ်ဘောဇဉ်ကို ခံယူကောင်းသည်။

အညှံ့စား ကောသနိက် ဓုတင်ဆောင် ရဟန်းရှင်လူမှာကား နေရာကမထမီ ခံယူကောင်းစားကောင်းသည်။

## ပတ္တပိဏ်ဓုတင်(၆)

အမြတ်စားပတ္တပိဏ် ဓုတင်ဆောင် ရဟန်းရှင်လူအား ကြံစုပ်သောအခါမှတပါးသောအခါ၌ ငါးရိုးစပါးလုံးစသည်ကိုလည်း စွန့်ခြင်းငှာမထိုက်ပေ၊ဆွမ်းငါးအမဲမုန့်တို့ကိုလည်း ခွဲဖဲ့၍စားခြင်းငှာမထိုက်၊ မစားမီရှေးအဘို့က ကောင်းမွန်စွာ အဆင်သင့်ဖြစ်အောင် ပြင်ထားရသည်။

အလတ်စားပတ္တပိဏ်ဓုတင်ဆောင် ရဟန်းရှင် လူအား လက်တဖက်ဖြင့် ခွဲဖဲ့၍စားခြင်းငှာ လျောက်ပတ်သည်။

အညှံ့စားပတ္တပိဏ် ဓုတင်ဆောင်ရဟန်းရှင်လူအား ခွက်သပိတ်၌ ထည့်သမျှကို လက်ဖြင့်ရင်း သွားတို့ဖြင့်ရင်းခွဲဖဲ့၍ စားခြင်းငှာ လျောက်ပတ်သည်။

အလတ်စားရဟန်းရှင်လူသည် လက်တဖက်ဖြင့် ခွဲဖဲ့၍ စားကောင်းသောကြောင့် ဟတ္ထယောဂီ ပုဂ္ဂိုလ်မည်၏၊ အညှံ့စား ရဟန်းရှင်လူသည် ခွက်သပိတ်၌ ထည့်သမျှကို လက်ဖြင့်ရင်း သွားတို့ဖြင့်ရင်း ခွဲဖဲ့၍ စားကောင်းသောကြောင့် ပတ္တယောဂီ ပုဂ္ဂိုလ်မည်၏။

## ခလုပစ္ဆာဘတ်ဓုတင်(၇)

အမြတ်ဆုံးခလုပစ္ဆာဘတ္တိက ဓုတင်ဆောင်ရဟန်းသည် ရှေးဦးအစ ပဋ္ဌမဆွမ်းလုပ်ကိုမျိုစဉ် တန်ပြီဟုမြစ်မိလျှင် ဒုတိယခြောက်

ဆွမ်းလုပ်ကို မစားကောင်းတော့ချေ၊ အလတ်စား ရဟန်းသည် တန်ပြီဟု မြစ်မိလျှင် ထိုမြစ်မိသော အခိုက်သပိတ်၌ ရှိသမျှကိုသာ စားကောင်းသည်၊ အညံ့စားရဟန်းသည် နေရာမှမထမီ စား ကောင်းသည်။

## အာရညကင်ဓုတင်(၈)

အမြတ်ဆုံးအာရညကင် ဓုတင်ဆောင်ရဟန်းသည် ဥတု သုံး ပါးပတ်လုံး တောကျောင်း၌သာ အရုဏ်တက်စေရသည်၊ အလတ် စားရဟန်းသည် မိုးလေးလပတ်လုံး ရွာနီးကျောင်း၌ နေခြင်းငှာ လျောက်ပတ်သည်၊ အညံ့စားရဟန်းမှာ မိုးလေးလဆောင်းလေး လပတ်လုံး ရွာနီးကျောင်း၌ နေခြင်းငှာ သင့်လျော်သည်။

အမြတ်သုံးဥတု၊ အလတ်စား အမှတ်မရှိနှစ်ဥတု၊ အညံ့စား အမှတ်မရှိတဥတု ဟူ၍ မဟာဋီကာနည်းအားဖြင့်လာသည်။

## ရုက္ခမူဓုတင်(၉)

အမြတ်ဆုံး ရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်သည် အလိုရှိသော သစ်ပင်ကိုယူ၍ သုတ်သင်စေခြင်းငှာမသင့်၊ ကြွေကျသောသစ်ရွက် ကို ခြေဖြင့်သာ ပယ်နေရသည်။

အလတ်စားပုဂ္ဂိုလ်သည် ထိုအရပ်သို့ ရောက်လာသော သူတို့ ကိုသာ သုတ်သင်စေခြင်းငှာ သင့်လျော်သည်၊ အညံ့စားပုဂ္ဂိုလ် သည် အရာမ်စောင့်ရှင်သာမဏေတို့ကို ခေါ်၍ သုတ်သင်စေ၍ ညီညီညွတ်ညွတ်ပြုစေကာ သဲဖြူးခင်းစေပြီးလျှင် အကာအရံပြု လုပ်စေပြီး တံခါးတပ်စေ၍ နေရာသည်၊ **သစ်ပင်ကို** လူအများ

ပူဇော်လာသည့်နေ့၌ ရုက္ခမူဓုတင်ဆောင် အဖြစ်ကို ကျို့ဝှက်ခြင်းငှာ လျို့ဝှက်ရာအရပ်၌သာ နေရသည်။

## အဗ္ဘောကာသိဓုတင်(၁၀)

အမြတ်ဆုံး အဗ္ဘောကာသိဓုတင်ဆောင်ရဟန်းအား သစ်ပင် တောင်ခေါင်းကျောင်းကို အမှီပြု၍ မနေကောင်းပေ၊ လွင်တီး ခေါင်၌သာ သင်္ကန်းကုဋိပြု၍ နေရာသည်။

အလတ်စား ရဟန်းအား သစ်ပင်တောင်ခေါင်းကျောင်းကို အမှီပြု၍ အတွင်းသို့မဝင်ဘဲ နေကောင်းသည်၊ အညံ့စား ရဟန်း အား မိုးရေမဝင်အောင် အမိုးအသွင်ဖြင့် ပြုအပ်သော အပိုင်း အခြားမရှိသော တောင်ဝှမ်း သစ်ခက်မဏ္ဍပ်ဖရောင်းပုဆိုးသည် ၎င်း လယ်သမားစသည်တို့ စွန့်ထားသော တဲအိုမျာ၊ သည်၎င်း သင့်လျော်လျောက်ပတ်သည်။

## သုသာန်ဓုတင် (၁၁)

အမြတ်ဆုံးသုသာန် ဓုတင်ဆောင်ပုဂ္ဂိုလ်သည် နေ့တိုင်း မီးရှို့ မြေမြှုပ်ခြင်း၊ နေ့တိုင်းအပုပ်နံ့နံခြင်း၊ နေ့တိုင်း ငိုခြင်းသုံးပါး ရှိရာ သုသာန်၌သာနေရာသည်။ အလတ်စားပုဂ္ဂိုလ်သည် ထိုသုံး ပါးတို့တွင် တပါးပါးရှိလျှင် သင့်လျော်သည်။ အညံ့စားပုဂ္ဂိုလ် အား သုသာန်လက္ခဏာသို့ ရောက်ရုံမျှရှိလျှင် သင့်လျော်သည်။

## ယထာသန္တတိဓုတင် (၁၂)

အမြတ်ဆုံး ယထာသန္တတိဓုတင်ဆောင်ပုဂ္ဂိုလ်သည် မိမိအား ရောက်သောကျောင်းကို "ဝေးလွန်းလေသလော၊ နီးလွန်းလေသ

သလော့”ဟူ၍ရင်း“သူ့ရဲသဘက်,မြွေကင်း စသည်တို့ ရှိတတ်လေ သလော၊ အေးလွန်းလေသလော၊ ပူလွန်းလေသလော” ဟူ၍ ရင်း မေးခြင်းငှာပင် မသင့်လျော်ချေ၊ အလတ်စား ပုဂ္ဂိုလ်သည် မေးခြင်းငှာ အခွင့်ရသည်၊ သွား၍ကြည့်ခြင်းငှာ မရပေ၊ အညံ့ စား ပုဂ္ဂိုလ်သည် သွား၍ကြည့်လျက် ထိုကျောင်းကိုမနှစ်သက် လျှင် တပါးသောကျောင်းကို ခံယူခြင်းငှာရသည်။

## နိသဇ္ဇဝတ်ဝင် (၁၃)

အမြတ်ဆုံးနေသဇ္ဇ ဝတ်ဆောင်ရဟန်းအား တံကဲမှိပျဉ်များ၊ အဝတ်အာယောဂပတ်၊ အာယောဂပတ်ပြားများကို သုံးဆောင် ခွင့်မရ။ အလတ်စားရဟန်းအား ဤသုံးပါးတို့တွင် တပါးပါးကို သုံးဆောင်ခွင့်ရသည်။ အညံ့စားရဟန်းအား တံကဲမှိပျဉ် အဝတ် အာယောဂပတ်၊ အာယောဂပတ်ပြားများ၊ မှီအုံးများသည်ရင်း၊ အခြေလေးဘက်တံကဲစွက်၍ ပဥ္စင်မည်သောအင်းပျဉ် ပဥ္စင်ထက် လက်ရုံးနှစ်ဘက်စွက်၍ သတ္တင် မည်သော အင်းပျဉ်သည်ရင်း အပ် စပ်သည်။

## အကုသိုလ်ဝတ်မရှိ

အလုံးစုံသော ဝတ်တို့သည် သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ကုသိုလ်မည်ကုန်၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် အဗျာကတမည်ကုန်၏၊အကုသိုလ်ဝတ်မရှိ။

သေက္ခ(၇)ယောက်နှင့် ပုထုဇဉ်တို့သည် ပဋိပတ်ကို ဖြည့်ကျင့်ခြင်းငှာ ဓုတင်ကိုဆောင်ကြကုန်သည်၊ ရဟန္တာ ပုဂ္ဂိုလ်တို့သည် ချမ်းသာစွာနေရခြင်းအကျိုးငှာ ဓုတင်ကို ဆောင်ကြကုန်သည်။

အထုံဝါသနာစွဲပါအောင် ဓုတင်အကျင့်တို့ကို ဖြည့်ကျင့်နိုင်ကြပါစေဟု တိုက်တွန်းလိုက်ပါသည်။

# ၁၀။ ဘုရားအလောင်းတော်များ အကြောင်း

ဘုရားအလောင်းသည် ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိကဟူ၍ (၃)ပါးရှိရာ ပညာဓိက ဘုရားအလောင်းတော်သည် လေး အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ သဒ္ဓါဓိက ဘုရား အလောင်းတော် သည် ရှစ် အသင်္ချေနှင့် ကမ္ဘာသိန်းပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဝီရိယာဓိက ဘုရားအလောင်းတော်သည် တဆယ့် ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ထို့ကြောင့် ပါရမီခန်းပျို့၌ "ရှည့်တိုကျင့်ကောင်း၊ဘုရား လောင်းတို့၊ဆုတောင်းသောစဉ်၊ဥဒဉ့်၊ဝီရိယာ၊သဒ္ဓါဓိက၊ သုံးမည် ရလျက်၊ ကာလသုံးကြိမ်၊ ကျွတ်ထောက်ချိန်၌" ဟူ၍ ရှင်မဟာ သီလဝံသအကျော် စပ်ဆိုတော်မူသည်။

(မှတ်ချက်။ ။ဤ၌ အသင်္ချေဟူသည် တစ်တလုံးနှင့် သုည တရာလေးဆယ် ရေးရသော အရေအတွက်ဖြစ်သည်။)

ပညာဓိက ဘုရားအလောင်းမှာ သဒ္ဓါနှင့်၍ ပညာထက်သော ကြောင့် ကာလတိုရလေသည်။ သဒ္ဓါဓိက ဘုရားအလောင်းမှာ ကား သဒ္ဓါထက်၍ ပညာသည် ထက်လည်းမထက်လွန်း နှုံ့လည်း

မနှံ့လွန်းအလတ်ဖြစ်သောကြောင့် ပညာသို့လိုက်၍ ကာလ မတို မရှည် ဖြစ်ရလေသည်၊ ဝီရိယာဓိက ဘုရားအလောင်း မှာကား ဝီရိယထက်၍ သဒ္ဓါပညာနှံ့သောကြောင့် ဝီရိယသို့လိုက်၍ ကာလရှည်လေသည်။

## တနည်းဘုရားလောင်းအပြား

ဘုရားအလောင်းသည် တနည်းအားဖြင့် ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျဟူ၍ (၃) ပါးရှိရာ ဥဂ္ဃဋိတညူ ဘုရားအလောင်းသည် ဘုရားရှင်၏ အထံတော်၌ (၄)ပဒရှိသော ဂါထာကို နာရသည် ရှိသော်ထိုဂါထာ၏(၃)ပဒ အဆုံးသို့မရောက်မီ အဘိညာဏ်(၆)ပါး ပဋိသမ္ဘိဒါ(၄)ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ တတ်နိုင်သောအကြောင်း ရှိသည်။

ဝိပဉ္စိတညူဘုရားအလောင်းသည် သာဝက၏အဖြစ်ကိုအလိုရှိ၍ ဘုရားရှင်မျက်မှောက်တော်၌ လေးပုဒ်ရှိသော ဂါထာကို နာရသည်ရှိသော် ဂါထာ၏လေးပုဒ်အပြီးသို့ မရောက်မီ အဘိညာဏ် (၆) ပါး ပဋိသမ္ဘိဒါ (၄)ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ တတ်နိုင်သောအကြောင်းရှိသည်။

နေယျ ဘုရားအလောင်းသည် သာဝကအဖြစ်ကို အလိုရှိ၍ ဘုရားရှင်က လေးပုဒ်ရှိသော ဂါထာကို မိန့်တော်မူ၍ ထိုဂါထာ၏ အနက်ကို ခွဲဝေပြီးသော အဆုံး၌ အဘိညာဏ်(၆)ပါး ပဋိသမ္ဘိဒါ(၄)ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်အံ့သောငှာ တတ်နိုင်သော အကြောင်းရှိသည်။

ပညာဓိကသည် ဥဃ္ဃဋိတညူ သဒ္ဓါဓိကသည် ဝိပဉ္စိတညူ ဝီရိယာဓိကသည် နေယျမည်သည်။

ဗျာဒိတ်ခံ အင်္ဂါ(၈)ပါး

(၁) မနုဿတ္တ၊ လူစစ်ဖြစ်ခြင်း (၂)လိင်္ဂသမ္ပတ္တိ၊ ယောကျာ်း စစ်ဖြစ်ခြင်း (၃)ဟေတု၊ တိဟိတ် ပဋိသန္ဓေနေခြင်း(၄)သတ္ထာရ ဒဿန၊ ဘုရားကို ကိုယ်တိုင် ဖူးတွေ့ရခြင်း။ (၅)ပဗ္ဗဇ္ဇာ၊ ရသေ့၊ ရဟန်း ဖြစ် ခြင်း (၆) ဂုဏသမ္ပတ္တိ၊ ဈာန် သမာပတ်ကို ရ ခြင်း (၇)အဓိကာရ၊ ဘုရားဆုကို တောင်းခြင် (၈)ဆန္ဒတာ၊ ဘုရား ဆုကို လိုချင်ဆန္ဒအားကြီးခြင်း။

ဗျာဒိတ်ခံပြီးဘုရားအလောင်းများ မဖြစ်ထိုက်သော အရပ် ၁၈-ပါး

(၁) အမိဝမ်းတွင်းမှကန်းသည့်အဖြစ် ရှိတော်မမူ(၂)အမိဝမ်း တွင်းမှ နားပင်းသည့်အဖြစ် ရှိတော်ပမူ(၃) ရူးသွပ်၊ ပျံ့လွင့်သည့် အဖြစ် ရှိတော်မမူ (၄) အရိယိုသည့် အဖြစ်ရှိတော်မမူ (၅)ဆွံ့၊ အ၊ သည့်အဖြစ်ရှိတော်မမူ (၆)မိလက္ခူတောင်သူ လူရိုင်းမျိုးတို့၌ ဖြစ်တော်မမူ (၇)ကျွန်မဝမ်း၌ ဖြစ်တော်မမူ(၈)နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသည့် အဖြစ်ရှိတော်မမူ(၉)လိင်ပြန်သည့်အဖြစ် ရှိတော်မမူ (၁၀)အနန္တရိယ ကံငါးပါးတို့ကိုပြုတော်မမူ (၁၁)နူနာရှိသည် ဖြစ်တော်မမူ (၁၂) တိရစ္ဆာန်မျိုး၌ ငယ်စွာအဆုံး ငုံးအောက် အယုတ် ကြီးစွာအဆုံး ဆင်ပြောင်ထက်အလွန် ဖြစ်တော်မမူ

(၁၃) ခုပ္ပိပါသိက ပြိတ္တာ၊နိဇ္ဈာမတဏှိကပြိတ္တာ၊ ကာလ ကဉ္စိက အသုရာတို့၌ ဖြစ်တော်မမူ (၁၄) အဝီစိငရဲလောကန္တရိက် ငရဲတို့၌ ဖြစ်တော်မမူ (၁၅) ကာမာဝစရနတ်တို့တွင် မာရ်နတ် ဖြစ်တော်မမူ (၁၆) ရူပဝါစရဘုံတို့တွင် အသညသတ်, သုဒ္ဓါဝါသဘုံတို့၌ဖြစ်တော်မမူ (၁၇)အရူပဘုံ၌ဖြစ်တော်မမူ (၁၈)တခြားသောစကြာဝဠာသို့ ပြောင်း၍ ဖြစ်တော်မမူ။

ထို့ကြောင့်၊ "ဗျာဒိတ် ရရှောင်း၊ ဗောဓိလောင်းတို့၊ ဖြစ်ကြောင်းမစပ်၊ ဆယ့်ရှစ်ရပ်ကို၊ ညွှန်းအပ်ကုန်စင်၊ မော်ကွန်းတင်ပိမ့်၊ ဓိခင်ဝမ်းက၊ ကန်း, အ,ဆွံ့, ပင်း,၊ရူးသွပ်ခြင်းလွတ်၊ တောင်ထွတ် ကရင်၊ ကချင် တောင်သူ၊ မိလက္ခူများ၊ ကျွန်မသားနှင့်၊ ယူမှားမဖြစ်၊ ပုရိစစ်တည်း၊ တလစ်ပဉ္စာ၊ကံမှာမညိတ်၊ ကုဋ္ဌဆိတ်ပြန်၊ တိရစ္ဆာန်မျိုး၊ ဖြစ်ရိုးနှံစုတ်၊ အောက်မယုတ်တည့်၊ ခုပ္ပိပါသ၊ ပြိတ္တာစသည်၊ နိရယ ဝီစိ၊ လွတ်ဘိမှန်စွာ၊ ဒေဝါ မာရ်နတ်၊ သညသတ်,သုဒ္ဓါ၊ အရူပါသား၊ တပါးစကြာဝဠာ၊ မဖြစ်ရာသည်။ မြတ်စွာလောင်းတို့တံထွာတည်း" ဟူ၍ ရှေးဆရာမြတ်တို့ မိန့်တော်မူခဲ့သည်။

## ဗုဒ္ဓဘုမ္မိ(၄)ပါး

(၁)ဥဿာဟခေါ် ဝီရိယ(၂)ဥမင်္ဂခေါ် ပညာ(၃)အဝတ္ထာနခေါ် အဓိဋ္ဌာန်ခြင်း (၄) ဟိတစရိယခေါ် မေတ္တာ ဘာဝနာ၊ ဤကား ဗုဒ္ဓဘုမ္မိခေါ် ဘုရားဖြစ်အံ့သော အကြောင်း(၄) ပါးဖြစ်သတည်း။

**အလောင်းတော်များ ပါရမီသမ္ဘာရဉာဏ် ရင့်အံ့သော အကြောင်း (၆)ပါး**

(၁) နိက္ခမဇ္ဈာသယ၊ ရဟန်း၏အဖြစ်ကို အလိုရှိခြင်း (၂)ပဝိဝေကဇ္ဈာသယ၊ဆိတ်ငြိမ်ခြင်းကိုအလိုရှိခြင်း (၃)အလောဘဇ္ဈာသယ၊တပ်နှစ်သက်ခြင်းကင်းသည်ကိုအလိုရှိခြင်း(၄)အဒေါသဇ္ဈာသယ၊ ပြစ်မှားခြင်းကင်းသည်ကို အလိုရှိခြင်း (၅) အမောဟဇ္ဈာသယ၊ မိုက်မဲတွေဝေခြင်းကင်းသည်ကိုအလိုရှိခြင်း (၆) နိဿရဏဇ္ဈာသယ၊ဝဋ္ဋတရားမှ ထွက်မြောက်ခြင်းကို အလိုရှိခြင်း။

**********

# ၁၁။ ဘုရားရှင်တို့၏ဝေမတ္တများ

အသက်တော်ထူးတွေ ကွဲပြားခြင်း။ အနိမ့် အမြင့် အတိုင်းအရှည်။ အမျိုး။ ဒုက္ကရစရိယာအကျင့်။ ကိုယ်ရောင်တော်။ တောထွက်သောယာဉ်။ ပွင့်တော်မူရာဗောဓိပင်။ ပွင့်တော်မူရာပလ္လင်ထူးထွေ ကွဲပြားခြင်း-ဟူသော ဤရှစ်ပါးသည် (၂၅) ဆူသော ဘုရားရှင်တို့၏ ဝေမတ္တတရားမည်၏။

## (၁) အာယုဝေမတ္တ

ဒီပင်္ကရ, ကောဏ္ဍည, အနောမဒဿီ, ပဒုမ, ပဒုမုတ္တရ, အတ္ထဒဿီ, ဓမ္မဒဿီ, သိဒ္ဓတ္ထ, တိဿ, ဤဘုရားရှင် ကိုးဆူသည် အနှစ် တသိန်း အသက်ရှည်သည်။ မင်္ဂလ, သုမန, သောဘိတ, နာရဒ, သုမေဓ, သုဇာတ, ပိယဒဿီ, ဖုဿ, ဤဘုရားရှင်ရှစ်ဆူသည် အနှစ်ကိုးသောင်းအသက်ရှည်သည်။ ရေဝတ, ဝေဿဘူ ဤဘုရားရှင်နှစ်ဆူသည် အနှစ်ခြောက်သောင်းအသက်ရှည်သည်။ ဝိပဿီဘုရားရှင်သည် အနှစ်ရှစ်သောင်းအသက်ရှည်သည်။ သိခီဘုရားရှင်သည် အနှစ်ခုနစ်သောင်းအသက်ရှည်သည်။ ကကုသန်ဘုရားရှင်သည် အနှစ်လေးသောင်းအသက်ရှည်သည်။ ကောဏာဂုံဘုရားရှင်သည် အနှစ်သုံးသောင်းအသက်ရှည်သည်။ ကဿပဘုရားရှင်သည် အနှစ်နှစ်သောင်း အသက်ရှည်သည်။ ဂေါတမဘုရားရှင်သည် အနှစ်တရာ အသက်ရှည်သည်။ ဘုရားရှင်တို့၏

သက်တော်သည် လူတို့သက်တန်းအောက် ငါးပုံတွင် တပုံလျော့မြဲ ဓမ္မတာဖြစ်သည်။

## (၂) ပမာဏဝေမတ္တ

ဒီပင်္ကရ, ရေဝတ, ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ, ဝိပဿီ ဤ(၆)ဆူသည် အရပ်တော်အတောင်(၈၀)မြင့်သည်။ ကောဏ္ဍညု, မင်္ဂလ, နာရဒ, သုမေဓ, ဤ(၄)ဆူသည် (၈၈)တောင်မြင့်သည်။ သုမနဘုရားရှင်သည် (၉၀)တောင်မြင့်သည်။ သောဘိတ, အနောမဒဿီ, ပဒုမ, ပဒုမုတ္တရ, ဖုဿ, ဤ(၅)ဆူသည် (၅၈)တောင်မြင့်သည်။ သုဇာတဘုရားရှင်သည် (၅၀) တောင်မြင့်သည်။ သိဒ္ဓတ္ထ, တိဿ, ဝေဿဘူ, ဤ(၃)ဆူသည်(၆၀) တောင်မြင့်သည်။ သိခီဘုရားရှင်သည် (၇၀)တောင် မြင့်သည်။ ကကုသန်ဘုရားရှင်သည် (၄၀)တောင်မြင့်သည်။ ကောဏာဂုံဘုရားရှင်သည် (၃၀)တောင်မြင့်သည်။ ကဿပ ဘုရားရှင်သည် (၂၀)တောင်မြင့်သည်။ ဂေါတမဘုရားရှင်သည် (၁၈)တောင်မြင့်သည်။

## (၃) ကုလဝေမတ္တ

ကကုသန်, ကောဏာဂုံ, ကဿပ, ဤ(၃)ဆူတို့သည် ပုဏ္ဏားမျိုး၌ ဖြစ်ကုန်၍ ဒီပင်္ကရာအစ ဂေါတမအဆုံးရှိသော ကြွင်းသော (၂၂)ဆူတို့သည် မင်းမျိုး၌ဖြစ်ကုန်၏။

## (၄) ပဓာနဝေမတ္တ

ဒီပင်္ကရ, ကောဏ္ဍညု, သုမန,အနောဒဿီ, သုဇာတ, သိဒ္ဓတ္ထ, ကကုသန်, ဤ (၇)ဆူသည်-၁၀ လ ဒုက္ကရစရိယာ ကျင့်သည်

မင်္ဂလ, သုမေဓ, တိဿ, သိခီ, ဤ (၄)ဆူသည်-၈-လ ဒုက္ကရစရိယာကျင့်သည်။ ရေဝတဘုရားရှင်သည်-၇-လ ဒုက္ကရစရိယာကျင့်သည်။ သောဘိတဘုရားရှင်သည် ၄-လ ဒုက္ကရ စရိယာကျင့်သည်။ ပဒုမ,အတ္ထဒဿီ,ဝိပဿီ, ဤ(၃) ဆူသည်-၁၅-ရက်ကျင့်သည်။ နာရဒ,ပဒုမုတ္တရ, ဓမ္မဒဿီ, ကဿပ ဤ(၄)ဆူသည် (၇) ရက်ကျင့်သည်။ ပိယဒဿီ,ဖုဿ, ဝေဿဘူ, ကောဏာဂုံ, ဤ (၄)ဆူသည်-၆-လကျင့်သည်။ ဂေါတမဘုရားရှင်သည်-၆-နှစ် ဒုက္ကရစရိယာကျင့်သည်။

## (၅) ရသ္မိဝေမတ္တ

မင်္ဂလ၊ စကြာဝဠာတသောင်း။ ပဒုမုတ္တရ၊ ၁၂၊ ယူဇနာ။ ဝိပဿီ၊ ၇၊ ယူဇနာ။ သိခီ၊ ၃၊ ယူဇနာ။ ကကုသန်၊ ၁၀၊ ယူဇနာ။ ဂေါတမ၊ ကိုယ်ရောင်တလံမျှ၊ ကြွင်းသောဘုရားရှင်တို့မှာ အမြဲမရှိ၊ အလိုရှိသလို ကိုယ်ရောင်တော်ကို ပျံ့နှံ့စေနိုင်သည်။

## (၆) ယာနဝေမတ္တ

ဒီပင်္ကရ, သုမန, သုမေဓ, ဖုဿ, သိခီ, ကောဏာဂုံ, ဤ (၆) ဆူသည် ဆင်ယာဉ်ဖြင့် တောထွက်သည်။ ကောဏ္ဍည, ရေဝတ,ပဒုမ, ပိယဒဿီ, ဝိပဿီ, ကကုသန်၊ ဤ (၆)ဆူသည် ရထားယာဉ်ဖြင့် တောထွက်သည်။ မင်္ဂလ, သုဇာတ, အတ္ထဒဿီ,တိဿ, ဂေါတမ,၊ ဤ(၅)ဆူသည် မြင်းယာဉ်ဖြင့် တော

ထွက်သည်။ အနောမဒဿီ, သိဒ္ဓတ္ထ, ဝေဿဘူ,၊ ဤ (၃) ဆူ သည် ထမ်းစဉ်ယာဉ်ဖြင့် တောထွက်သည်။ နာရဒ ဘုရားရှင် သည် ခြေဖြင့် တောထွက်သည်။ သောဘိတ, ပဒုမုတ္တရ, ဓမ္မဒဿီ, ကဿပ, ဤ (၄)ဆူသည် ပြာသာဒ်ဖြင့် တောထွက်သည်။

## (၇) ဗောဓိဝေမတ္တ

ဒီပင်္ကရ၊ ညောင်ကြတ်ပင်။ ကောဏ္ဍည၊ နပဲပင်။ မင်္ဂလ, သုမန, ရေဝတ, သောဘိတ၊ ကံ့ကော်ပင်။ အနောမဒဿီ ဖေါက်ကြံ့ပင်။ ပဒုမ, နာရဒ, ကြောင်လျှာပင်။ ပဒုမုတ္တရ၊ ဆပ်သွားဖူးပင်။ သုမေဓ၊ ကျည်းပင်။ သုဇာတ၊ ကြခတ် ဝါးပင်။ ပိယဒဿီ၊ ခံတက်ပင်။ အတ္ထဒဿီ၊ စကားပင် ဓမ္မဒဿီ၊သံသတ်ပင်။ သိဒ္ဓတ္ထ၊ မဟာလှေခါးပင်။ တိဿ၊ ပိတောက်ပင်။ ဖုဿ၊ ကြက်ဆူပင်။ ဝိပဿီ၊ သခွပ်ပင်။ သိခီ၊ သရက်ဖြူပင်။ ဝေဿဘူ၊ အင်ကြင်းပင်။ ကကုသန်၊ ကုက္ကိုပင်၊ ကောဏာဂုံ၊ ရေသဖန်းပင်။ ကဿပ၊ ညောင်ပင်။ ဂေါတမ ညောင်ဗုဒ္ဓဟောပင်မှာ အသီးအသီး ပွင့်ကြသည်။

## (၈) ပလ္လင်္ကဝေမတ္တ

ဒီပင်္ကရ,ရေဝတ, ပိယဒဿီ,အတ္ထဒဿီ,ဓမ္မဒဿီ, ဝိပဿီ, ပလ္လင်အမြင့်-၅၃-တောင်။ ကောဏ္ဍည,မင်္ဂလ, နာရဒ, သုမေဓ, ၅၇ တောင်။သုမန ၆၀ တောင်။ သောဘိတ, ,အနောမဒဿီ,

ပဒုမ,ပဒုမုတ္တရ,ဖုဿ,-၃၈-တောင်။ သုဇာတ,သိခီ,(၃၂)တောင်။ သိဒ္ဓတ္ထ, တိဿ, ဝေဿဘူ,(၄၀) တောင်။ ကကုသန် (၂၆) တောင်။ ကောဏာဂုံ-၂၀-တောင်။ ကဿပ-၁၅-တောင်။ ဂေါတမ-၁၄-တောင်။

ဤဝေမတ္တ(၈)ပါးသည် ဗုဒ္ဓဝံသ အဋ္ဌကထာ ဆဌမှု စာမျက်နှာ (၃၄၈)(၃၄၉)(၃၅၀)တို့၌ လာသည်။

# ၁၂။ ပစ္စေကဗုဒ္ဓါများ အကြောင်း

မိမိကိုယ်တိုင် သစ္စာလေးပါးကို သိကုန်၍ ဝေနေယျ သတ္တဝါများကို သိမြင်အောင် မဟောပြနိုင်သော အရှင်ပစ္စေက ဗုဒ္ဓါများကို ဘုရားငယ် သဗ္ဗညုဘုရားရှင်များကို ထောက်၍ ဘုရားအငယ်စားဟု ဆိုကြသည်။

ထိုပစ္စေက ဗုဒ္ဓါအလောင်းတော် များသည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်မှသာလျှင် အရှင်ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်နိုင်ကြသည်။

## ဗျာဒိတ်ခံ အင်္ဂါ ၅–ပါး

(၁) မနုဿတ၊ လူ စင်စစ် ဖြစ်ခြင်း (၂) လိင်္ဂသမ္ပတ္တိ၊ ယောကျ်ားစင်စစ်ဖြစ်ခြင်း (၃) ဝိဂတာသဝဒဿနံ၊ အာသဝ ကင်းသောဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ကို ဖူးတွေ့ရခြင်း (၄) အဓိကာရော၊ စွန့်ကြဲလှူဒါန်းခြင်း (၅)ဆန္ဒတာ၊ ပစ္စေက ဗုဒ္ဓါ ဆုကို ဆန္ဒအားကြီးခြင်း။

## ဖြစ်ရာအမျိုး

အရှင်ပစ္စေက ဗုဒ္ဓါအလောင်းတော်တို့သည် မင်းမျိုး ,ပုဏ္ဏား မျိုး,သူကြွယ်မျိုးတို့တွင် တပါးပါးသောအမျိုးတို့၌ ဖြစ်တော်မူ ကြကုန်သည်။

## ဖြစ်ရာကာလ

အရှင်ပစ္စေကဗုဒ္ဓါတို့သည် သဗ္ဗညုဘုရားရှင်တို့ ဘုရားအဖြစ်သို့ မရောက်မီ ဘုရားမပွင့်သောကာလ၌သာ ဖြစ်တော်မူကြကုန်သည်။

## ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓ အထူး

ဗုဒ္ဓမြတ်စွာတို့သည် ခပ်သိမ်းသော တရား အပေါင်းတို့ကို ကိုယ်တော်တိုင်လည်းသိမြင်တော်မူနိုင်သည်၊ သူတပါး တို့အားလည်း သိစေတော်မူနိုင်သည်။ အရှင်ပစ္စေကဗုဒ္ဓါတို့သည် ကိုယ်တိုင်ကား သစ္စာလေးပါးတရားတို့ကို သိမြင်နိုင်သည်၊ သူတပါးတို့အား မသိစေနိုင်၊ကိုယ်တိုင် သိတော်မူနိုင် သော်လည်း အတ္ထရသကိုသာသိတော်မူနိုင်သည်၊ဓမ္မရသကိုသိတော်မမူနိုင်ပေ။

## လောကဥပမာ

ထိုအရှင်ပစ္စေကဗုဒ္ဓါတို့သည် သူအ့သည် မြင်မက်အပ်သော အိပ်မက်ကဲ့သို့လောကုတ္တရာတရားတို့ကို ပညတ်သို့တင်၍ ဟော ခြင်းငှာ မတတ်နိုင်ကုန်၊တောသွားမုဆိုးသည် မြို့ကြီးပြည်ကြီး၌ လျက်အပ်သော ဟင်းမျိုးအရသာကဲ့သို့ ထိုအရှင် ပစ္စေက ဗုဒ္ဓါ တို့အား တရားကို ရတော်မူကုန်သည်၊ အလုံးစုံသော တန်ခိုး ဣဒ္ဓိဝိဓဉာဏ်အဘိဉာဏ် သမာပတ် ပဋိသမ္ဘိဒါလေးပါး တို့ နှင့် သော်ကား ပြည့်စုံတော်မူကုန်သည်။

# ၁၃။ သာဝကများအကြောင်း

သာဝကသည် အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက ဟူ၍ (၃)မျိုးရှိသည်၊ ထိုတွင်လက်ဝဲရံ,လက်ျာရံ, အဂ္ဂသာဝက တို့သည် တသင်္ချေနှင့် ကမ္ဘာတသိန်းပါရမီဖြည့်မှ အဂ္ဂသာဝက အဖြစ်သို့ ရောက်နိုင်ကြကုန်သည်၊ ရှင်မဟာကဿပ, အရှင်အာနန္ဒာစသော အသီတိမဟာသာဝကများ,ဘုရားရှင်၏ မယ်တော်, ခမည်းတော်, အလုပ်အကျွေး,သားတော်တို့သည် ကမ္ဘာတသိန်းပါရမီဖြည့်မှ အသီတိ မဟာသာဝက, ဘုရားရှင်၏ မယ်တော်, ခမည်းတော်,အလုပ်အကျွေး သားတော် အဖြစ်သို့ ရောက်နိုင်ကုန်သည်၊ ပကတိသာဝကများကား အပိုင်းအခြားမရှိ။

ဗျာဒိတ်ခံ အင်္ဂါ-၂-ပါး

(၁) အဓိကာရ၊ စွန့်ကြဲလှူဒါန်းခြင်း။
(၂) ဆန္ဒ၊ လိုချင်သော ဆန္ဒအားကြီးခြင်း။

ဖြစ်ရာအမျိုး

အဂ္ဂသာဝက, မဟာသာဝကတို့သည် မင်းမျိုးပုဏ္ဏားမျိုးတို့၌သာလျှင်ဖြစ်တော်မူကုန်သည်။ ပကတိသာဝကတို့သည် သူဆင်းရဲအမျိုးတို့၌လည်း ဖြစ်နိုင်ကုန်သည်။

ဖြစ်ရာကာလ

အဂ္ဂသာဝက,မဟာသာဝက,ပကတိသာဝကတို့သည် ဗုဒ္ဓမြတ်စွာ ပွင့်တော်ပြီးသောအခါ၌သာလျှင်ဖြစ်ကုန်သည်။

## ဘုရားလောင်းမှ တပါးသောသတ္တ၀ါတို့ ပဋိသန္ဓေ နေပုံ

ဘုရားလောင်းမှ တပါးကုန်သောသူတို့သည် အမိဝမ်း၌ ပဋိသန္ဓေနေသည့်ကာလ အမိ၏ အစာဟောင်းကို ခင်း၍ အစာသစ်ကို ရွက်လျက် အမိဝမ်းရေကို ကျောက်ကုန်းဖြင့် မှီပြီး နှစ်ချောင်းသောလက်ဆုပ်တို့၌ မေးကိုထားကာ မိုးရွာသောအခါ သစ်ခေါင်းပေါ၌ ဆောင့်ကြောင့် ထိုင်နေသော မျောက်ကဲ့သို့ ဆောင့်ကြောင့်ထိုင်နေကြရကုန်သည်။

## သာ၀တ္ထိပြည်၌ အရိယာသာ၀က

ဗုဒ္ဓမြတ်စွာလက်ထက် သာ၀တ္ထိပြည်၌ လူပေါင်း(၇၀,၀၀၀, ၀၀၀)သန်း(၇၀)ရှိသည်၊ ထိုတွင်သန်း (၅၀) သည် အရိယာ သာ၀ကဖြစ်၏ဟု ဓမ္မပဒ ယမကဝဂ် စက္ခုပါလတ္ထေရ၀တ္ထု၌ ဆိုထားသည်။

## ဗုဒ္ဓသာ၀က အရေအတွက်

ဗုဒ္ဓမြတ်စွာ (၄၅) ၀ါပတ်လုံး တရားရေအေး အမြိုက်ဆေးကိုတိုက်ကျွေးတော်မူသဖြင့် (၂၄)အသင်္ချေသော သတ္တ၀ါများ ကျွတ်တန်း၀င်သည်။

ရဟန္တာအရှင်မြတ်များတရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးကြကုန်သည်ဖြစ်၍ ကုဋေ(၆၀) ဗိုလ်ခြေ (၁) သိန်းသော သတ္တ၀ါတို့ ကျွတ်တန်း၀င်ကုန်သည်။

နှစ်ရပ်ပေါင်း ကျွတ်တန်းဝင်သူ မုဒ္ဒသာဝက အရေအတွက် (၂၄) အသင်္ချေကုဋေ (၆ဝ) ဗိုလ်ခြေတသိန်းဖြစ်သည်။ ။

# ၁၄။ အတုမရှိအတိုင်းအတာ မရှိသော မြတ်ရှင်တော်

"စကြာဝဠာ၊ တတိုက်ရာ၌၊ ရှာရှာပတ်ညက်၊ အထက်အထက်၊ ဝါးပွါးဆက်၍၊ ဘဝဂ်တိုင်အောင်၊ ငြမ်းကြီးထောင်သည်၊ ဘုန်းခေါင်ဘုရား၊ ကိုယ်တော်ဖျားကို၊ ထောင်ထား တိုင်းငှာ၊ ဓမ္မတာစစ်၊ ဖြစ်လခဲ့က၊ ကိုယ်ကိုမျှလျှင်၊ မရတိုင်ရှည့်၊ ဖြစ်ခဲ့၏ရှင့်" စသည်ဖြင့် ပါရမီခန်းပျို့၌ အရှင်မဟာသီလဝံသအကျော် စပ်ဆိုတော်မူသည်။

## တိုင်းတာ၍မရနိုင်

ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏားတယောက်သည် ဂေါတမ မြတ်ရှင်တော်၏ ကိုယ်တော်အတိုင်းအရှည်ကို တိုင်းတာလို့ မရနိုင်ဟု တဆင့်စကားကြားဘူးထားသည်။

တနေ့သ၌ ဂေါတမ မြတ်ရှင်တော် ရာဇဂြိုဟ်ပြည် ဆွမ်းခံဝင်တော်မူသောအခါဝယ် အတောင် (၆၀) ရှည်လျားသော ဝါးလုံးကို ယူ၍အနီး၌၊ ထောင်၍ တိုင်းတာသည်၊ အတောင် (၆၀)ရှည်လျားသော ဝါးလုံးသည် ဂေါတမ မြတ်ရှင်တော်၏ ပုဆစ်ဒူးဝန်းမျှသာရှိသည်။ နောက်တနေ့၌ ဝါးလုံးကို (၂) ခုဆက်၍ တိုင်းတာ ပြန်သော်လည်း ဂေါတမ မြတ်ရှင်တော်၏ ပုဆစ်ဒူးဝန်းသည် အတောင် (၁၂၀) ရှည်လျားသော ဝါးလုံး၏ အထက်၌သာတည်ရှိသည်။

"အသင် ပုဏ္ဏား သင်သည် အဘယ်အမှုကို ပြုသနည်း" ဟု ဂေါတမ မြတ်ရှင်တော်က မေးသောအခါ "ကျွန်ုပ်သည် အရှင်ဘုရားတို့၏ အတိုင်းအရှည်ကိုယူပါသည်"ဟု ပုဏ္ဏားကလျှောက်ထားသည်။

"အသင် ပုဏ္ဏား စကြာဝဠာတတိုက်လုံး၌ ရှိကုန်သော ဝါးလုံးတို့ကိုဆက်၍ ကိုယ်တော်မြတ်၏ အတိုင်း အရှည်ကို ယူငြားသော်လည်း မဖြစ်နိုင်မည်ဟုတ်၊ တိုင်းတာ၍မရနိုင်"ဟု ဂေါတမ မြတ်ရှင်တော်ကမိန့်တော်မူလိုက်သည်။ ။ဒီဃနိကာယ်သောဏဒဏ္ဍသုတ်။ ။

## ရာဟုအသူရိန်

ရာဟုအသူရိန်သည် အရပ်အမြင့် ယူဇနာ (၄၈၀၀) လေးထောင့်ရှစ်ရာရှိသည်၊ အရပ်အလွန် မြင့်လှသည်ဖြစ်၍ ဂေါတမ မြတ်ရှင်တော်ကို ဖူးမြင်ရန်ဝန်လေးနေသည်။ "ငါသည် ယူဇနာလေးထောင့် ရှစ်ရာ အရပ်မြင့်၍ ဂေါတမ မြတ်ရှင်တော်သည် အလွန်ဆုံးရှိပါမှ မဇ္ဈိမ ပုရိသ (၄)တောင်ခန့်သာ ရှိမည်ဖြစ်၍ အလွန်အရပ်နိမ့်လှသည်၊ မနေသာလို့ဖူးရအုံးတော့ အတော်ကြီးငုံ့၍ ဖူးရပေမည်"ဟု နှလုံးပိုက်၍ မဆည်းကပ်မဖူးမြော်ဘဲသာနေလေသည်။

## တနေ့သောအခါ

တနေ့သ၌ ဂေါတမမြတ်ရှင်တော်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကိုကြားရ၍ အမှတ်မရှိ တစုံတခုသောအရပ်မှပင် မထင်မရှားတစေ့တစောင်းရပ်၍ ကြည့်ရှုဖူးမြင်အံ့ဟု နှလုံးပြု၍ ဂေါတမ မြတ်ရှင်တော်ထံသို့လာသည်။

ဂေါတမမြတ်ရှင်တော်သည် ရာဟု အသူရိန်၏ အလိုကိုသိတော်မူ၍ "ဋ္ဌရိယာပုထ်လေးပါးရှိရာတွင် အဘယ် ဋ္ဌရိယာပုတ်ဖြင့် ပြုရအံ့နည်း"ဟု ကြံတော်မူစဉ်"ရပ်ခြင်း ဋ္ဌရိယာပုထ်မည်သည်နိမ့်သော်လည်း မြင့်သကဲ့သို့ထင်သည်၊ ရာဟု အသူရိန်အားလျောင်းလျက်သာလျှင် ကိုယ်တော်ကိုပြအံ့"ဟု နှလုံးသွင်းတော်မူ၍ အာနန္ဒာကို ဂန္ဓကုဋိ ပရိဝုဏ်၌ ညောင်စောင်း ခင်းစေ၍ ခြင်္သေ့ကဲ့သို့လက်ျာနံပါးဖြင့်လျောင်းလျက်နေ တော်မူသည်။

ယူဇနာပေါင်း (၄၈၀၀) မြင့်သော ရာဟုအသူရိန်သည် လျောင်းတော်မူသော ဂေါတမမြတ်ရှင်တော်ကို လည်ကိုအထက်သို့ညွှတ်စေ၍ ခတ်မော့မော့ဖူးရသည်၊ကောင်းကင်၌ ရွှေလမင်းကြီးကို လူအများမော့ကြည့်ရသလို အတော်မော့၍ ဖူးနေရသည်။

"ဂေါတမ မြတ်ရှင်တော်ဘုရား....အကျွန်ုပ်သည် ငုံ့၍ ဖူးအံ့သောငှာဝန်လေးသောကြောင့် မဆည်းကပ်ဘဲနေရာ၊ ယခုအတော်ဘဲ မော့ဖူးရပါသည်"ဟု ရာဟု အသူရိန်က လျှောက်ထားသည်။

## အထင်အမြင်မသေးသင့်

ဖော်ပြခဲ့သော သာဓကများအတိုင်းပင် ဂေါတမ မြတ်ရှင်တော်၏အတုဟန်ပန်ကိုယူ၍သော်၎င်း၊အတိုင်း အတာကိုယူသော်၎င်း၊အတုဟန်ပန်ယူသူနှင့် အတိုင်းအတာယူသူများသာ အထင်အမြင်လွဲမှားရုံရှိချေသည်။ လေးအသင်္ချေနှင့် ကမ္ဘာတသိန်း

ပါရမီတော်တို့ကို ဖြည့်ကျင့်လာသောအတုမရှိ အတိုင်းအတာမရှိသော မြတ်ရှင်တော်ကို ဝေနေယျ သတ္တဝါများ အနေဖြင့် အတုဟန်ပန်မပြုသင့်ပေ၊ မတိုင်းတာသင့်ပေ၊ အထင်အမြင်မသေးသင့်ပေ၊ မဝေဖန်သင့်ပေ။

မိမိတို့အိမ်၌ကိုးကွယ်ထားသောဆင်းတုတော်ကိုလည်း အထင်အမြင်မသေးဘဲ လေးသအာခြေနှင့် ကမ္ဘာတသိန်းပတ်လုံး ဥစ္စာ, ပြည်ရွာ, တိုင်းကား, သား, မယား, ခြေ, လက်, အင်္ဂါ စသည်တို့ကို စွန့်လွှတ်လှူဒါန်း၍ ပါရမီ ဖြည့်ခဲ့လာသဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ရောက်ခါ နှစ်ဆယ့်လေးအသင်္ခြေနှင့် ကုဋေခြောက်ဆယ်ဗိုလ်ခြေတသိန်းသော ဝေနေယျ သတ္တဝါတို့ကို ကျွတ်တန်းဝင်စေသော အတုမရှိ အတိုင်းအတာမရှိသော မြတ်ရှင်တော်ပါတကားဟု စိတ်မှာမှန်း၍ လှူဒါန်းကော်ရော် ပူဇော်နိုင်ကြပါစေသတည်း။ ။

# ၁၅။ မင်္ဂလာဂေဟာ

မြို့တော်ရန်ကုန်၌ နေထိုင်ကြသော လုပ်သားပြည်သူ အမျိုးသား,အမျိုးသမီးများသည် နေ့စဉ် အချိန်မှန်မှန် မိမိတို့အလုပ်ရှိရာ ဌာနသို့ သွားကြရစမြဲ ဖြစ်သည်၊ ထို သို့ အလုပ် သွား ကြ ရာ၌ အလုပ်မသွားမီ ဗုဒ္ဓသာသနာဝင်တို့ အိမ်ဦးခန်း၌ ကိုးကွယ်ထားသော ရုပ်ပွားဆင်းတုတော်ကို ရှိခိုးဦးချသွားသူ အရေအတွက်မည်မျှရှိပါသနည်း၊ ရုံး စသည်မှ အိမ်ပြန်ရောက်လာလျှင် အပည့်တော်,တပည့်တော်မ ပြန်ရောက်လာပါပြီဟု လျှောက်ထားသည့်အနေဖြင့် ရှိခိုးဦးချသူ အရေအတွက် မည်မျှရှိပါသနည်း။

## မင်္ဂလာဂေဟာ၊ နည်းသေးပါ။

ဤစာရေးသူ ဆွမ်းခံနေသော မိသားစု၏ မင်္ဂလာဂေဟာ၌ကား အလုပ်သွားခါနီး အမျိုးသမီးများ ဗုဒ္ဓမြတ်စွာ ရုပ်ပွားဆင်းတုတော်ကို ဦးချ၍"အိမ်မှထွက်ခါ အလုပ်သွားရသော တပည့်တော်မတို့ကို သွားလေရာဌာန၌ ဘေးရန်အန္တရာယ် ကင်းရှင်း‌အောင် ရန်သူမျိုးငါးပါးတို့နှင့် မ တွေ့ မ ကြုံ ရ လေ အောင် ကြည့်ရှုစောင်မတော်မူပါဘုရား"ဟု လျှောက်ထားသည့်သဘောဖြင့် ဦးသုံးကြိမ် အလွန်ရိုသေလေးစားစွာ ဆည်းကပ်ဝပ်တွားပြီး သော်သာ အိမ်မှထွက်သွားတတ်ကြသည်။

အလုပ်မှပြန်လာသောအခါ၌လည်း “တပည့်တော တပည့်တော်မတို့အိမ်ပြန်ရောက်ကြပါပြီ”ဟု လျှောက်ထားသည့် အနေဖြင့် ရှိခိုးဦးချမည်မှာ ယုံမှားစရာမရှိချေ၊ အဆိုပါ အလုပ်သွားသည့်အခါနှင့်အလုပ်မှပြန်ရောက်သည့်အခါ၌ ရှိခိုး ဦးချသူအရေအတွက် စာရေးသူလက်လှမ်းမှီသလောက် ဆိုလျှင် ဤမိသားစု၏ မင်္ဂလာပေဟာတခုနှင့် မင်္ဂလာဦးအောင်မြင့်၏ မိသားစုမင်္ဂလာဂေဟာတခု ဤနှစ်ခုကိုသာတွေ့မြင်ရသေးသည်။

## ဝါပ အချိန် ဥပုသ်စောင့်မှု

ဥပုသ်စောင့်သုံးမှုမည်သည် ဝါတွင်းဖြစ်စေ ဝါပ ဖြစ်စေ စောင့်သုံးလျှင် အကျိုးအာနိသင်ရနိုင်သည်ချည်းသာ ဖြစ်သည်။ ရန်ကုန်မြို့သူမြို့သားတို့သည် ဝါတွင်းမဟုတ်သော ဝါပ အချိန်၌ ဥပုသ်စောင့်သုံးမှုအလွန်ပင်နည်းပါးလှသည်၊ အချို့ကား မည်သည့်အချိန်မဆို ဥပုသ်စောင့်သုံးလျှင် အကျိုး ရနိုင်သည်ဟု သိထားကြသော်လည်း တကယ်လက်တွေ့ကျင့်သုံး ဆောက်တည်မှုကား လွယ်ကူဟန်မတူပေ၊ အချို့ကား ကိစ္စကြီး ငယ်ရှိ၍ အချို့ကား ဝါသနာနည်းပါး၍ အချို့ကား ထမင်း အဆာမခံနိုင်၍ စသည်ဖြင့် ဆင်ခြေအမျိုးမျိုးရှိကြပေမည်။

## မင်္ဂလာဂေဟာနှင့်သီလ

ရန်ကုန်အနောက်ပိုင်း၌ တိုက်ဆောက်နေ၍ ခရစ်လမ်း၌ ခေတ္တနေသော မိသားစု၏ မင်္ဂလာဂေဟာ၌ကား ဝါတွင်းပင် မဟုတ်သော်လည်း ဥပုသ်နေ့ဆိုလျှင် ဥပုသ်စောင့်ကြ သည်သာ များသည်။

တနေ့သောအခါ စာရေးသူက "ရန်ကုန်၌ နေကြသူတို့သည် များသောအားဖြင့် ဝါတွင်းမဟုတ်လျှင် ဥပုသ်စောင့်မှု အလေ့အထ မရှိကြောင်း ဒါယိကာမကြီးတို့ ဥပုသ်စောင့်၍ ဝမ်းမြောက်စွာ သာဓုခေါ်ကြောင်း" ပြောမိရာ "ရုံးကိစ္စ ကျောင်းကိစ္စစသည်အားဖြင့် ကိစ္စရှိကြလို့ မစောင့်နိုင်ကြတာ ဖြစ်ပါလိမ့်မယ် ဘုရား" ဟုလျှောက်ထားကြသည်။

"ဟုတ်ပါလိမ့်မယ် ဒါယိကာမကြီး လမ်း-၅၀ ဒါယကာ တယောက်ဟာ ဝါတွင်း ဥပုသ်စောင့်ချင်ရှာလိုက်တာ ရုံးကိစ္စ လို့မစောင့်နိုင်ပါဘုရား"ဟု ဦးပဥ္စင်းထံ ညီးညူ လျှောက်ထား ဘူးကြောင်းကို ပြန်ပြောလိုက်ရသည်။

## ကောင်းသည်ကို အတုယူ

အဆိုပါမင်္ဂလာဂေဟာကိုအတုယူ၍ အိမ်မှာ ကိုးကွယ် ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို နှုတ်ခွန်းဆက်သည့် အနေဖြင့် ပန်ကြားလျှောက်ထားကာ ရှိခိုးဦးချ၍ သွားလိုရာသွားပြီး လျှင်အပြန်တွင်လည်း ရှိခိုးဦးချနိုင်သော် ပစ္စုပ္ပန်သံသရာနှစ်ဖြာ၌ ကောင်းကျိုးဖြစ်ထွန်းစေနိုင်၍ မိမိတတ်နိုင်သလောက် ဝါတွင်း ဖြစ်စေ, ဝါပဖြစ်စေ, အနည်းဆုံး ကောင်းကျိုးကို ဖြစ်စေနိုင်သော ဥပုသ်သီလသီတင်းကိုလည်း စောင့်သုံး၍ ဤကိစ္စ နှစ်မျိုးကို လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်ကြစေရန် ဆုမွန်တောင်း လိုက်ရသည်။

# ၁၆။ မိဘနှင့်သားသမီး

"လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ" ဟူ၍၎င်း "သားသမီးမကောင်း မိဘခေါင်း"ဟူ၍၎င်း "ဤအမျိုးသားဟာ အကျင့်စာရိတ္တစသည် ကောင်းမှာပေါ့ သူ့မိဘများက ဆုံးမသွန်သင်မှုကောင်းမွန်တာကိုး"ဟူ၍၎င်း "ဤအမျိုးသမီးဟာ ဣန္ဒြေရရပါပေတယ်၊ အချိုးကျတဲ့ မိဘလောင်းရိပ်ကို မှီခိုရတာကိုး"ဟူ၍၎င်း"ဤပုဂ္ဂိုလ်ဟာ တယ်ရိုင်းစိုင်းပါကလား ဘယ်သူ့သားသမီး ပါလိမ့်"ဟူ၍၎င်း မီးခိုး မဆုံး မိုးမဆုံး သားသမီးတည်းဟူသော အကြောင်းကြောင့်မိဘနှစ်ပါးမှာကဲ့ရဲ့မှု၊ ချီးမွမ်းမှုလောကဓမ် နှစ်ပါးနှင့် မတွေ့ကြုံလို၍မဖြစ်အမြဲပင်တွေ့ကြုံ နေကြရသည်။

## လက်ဦးဆရာ

မိဘနှစ်ပါးသည် သားသမီးတို့၏လက်ဦးဆရာဖြစ်၍ သားသမီးတို့၏ လိမ်မာယဉ်ကျေးမှုအတွက် အမြဲတန်း သွန်သင်ဆုံးမရ၏၊ ချောက်တန်လျှင် ချောက်၍ ခြောက်တန်လျှင် ခြောက်ပြီး ရိုက်နှက်ရမည့်အရွယ်ဖြစ်ပါမူ ရိုက်နှက်၍ပုံစံအမျိုးမျိုးဖြင့် ဆုံးမသွန်သင်ရသည်။

သားသမီးကို ငါးနှစ်အရွယ်တိုင် အောင် ချော့မော့ ဆုံးမရာ၏၊ ငါးနှစ်မှစ၍တဆယ့်ငါးနှစ်အရွယ်တိုင်အောင် ရိုက်နှက်ဆုံးမရာ၏၊ တဆယ့်ခြောက်နှစ်အရွယ်မှစ၍ မိတ်ဆွေကဲ့သို့ ကျင့်ရာ၏ဟု စာဏက္ကနီတိ၌ဆိုသည်။

ရော့ရဲရဲနေတတ်သော မိဘမှ ဆင်းသက်လာသော သားသမီးသည် လိမ္မာပါးနပ်မှုမရှိ၊ လူကြီး ရဟန်းသံဃာများကို မလေးစား၍ အဆင်ပြေအောင် အများနှင့် မဆက်ဆံတတ်၊ စကားပြေပြစ်မှုရှိအောင် မပြောတတ်။

စည်းကမ်းစံနစ်ကျသောမိဘမှ ဆင်းသက်လာသော သားသမီးသည် မိဘဆုံးမထားသည့်အတိုင်း လိမ္မာယဉ်ကျေး၏၊ အကဲသိတတ်၏၊ လူကြီး ရဟန်းသံဃာများကိုလေးစားရိုသေ၏၊ အများနှင့်အဆင်ပြေအောင် ပြောတတ်ဆိုတတ်၏၊ သင့်လျော်အောင် ဆက်ဆံတတ်၏။

ဤကား မိဘပုံစံသွင်းကောင်းလျှင်ကောင်းသလို မကောင်းလျှင် မကောင်းသလိုဖြစ်လာရပုံတည်း။

## သားသမီးမကောင်း မိဘခေါင်းဆိုပေမဲ့

အချို့သော အမျိုးသား အမျိုးသမီးသည် မိဘနှစ်ပါးတို့က ဘယ်လောက်ပင် လိမ္မာယဉ်ကျေးအောင် ဆိုဆုံးမငြားသော်လည်း လိုက်နာသည်မရှိ၊ မိုက်တွင်းနက်သည်သာဖြစ်၏၊ အမျိုးသားဆိုလျှင် အရက်သောက်၏၊ ဖဲရိုက်၏၊ အပျော် အပါးလိုက်စား၏၊ ကျောင်းမှန်မှန်မတက်၊ ပညာရေးညံ့၏၊ အမျိုးသမီးဆိုလျှင် အပျော်ကြူး၏၊ လော်မာ၏၊ ယောကျ်ားပျိုများနှင့် ပူးတွဲနေတတ်၏၊ ဤကဲ့သို့သော အမျိုးသား, အမျိုးသမီးများကား ပဋိသန္ဓေဗီဇမျိုးစေ့မှ ညံ့ဖျင်းလာသည်ဖြစ်၍ မိဘက ကောင်းစေလိုသော စေတနာဖြင့် ဘယ်သို့သောပုံစံမျိုးနှင့်ဆုံးမစေကာမူမရနိုင်တော့၍ လက်လျှော့လိုက်ရသည်သာဖြစ်သည်။

ကြကား မိဘက ပုံစံသွင်းသော်လည်းမရနိုင်သော သားသမီး များဖြစ်၍“သားသမီးမကောင်း မိဘခေါင်း” မဖြစ်နိုင်ပုံတည်း။

## လောကုတ္တရာ အမွေကိုရအောင်ယူကြ

မိဘတို့အမွေအနှစ်ကို သားသမီးများသည်သာ ဆက်လက် ခံစားခွင့်ရှိ၏၊ အချို့သော သားသမီးများသည်ကား မိဘစကား ကို နားမထောင်မူ၍ မိဘကို တော်လှန်ကာ မိဘကွယ်ရာမှာနေ ကြ၏၊ ထိုသားသမီးများကို အမွေပြတ်ကျေညာကာ စွန့်ပစ်တတ် ကြ၏၊ အရိပ်နေနေ အခက်ချိုးချိုး မိဘမျက်နှာကို အိုးမဲသုတ် သော သားသမီးမျိုးကို မည်သည့် မိဘကမျှ လိုလားကြမည် မဟုတ်ပေ၊ အမွေသည် လောကီအမွေ, လောကုတ္တရာအမွေ ဟူ၍ ဝေါဟာရ အားဖြင့် နှစ်မျိုးရှိ၏၊ ရွှေ, ငွေ, ပစ္စည်း, လယ်ယာ, ကျွဲ, နွား, အိမ်တွင်းအသုံးအဆောင်, အိမ်ပ အသုံးအဆောင် ယခုပစ္စုပ္ပန် ဘဝသုံးစားရသောအမွေသည် လောကီ အမွေဖြစ် သည်၊ မိဘတည်ထားခဲ့သော ဘုရားစေတီကိုဆွမ်းကပ်ခြင်း, ကိုး ကွယ်ခြင်း,မိဘဆောက်လုပ်ခဲ့သော သိမ်, ကျောင်း, ဇရပ်, တန် ဆောင်းကိုပြင်ခြင်း မိဘပြုလုပ်မြဲဖြစ်သော ကထိန်သင်္ကန်းကိုကပ် လှူခြင်း, မိဘစောင့်သုံးမြဲဖြစ်သော ငါးပါး,ရှစ်ပါး, ကိုးပါး, ဆယ်ပါးသီလများကိုဆောက်တည် ကျင့်သုံးခြင်း, မိဘပွားများ အားထုတ်မြဲဖြစ်သော သမထ, ဝိပဿနာ ဘာဝနာကို ပွားများ အားထုတ်ခြင်း, ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်း စသည်များသည် လောကုတ္တရာအမွေများဖြစ်နိုင်သည်။

လိမ်မာယဉ်ကျေးစွာ နေထိုင်ကြ၍ ကောင်းသော မိဘတို့၏ အမွေအနှစ်ကိုထိန်းသိမ်းပြီးလျှင် မိမိတို့အတွက်ကြောင့်မိဘ ဂုဏ်ကို မထိခိုက်စေဘဲ လောက, သံသရာနှစ်ပြာ ကောင်းကျိုးကို ဆောင်ရွက်နိုင်ကြစေရန်ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

# ၁၇။ မိဘအားကိုးရသော သားသမီးကောင်းဖြစ်ရေး

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်ဇေတဝန်ရွှေကျောင်း၌ကိန်းအောင်း မွေ့လျော်စံနေတော်မူစဉ် ကြမ်းတမ်းခေါင်းပါးသော ကိုယ်ရုံ ရှိသော မဟာသာလ ပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ အလ္လာပသလ္လာပစကားကို လျှောက်ထားသည်။

ဗုဒ္ဓမြတ်စွာ။ ။ဒါယကာ ပုဏ္ဏားသင့်မှာ ပစ္စည်းဥစ္စာ ချမ်းသာပါလျက်ဘာဖြစ်လို့ကြမ်းတမ်းခေါင်းပါးသော အဝတ်အရုံ ကိုဝတ်ဆင်ဘိသနည်း။

ပုဏ္ဏား။ ။အရှင်ဂေါတမ အကျွန်ုပ်ကိုမယားတို့နှင့် တကွ သားလေးယောက်တို့က သူတို့ချင်း တိုင်ပင်ဆွေးနွေး၍ အိမ်မှ နှင်ထုတ်ကြပါတယ်၊ သို့အတွက် ကြမ်းတမ်းခေါင်းပါးသော အဝတ်အရုံကိုဝတ်ဆင်လာခြင်းဖြစ်ပါတယ်ဘုရား။

ဗုဒ္ဓမြတ်စွာ။ ။ဒါယကာ ပုဏ္ဏား ဤမည်သောဂါထာတို့ ကို နှုတ်တက်ရွရွ အရကျက်ပြီးလျှင် လူစုလူဝေးရှိရာ အရပ်၌ဒုင်း မယားတို့နှင့်သားလေးယောက်တို့ တပေါင်းတည်းနေသောအရပ် ၌ဒုင်းရွတ်ဆိုလော့။

ဂါထာနက်။ ။ငါသည် ဖြစ်ပေါ်လာကုန်သောအကြင် သား လေးယောက်တို့ဖြင့် နှစ်သက်ရပြီ၊ သည်မျှမကသေး၊ အကြင်သားတို့၏ကြီးပွားချမ်းသာရေးကိုအလိုရှိရပြီ၊ ခွေးတို့သည်

ဝက်ကိုတားမြစ်ကြကုန်ဘိသကဲ့သို့ ထို့အတူ သားတို့သည် ငါ့ကို မယားတို့နှင့်တိုင်ပင်၍ တားမြစ်ကြကုန်၏။

သူတော်ကောင်း စိတ်မထား သုတ်မာသော သားတို့သည် ရက္ခိုက်နှင့်တူကုန်သည်ဖြစ်၍ သားဟူသောအသွင်ဖြင့် ငါ့ကို ဘခင်ဘခင်ဟူ၍ ပြောဆိုကြသတဲ့၊ ထိုသားတို့သည် ၆ ၇ နှစ်လွန် ပြီးဖြစ်၍ ပစ္ဆိမအရွယ်သို့ရောက်သော ငါ့ကိုစွန့်ကြကုန်၏။

အိုမင်းသော သုံးဆောင်ခြင်းငှာ မထိုက်သောမြင်းကိုစားနေ ကြဖြစ်သောအစာမှ ပယ်အပ်ဘိသကဲ့သို့ ထို့အတူ အိုမင်းသော သားမိုက်ကလေးတို့၏ အဘဖြစ်သောအဘိုးအိုကြီးကို အစာမှ ပယ်အပ်၏၊ သားမိုက်ကလေးတို့၏ အဘဖြစ်သော အဘိုးအို ကြီးသည် အိုကြီးသည် သူတပါးအိမ်တို့၌ တောင်းစားရ၏။

ငါ၏လက်သုံး တောင်ဝှေးသည်သာ မြတ်၏၊ မိဘစကားကို နားမထောင်ကုန်သောသားမိုက်တို့သည် မမြတ်ကုန်၊ ငါ၏ လက် သုံးတောင်ဝှေးသည် ကြမ်းသော နွား ခွေးတို့ကို တားမြစ်ဖော်ရ ၏၊ ညဥ့်မှောင်မိုက်ရာအခါ၌ ရှေ့သွားပြုရ၏၊ နက်သောရေ၌ ထောက်တည်ရာကို ရနိုင်၏၊ လက်သုံးတောင်ဝှေး၏အာနုဘော် ဖြင့် ချော်ချွတ်ခဲ့သော် တည်တန့်နိုင်၏၊ သို့အတွက် မိဘစကားကို နားမထောင်ကုန်သော သားမိုက်တို့ထက်ငါ၏ လက်သုံး တောင် ဝှေးကမြတ်၏။ ဤသို့ရွတ်ဆိုလော့

F—7

ဤသို့ဗုဒ္ဓမြတ်စွာက ဂါထာတို့ကို ဟောသည်ရှိသော် မဟာသာလပုဏ္ဏားသည် ဂါထာတို့ကို နှုတ်တက်ရွရွ သင်ယူပြီးလျှင် လူစုလူဝေးရှိရာ အရပ်ဌာနခွင်း မယားတို့နှင့်တကွ သားတို့ ကြွား လောက်ရာအရပ်ဌာနခွင်း၊ ဗုဒ္ဓမြတ်စွာသင်ပြဟောကြားတော်မူတိုင်း ပေါ်ပြူပါ ဂါထာတို့ကို ရွတ်ဆိုသည်။

ထိုသို့ဂါထာတို့ကို ရွတ်ဆိုသောအခါ၌သားတို့သည် မဟာသာလပုဏ္ဏားကို အိမ်သို့ခေါ်ဆောင်ကာ ရေချိုးစေ၍ အသီးအသီး ပုဆိုးအင်္ကျီတစ်စုံစီဖြင့် ကန်တော့ကြသည်၊ လေးစားကြသည်၊ အိမ်မှနှင်ထုတ်မှုကို မပြုကြတော့ပြီ။

မဟာသာလ ပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာထံချဉ်းကပ်၍ "အရှင်ဂေါတမ အကျွန်ုပ်တို့ ပုဏ္ဏားတို့မှာ ဆရာ၏အတွက် အာစရိယပူဇာဥစ္စာကို ရှာမှီးကြပါကုန်၏၊ အရှင်ဂေါတမသည် အာစရိယ ပူဇာဥစ္စာကို အလှူခံတော်မူပါ" ဟုလျှောက်ထားသည်။

ဗုဒ္ဓမြတ်စွာသည် မဟာသာလ ပုဏ္ဏားကို ချီးမြှောက်သည့်အနေဖြင့် အာစရိယပူဇာပုဆိုးအစုံကို အလှူခံ တော်မူသည်၊ မဟာသာလပုဏ္ဏားသည် ဝမ်းမြောက်စကား လျှောက်ထား၍ ရတနာသုံးပါး မာမက သရဏဂုံတည် ဥပါသကာ အဖြစ်ဘိတ် ကြွားတော ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူသည်။

ပေါ်ပြူပါ သံယုတ္တနိကာယ် ဗြာဟ္မဏသံယုတ် မဟာသာလသုတ်လာ သာဓကကို ထောက်ထား၍ ယခုကာလ သားသမီးများသည်၊ မိခင်ဘခင်ကျေးဇူးရှင်များကို လေးစားသင့်ကြသည်၊ ကြည်ဖြူစွာ မွေးမြူလုပ်ကျွေးသင့်ကြသည်။

မဟာသာလ ပုဏ္ဏားကြီးသည် သူကိုင်ဆောင်သော တောင်ဝှေးလောက်သား(၄)ယောက်ကို အားမကိုးခြင်းမှာ သားလေးယောက်မလိမ္မာခြင်းကြောင့် ဖြစ်သည့်၊ စိတ်ထဲရှိသမျှ တကယ့်ဖြစ်မှန်ကို ပြောပြခြင်းဖြစ်သည်။

မိခင် ဘခင် တို့ အား ကိုးလောက် သော သား ကောင်း သမီးကောင်းတွေ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။

မြင်းမိုရ်တောင်လား၊ မိဘများ၊ ဝပ်တွားနိုင်ကြစေ။
မိဘ အားထား၊ သမီးသား၊ အများဖြစ်ကြစေ။

# ၁၀။ မိန်းမများ ယောကျ်ား ဖြစ်လိုလျှင်

မိန်းမ မဖြစ်ဘူးသော ယောကျ်ားမည်သည်မရှိ၊ ယောကျ်ား မဖြစ်ဘူးသော မိန်းမမည်သည်မရှိ၊ မှန်လှပေသည် ယောကျ်ားများသည် သူတပါး၏ သားမယားကို လွန်ကျူး၍ သေသည်ရှိသော် များစွာသောအနှစ်အသိန်းကာလပတ်လုံး ငရဲ၌ ခံရသည်၊ ငရဲမှလွတ်၍ လူ့ဘဝ၌ ဖြစ်သောအခါ အတ္တဘောတရာတိုင်တိုင် မိန်းမဘဝ၌ ဖြစ်ရသည်၊ ထိုမိန်းမဘဝ၌ မကောင်းမှုကို ဆက်၍ လွန်ကျူးပါလျှင် တဖန်ငရဲသို့ ပြန်ရပေဦးမည်။

## အဓိဋ္ဌာန်ပြီး ဆုတောင်းပါ

မိန်းမများသည်လည်း ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့ နေ၍ ဒါန၊ သီလ၊ ဘာဝနာကို အားမထုတ်လျှင် ကံအားလျော်စွာ ငရဲ၌ ဖြစ်၍ ငရဲမှ လွတ်ပြန်သော် မိန်းမဘဝ၌ပင် ဖြစ်ရပေဦးမည်။ ယောကျ်ားအဖြစ်ရလိုသော မိန်းမသည် ဒါန၊ သီလ၊ ဘာဝနာတို့ကို အားထုတ်ပြုလုပ်၍ မိန်းမအဖြစ်၌ ဆန္ဒကင်းစေ၍ "ငါ၏ ဤကောင်းမှုစေတနာသည် ယောကျ်ား၏ အတ္တဘောခန္ဓာကို ရခြင်းငှာဖြစ်ပါစေသတည်း" ဟု စိတ်ကို အဓိဋ္ဌာန်၍ ဆုတောင်းသည်ရှိသော် သေလျှင် ယောကျ်ားအဖြစ်ကို ရနိုင်သည်။

ဣဒံမေ ပုညံ ပုရိသတ္တဘာဝံ ပဋိလာဘာယ ပစ္စတ္တတု။ မေ၊ ဘုရားတပည့်တော်၏။ ဣဒံပုညံ၊ ဤယနေ့ပြုအပ်သောကောင်းမှုသည်။ ပုရိသတ္တဘာဝံ၊ ယောကျ်ား၏ အတ္တဘောခန္ဓာကို။ ပဋိလာဘာယ၊ ရခြင်းငှာ။ ပစ္စတ္တတု၊ ဖြစ်ပါစေသတည်း။

လင်ရှိမိန်းမများသည်ကား သိကြားမင်းမိဖုရားသည်သိကြားမင်းအားရိုသေစွာ လုပ်ကျွေးသကဲ့သို့ မိမိ၏ လင်ယောကျ်ားကို မယားဝတ် ငါးပါးနှင့်လျော်ညီစွာ ရိုရိုသေသေ လုပ်ကျွေးပါလျှင်လည်း ယောကျ်ားအဖြစ်ကိုရနိုင်သည်။

**အမျိုးသမီးတို့၏ အကျင့်ကောင်း-၅-ပါး**

အမျိုးသမီးမှန်သမျှ မိမိတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း စောင့်ရှောက်ပြီးလျှင်—

၁။ ရတနာသုံးပါး ကံ၊ ကံ၏ အအကျိုးကို ယုံကြည်သောသဒ္ဓါရှိခြင်း။

၂။ ဒုစရိုက်ပြုခြင်းမှ ရှက်မှုဟိရိရှိခြင်း။

၃။ ဒုစရိုက်ကို ကြောက်လန့်မှု သြတ္တပ္ပအမြဲရှိခြင်း။

၄။ ဒေါသကင်းလျက် မေတ္တာဘာဝနာကိုပွားမှုရှိခြင်း။

၅။ ကုသိုလ်အစ မြတ်ခမ္မကို သိတတ်သောပညာရှိခြင်း။

ဤအမျိုး သမီး တို့၏ အ ကျင့် ကောင်း ငါး ပါး နှင့် ပြည့်စုံအောင် နေထိုင်ကြပါလျှင် လောကဠလည်း ကောင်းမွန်၍ သံသရာမှာလည်း ကောင်းမွန်နိုင်ကြောင်းကို ရေးသား တင်ပြလိုက်ပါသတည်း။

************

## ၁၉။ အမျိုးသမီးများနှင့် ပရိယတ်တရား

သာသနာ သက္ကရာဇ် (၁၇၆၃)ခု ကောဇာ သက္ကရာဇ် (၅၈၁)ခုနှစ် နန်းတက်သော ကျစွာမင်း လက်ထက်၌ သာသနာတော် အလွန်တိုးတက်စည်ကားသည်၊ စာပေကျမ်းဂန် တို့၌ အမိပ္ပါယ် ကောက်ယူချက် ကျနစွာရှိသောကြောင့် (ကျနစွာမင်းကြီး)ဟု မူလအမည်တွင်သော်လည်း နောက်ကာလ၌ (န) အက္ခရာ ကြေပျောက်၍ ကျစွာမင်းဟု ရှင်လူအများ ခေါ်စမှတ်ပြုကြသည်။

ထိုကျစွာမင်းကြီးလက်ထက်၌ အမျိုးသမီးများသည် သဒ္ဒါကျမ်းဂန် တတ်မြောက်၍ အချင်းချင်းဆုံမိကြလျှင် စာပေအကြောင်းကိုသာ ပြောကြားကြသည်။

### စာပေလိုက်စားကြောင်း (၁)ဝတ္ထု

အခါးတပါး ပုဂံပြည်၌ တယောက်သောအမျိုးသမီးက မေးမြန်း၍ နို့စို့သားငယ်ရှိသော အမျိုးသမီးကပြန်၍ ပြောကြားသည်မှာ "ငါ့မှာကလေးနို့စို့ရှိ၍ ကလေးနှောင့်ရှက်သဖြင့် စာပေကျမ်းဂန်ကိုများစွာနှုတ်ဝယ်မဆောင်နိုင်ပါ၊ ပဌာန်း ကျမ်း၌ လာရှိသော ကုသလတိတ်မျှ ပမာဏရှိသော ကျမ်းဂန် ကိုသာ နှုတ်တွင်အရ ဆောင်ထားနိုင်ပါတယ်" ဟု ပြောကြားလေသည်။

## စာပေလိုက်စားကြောင်း(၂)ဝတ္ထု

တနေ့သ၌ (၁၂) နှစ်အရွယ်ရှိသော သတို့သမီးငယ် တယောက်သည် အိမ်သို့ဆွမ်းခံကြွလာသောရဟန်းတပါးကို မေးလျှောက်သည်မှာ—

"အရှင်ဘုရား၏ ဘွဲ့တော်ကိုဘယ်လို ခေါ်ပါသလဲ ဘုရား" "အရှင်ခေမာလို့ခေါ်တယ် ဒကာမလေးရဲ့" "အရှင်ဘုရားသည် ယောကျ်ားဖြစ်၍ ပုလ္လိင်ဖြစ်ပါလျက် "ခေမာ"ဟု ဣတ္ထိလိင်ဖြင့် အဘယ်ကြောင့်ခေါ်ပါသလဲ ဘုရား"

အိမ်တွင်း၌ရှိ သတို့သမီးငယ်၏ အမေက "ချစ်သမီးသည် ရာဇာဒိဂိုဏ်းကိုမသိသလော"ဟုလှမ်းပြောသည်။

"ခေမာသဒ္ဒါသည် ရာဇာဒိဂိုဏ်း၌ မဝင်၊ ရာဇာဒိဂိုဏ်း မဟုတ်"ဟုသမီးက ပြန်ပြောလိုက်သည်။

## စာပေလိုက်စားကြောင်း (၃) ဝတ္ထု

အခါတပါး အင်းဝနေပြည်တော်၌ နေသော သာမဏေ တပါးသည် ပုဂံပြည်၌အမျိုးသမီးများ သဒ္ဒါတတ်မြောက် လှသည်ဟု ကြားရ၍ ပုဂံပြည်သို့သွားသည်။

ပုဂံပြည်နှင့် မနီးလွန်း မဝေးလွန်းသော တခုသော တော အရပ်၌ ဝါခင်းစောင့်နေသော သတို့သမီးတယောက်သည် သာ မဏေကိုမြင်၍" "ကုတောအာဂတောသိ၊ အရှင်ဘုရား ဘယ် ကလာသနည်း"ဟုမေးရာ သာမဏေက "ရတနာပုရတောအာဂ အာဂတ္ဆတိ၊ ရတနာပုရ အင်းဝနေပြည်တော်မှ လာသည်" ဟု ယောဂလွဲမှားပြောကြားသည်။

ဆက်လက်၍ "ကုဟိ ဂတောသိ၊ အဘယ်အရပ်သို့သွားမည်နည်း" ဟု မေးပြန်ရာ "အဟံအရိမဒ္ဒနနဂရံ ဂစ္ဆတိ၊ အရိမဒ္ဒနမည်သော ပုဂံပြည်သို့သွားမည်" ဟု ယောဂမမှန်ပြောကြားပြန်သည်။

"အရှင်ဘုရားသည် သဒ္ဒါယောဂအဆုံးအဖြတ်ကို မစုံစမ်းဘဲ ပြောကြားဘိသည်" ဟု သတို့သမီးက ကဲ့ရဲ့ပြစ်တင်ပြောဆိုရာ သာမဏေသည် ရှက်လှသဖြင့် ပုဂံပြည်သို့မသွားတော့ဘဲ ရတနာပူရ အင်းဝသို့သာ ပြန်သွားလေသည်။

## ယခုခေတ်အမျိုးသမီးများ

ယခုခေတ် အမျိုးသမီးများသည်လည်း ပုဂံခေတ် အမျိုးသမီးများနည်းတူပရိယတ္တိစာပေကိုလိုက်စားသင့်သည် သူတို့စံချိန်ကိုမမှီစေကာမူ ပရိယတ္တိသာသနာကိုစောင့်ရှောက်သည့် အနေဖြင့် ထိုက်တန်သလောက်လေ့လာဆည်းပူးအားထုတ်သင့်သည်။

ပရိယတ္တိစာပေကို လိုက်စားရန်တိုက်တွန်းရုံနှင့် သီလရှင်ပြုရမည်ဟု တိုက်တွန်းသယောင်ယောင် အဓိပ္ပာယ်မျိုးကို မကောက်ယူစေလိုပေ၊ ပုဂံခေတ်က စာပေတတ်မြောက်သော အမျိုးသမီးများသည်လည်း သီလရှင်မဟုတ်ဘဲ လူဝတ်ကြောင် များသာဖြစ်ကြသည်။

## ဆားမြည်းစေချင်သည်

ဟင်းလျာကိုစားကြည့် မြည်းကြည့်မှသာလျှင်ထိုဟင်းလျာ၏ အရသာကို တွေ့သကဲ့သို့ "ဟေဝိပဿိက၊ လာခဲ့စမ်းပါ၊ ကြည့်လှဲ့စမ်းပါ" ဟူသော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော ဗုဒ္ဓရှင်

တော်၏ ပရိယတ်တရားတော်ကိုအမျိုးသမီး ခပ်များများ ဆား
မြည်းသည့်အနေဖြင့် လက်တွေ့သင်ကြားလေ့လာ အားထုတ်ကြ
စမ်းပါ-ဟူ ပုဂ္ဂိုလ်ပြည်အမျိုးသမီးများ ပရိယတ်သာသနာစောင့်
ရှောက်ပုံကိုသာဓကပြ၍ တိုက်တွန်းလိုက်ရပါသတည်း။

# ၂၀။ ဆရာဒကာ သာသနာ့စိတ် ရှိကြပါ

ဆရာဒကာ အချင်းချင်းတိုင်ပင်၍ အသီးအသီး သာသနာ့ပြု စိတ်မွေးမြူကာ ကိုယ့်တာဝန်ကို ကြေပြွန်စွာ ထမ်းဆောင်ကြ ပါလျှင် ရေဖြင့်တွေ့ထိသော ပဒုမ္မာကြာကဲ့သို့ခက်လက် ဝေပြော သာသနာ့စည်ပင် တိုးတက်လာနိုင်ပါသည်။

## ဆရာတော်သံဃာတော်များ

ဆရာတော် ဘုရားကြီးများသည် သာသနာ့ ကျေးဇူးများ လောက်သော သာသနာ့ အညွန့် အညှောက် ရဟန်းသာမဏေ ငယ်များကို မွေးမြူ၍ နေနည်း၊ ထိုင်နည်း၊ သင်္ကန်း ကိုင် နည်း စသည်ကိုစံနစ်တကျ သင်ကြားပြသပြီးလျှင် ကိုယ်တိုင်စွမ်းနိုင်၍ အချိန်ရလျှင် အခြေပြုစာဝါကို ကိုယ်တိုင်ချပို့ ပေးသင့်သည်၊ ကိုယ်တိုင်မစွမ်းနိုင်လျှင်အချိန်မရလျှင် လက်ထောက်စာချရဟန်း များကိုလွှဲအပ်၍သင်ကြားစေသင့်သည်။

စာသင်သား ရဟန်းသာမဏေငယ်ဘဝသည် ပဋိသန္ဓေတည် ကာစနှင့်တူ၍ စည်းကမ်းမထားသော ဆရာသမားထံ၌ ရောက် နေရလျှင် ထိုဆရာသမား၏ ထုံးစံအတိုင်းသာ ပြောဆိုနေထိုင် နည်းကို ခံယူရပေမည်၊ အမျိုးညံ့ဖျင်းသောအိမ်၌ သန္ဓေတည် သော သတို့သားသတို့သမီးသည် တဘဝလုံး ထိုအမျိုး၏ ထုံးစံ အတိုင်း အညံ့နည်း အဖျင်းနည်းကို ရသကဲ့သို့ စည်းကမ်းမထား

ဘာရမ်းဘာတာ ဆရာသမားကို မှီခိုဆည်းကပ်ရသော တပည့်များ အနေဖြင့်လည်း မကောင်းသော နည်းလမ်းများကိုသာ ရရှိကြမည်ဖြစ်သည်။

အမျိုးကောင်း၌ ပဋိသန္ဓေတည်နေမိလျှင်ကား ထိုအမျိုးကောင်း၏ ထုံးစံကောင်းကို ရရှိနိုင်သကဲ့သို့ ဆရာသမားကောင်းထံ၌ ကပ်ရောက်မှီခိုရသော ရဟန်း သာမဏေငယ်များသည်ကား ထိုဆရာသမားထံမှ ကောင်းသော နည်းလမ်း စည်းကမ်းတို့ကို အမွေခံအဖြစ် ရရှိကြပေလိမ့်မည်။

စာချဆရာတော်များသည် လုံ့လဝီရိယဇွဲသန်သန်ဖြင့် ရဟန်း သာမဏေငယ်များအား စာဝါကို အချိန်မှန်မှန်ပို့ချသင့်သည်၊ ပရိယတ္တိစာပေပို့ချခြင်းအလုပ်သည်သာ ပဓာန အလုပ်ဖြစ်သည်ဟု ယုံကြည်ထားသင့်သည်၊ စိတ်ရှည်ရှည်ထားကာ စာသင်သား ပုဂ္ဂိုလ်၏ ဉာဏ်စွမ်းကို ကြည့်ရှုချင့်မျှော်ကာ သင့်တော်ရုံမနည်းလွန်း မများလွန်း မဏ္ဍိမပဋိပဒါအရထားကာ ချပို့သင့်ပေသည်။

**စာသင်သား** ရဟန်း သာမဏေငယ်များကလည်း ပရိယတ္တိစာပေ သင်ကြားရေး ကိစ္စလောက်ကိုသာ တင်းတိမ်၍ မနေဘဲ သင်္ကန်းဝတ်နည်း၊ သင်္ကန်းကိုင်နည်း စသော အောက်ခြေသိမ်းအလုပ်မှစ၍ ကမ္မဝါစာဖတ်နည်း၊ ရဟန်းခံနည်း၊ သိမ်သမုတ်နည်း၊ ကမ္မဋ္ဌာန်း အားထုတ်နည်း စသော အထက်တန်းလုပ်ငန်းတွေကိုပါ ဆရာနည်းကျကျ အရယူသင့်သည်။ မိမိတည်းဟူသော အကြောင်းကြောင့် ဆရာသမားဂုဏ်သိက္ခာ မထိခိုက်စေအောင် သတိထား၍နေသင့်သည်။

## သာသနာပြု ဒါယကာများ

ဗုဒ္ဓသာသနာဝင်ဒကာ, ဒကာမများတလည်း နေ့စဉ်ပိဏ္ဍပါတ် ဆွမ်းဟင်း လောင်းလှူမှုမှစပြီး သားရှင်ပြု ရဟန်းခံစသော အလှူကြီးများကို ပေးလှူရာ၌ သာသနာပြုစိတ်ဖြင့် လှူသင့်သည်သာမက သာသနာ့ဝန်ထမ်းရဟန်းသံဃာများ သုံးစွဲနိုင်လောက်သော ပစ္စည်းကိုသာ အမှန်အမြတ်ထားကာ လှူသင့်သည်။

လှူသောအခါ၌လည်း ဂုဏ်ပကာသန ကင်းစင်ပစေလျက် အလှူခံပုဂ္ဂိုလ်, အလှူပေးပုဂ္ဂိုလ်, လှူဘွယ်ပစ္စည်းများအပေါ်၌ခယ ဝယသဘောတင်၍ အထူးအားဖြင့် အလှူခံရဟန်းသံဃာများကို အရှင်သာရိပုတ္တရာအစရှိသော အရိယာ သံဃာတော်များမှ ဆင်းသက်လာသော ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ကိုယ်ဘိရင်ဘိ စွမ်းစွမ်းတမန် ကြိုးစားအားထုတ် ဆောင်ရွက်လာသော သံဃာတော်တွေပါတကား ဟု အာရုံပြု၍ သာသနာအားပေးလိုသော တည်တံ့စေလိုသော စိတ်များဖြင့် လှူဒန်းကြလျှင် သာသနာပြုစိတ် ရှိသည်မည်ကြောင်းနှင့် မိမိနားမလည်လျှင် သံဃာတော်များအားမေးလျှောက်၍သာသနာပြုစိတ်ဖြင့်သာကုသိုလ်ကောင်းမှုကို ပြုလုပ်သင့်ကြောင်း ရေးသားတင်ပြ လိုက်ရပါသတည်း။

# ၂၁။ ဆရာ ဒကာ သာသနာ့စိတ် မရှိလျှင်

သာသနာပြုလိုစိတ်မပါဘဲ ခပ်ပေါ့ပေါ့ အလုပ်လုပ်ကြပုံ ရဟန်းဖြစ်စေ၊ လူဝတ်ကြောင်ဖြစ်စေ၊ မသင့်လျော်ပေ၊ ရဟန်းတော်များမှာ သာ၍ပင် ဝန်လေး၏၊ မိမိသာသနာပြုလိုစိတ်မရှိပေမဲ့ ဒကာဒကာမများသာသနာပြုလိုစိတ်ဖြစ်ပေါ်လာအောင် ဆွဲဆောင် သင့်သည်သာမက အနစ်နာခံ၍ မိမိကို ကြည်ညိုမှု လျော့သွားနိုင်စေကာမူ ထိုအကြည်ညိုလျော့မှု လုံးဝမကြည်ညိုမှုကို မငဲ့ဘဲ မရလျှင် ရသောနည်းဖြင့် ဟုတ်မှန်သော အယူကို ယူစေသင့်သည်။

## ရဟန်းသံဃာများ

ဒါယကာ ဒါယိကာမတို့၏ ပစ္စည်းလေးပါးကို အလှူခံရာ၌ သာသနာပြု စိတ်ဖြင့်သာ အလှူခံသင့်သည်၊ မိမိတဦးတည်း ပုဂ္ဂလိကပိုင် သုံးစွဲလိုသောစိတ်ဖြင့် အလှူခံမှု သာသနာပြုစိတ် မရှိကြောင်းထင်ရှားသည်၊ ဒါယကာ ဒါယိကာမတို့အားလည်း သာသနာ ချီးမြှောက်လိုသောစိတ်ထားဖြင့် ပစ္စည်းလေးပါးကို လှူရန် ဟောပြောညွှန်ကြားသင့်သင့်သည်။

မိမိကိုယ်တိုင်က ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာနှစ်မျိုး တွင် တမျိုးမျိုးကို အားထုတ်နေသူမဟုတ်လျှင် (သို့မဟုတ်) သာသနာနှစ်မျိုးတွင် တမျိုးမျိုးကို အားထုတ်နေသူကို အားပေး

နေသူမဟုတ်လျှင် ဒါယကာ ဒါယိကာမတို့ လှူသောပစ္စည်းကို အလှူမခံသင့်ရုံမျှမက သာသနာ့အတွင်းသားအဖြစ်ပင် နေ၍ မသင့်ပေ။

မိမိအပြစ်ကို မကြောက်၍ သာသနာ့အတွင်းသားအဖြစ် နေထိုင်ပြားသော်လည်း အကျိုးသက်ရောက်မှုမရှိသော နေထိုင်ခြင်းမျိုးဖြစ်၍ စုတိပျက်ကြွေ သေလွန်လျှင် အဘိဘုရား၏ အာဏာကို ဖီဆန်သည့်အတွက်ကြောင့် အပါယ်ဆင်းရဘို့ သေချာသည်၊ ဂန္ထဓုရစာပေသင်ကြားပို့ချမှု၊ ဝိပဿနာဓုရ ကမ္မဋ္ဌာန်းအားထုတ်မှုနှစ်မျိုးတွင် ထမျိုးမျိုးကိုမျှ အားမထုတ်လျှင် ပစ္စည်းလေးပါး လှူဒါန်းသော ဒကာ, ဒကာမကို လိမ်ညာ ဝါကြွားလှည့်စား၍ နေထိုင်သည်နှင့် တူလေသည်။

ထိုကဲ့သို့ နေထိုင်ခြင်းသည် ပစ္စက္ခ၌လည်းရောင်တလုံး ဆုံးရှုံးခြင်း၊ ညစာမစားရခြင်း၊ ကာမဂုဏ်ငါးပါးကို အပြည့်အဝ မခံစားရခြင်းစသောအပြစ်သာထင်၍ သံသရာ၌လည်း နစ်မွန်းနိုင်သည်ဖြစ်၍ သတိထားကာ စဉ်းစားသင့်သည်။

## သာသနာ့ ဒကာ, ဒကာမများ

ဖွံ့ဖြိုးအောင် မြင်သော သစ် သီး မျိုး စေ့ကို လယ်ယာ မြေကောင်းမှာ စိုက်ပျိုးလျှင် အောင်မြင် သန်မာသော သစ်ပင်ပေါက်၍ အောင်မြင်သောသစ်သီးများသီးနိုင်သော်လည်း မျိုးစေ့ညှိုးဖျင်းသော်ရှင်း၊ မြေမကောင်းသော်ရှင်း အောင်မြင် ဖွံ့ဖြိုး

သောသစ်သီးမျိုးကိုမရရှိနိုင်သကဲ့သို့ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော သာသနာ၌ သစ်သီးမျိုးစေ့နှင့်တူသော ကုသိုလ်ကောင်းမှုကိုကား ပြုကြပါ၏၊ သို့သော် သာသနာ ခြီးမြှောက်လိုသော သာသနာပြုစိတ်ကင်းမဲ့၍ ပုဂ္ဂိုလ်ရေးရာကိုင်ပြီးလှူဒါန်းလျှင် ကြီးကျယ်သော အကျိုးကို ရနိုင်မည်မဟုတ်ပေ။

သာသနာပြုလိုသောစိတ်ဖြင့် ကုသိုလ်တခုကိုပြုလျှင် ညောင်ပင်ကြီးလောက် အကျိုးကို ရနိုင်သော်ကည်း သာသနာပြုလိုစိတ် မပါဘဲ ပုဂ္ဂိုလ်စွဲလှူဒါန်းခဲ့သော် ညောင်စေ့လောက်သေးငယ်သောအကျိုးကို ရနိုင်သည်ကို သိထားဘို့ လိုသည်သာမက လက်တွေ့ပြုပြင် သာသနာစိတ်ဝင်စေ၍ လှူဒန်းသင့်ပေသည်။

## ပုဂ္ဂိုလ်စွဲအလှူ ဗုဒ္ဓမြတ်စွာပယ်ပုံ

မိထွေးတော် ဂေါတမီသည် သင်္ကန်းဒွိစုံကို သားတော်ဘုရားအား လှူရာ ဗုဒ္ဓမြတ်စွာက "ဂေါတမီ ဤသင်္ကန်းဒွိစုံကို သံဃာအား လှူလော၊ သံဃာလှူလျှင် ငါဘုရားအားလည်း လှူသည်မည်သည်"ဟု မိန့်တော်မူကာ သာသနာ ကျေးဇူးများသော သံဃာအား ညွှတ်စေ၍ လှူစေသည် ဂေါတမီသည် သာသနာပြုစိတ်ဖြင့် သားတော်ဘုရားညွှန်ကြားသည့်အတိုင်း သင်္ကန်းဒွိစုံကို သံဃာအား လှူသည်။

## အဆိပ်ပင်ရေလောင်း

အကယ်၍ မိမိတို့ကုသိုလ်ပြုရာဌာန၊ ထိုဌာနရှိ ပုဂ္ဂိုလ်အားလုံးသည် ပရိယတ် ပဋိပတ် နှစ်ရပ်ကို ပစ်ပယ်ကာပစ္စည်းစုနေသူများ

ဖြစ်ကြောင်းအံ့၊ အဆိုပ်ပင်ရေလောင်းသော် ကောင်းကျိုးမဖြစ်ထွန်း သကဲ့သို့ ဖွံ့ဖြိုးကြီးကျယ်သောအကျိုးကို မပေးနိုင်ဘဲ သာမန် အနည်းငယ် သေးသိမ်သော အကျိုးကိုသာ ရရှိနိုင်ကြောင်းကို ရေးသား လိုက်ရပေလတည်း။

# ၂၂။ လောင်းရိပ်မိသော သစ်ပင်ကလေးများ

သာသနာတော်၏ အညွန့်အညှောက် ရဟန်းငယ် သာမဏေ ငယ်ကလေးများသည် ပရိယတ်စာပေကို အားထုတ်ချိန်အရွယ်၌ အကြောင်းအမျိုးမျိုးတို့ကြောင့်စာသင်တိုက်ကြီးများသို့ မသွား ရောက်နိုင်ဘဲ မိမိနေရပ်ဆရာ ဥပဇ္ဈာယ်တို့ ခြေရင်း၌သာလျှင် အချိန်ကုန်ကာ ပညာလည်းမရ၊ နေထိုင်နည်းနှင့် တကွ ရဟန်း တော်များ သာမဏေများဆိုင်ရာ ဝိနည်းတော်ဒေသနာကိုလည်း မသင်ကြားရသဖြင့် လောင်းရိပ်မိသော သစ်ပင်ကလေးများပမာ ဖြစ်နေရသည်ကို မျက်မြင်ကြုံတွေ့ရဘူးသည်။

## အကြောင်းအမျိုးမျိုး

အချို့ရဟန်းငယ်, သာမဏေငယ်များသည် ဆရာသမားများ၏ ခွင့်ပြုချက်မရ၊ အချို့လည်းမိဘသားချင်းအပေါ် သံယောဇဉ် တွယ်ကာမခွဲခွါနိုင်၊ အချို့လည်း နောက်ပိုင်းက ပစ္စည်းလေး ပါးထောက်ပန့်မည့်သူမရှိ၊ အချို့လည်းအပေါင်း အသင်းတို့ နှင့် ကွေကွင်းခွဲခွါ၍မနေနိုင်၊ ဤသို့စသောအကြောင်းအမျိုးမျိုး တို့ကြောင့် ပရိယတ်စာပေကို အာစရိယမုဋ္ဌိဆရာနည်း လက် ဆုတ်လက်ကိုင်ရသော ပုဂ္ဂိုလ်အဖြစ်သို့ မရောက်နိုင်ခြင်း ဖြစ်တန် ရာသည်။

## ဆရာသမားခွင့်ပြုချက်

အခြားအကြောင်းများကို မရေးသားလိုသော်လည်း ဆရာသမားခွင့်ပြုချက်မရလို့ ဆိုသော အကြောင်းကိုကား အခွင့်သင့်သဖြင့် ဖေါ်ပြလိုပေသည်၊ ဆရာသမားများသည် မိမိထပည့်ရဟန်း သာမဏေငယ်များ အထက်တန်း ကျကျ အာစရိယလဒ္ဓေါပဒေသ ရအောင် ပရိယတ်သင်ယူရေးကို အထူးလေးစားကာ အားပေးခြီးမြှောက်သင့်ပေသည်။

အချို့တောမြို့နှင့်ကျေးရွာများ၌ မိးခဲပြာဖုံး ရဟန်းငယ်, သာမဏေငယ်ကလေးများရှိသည်၊ ဆရာသမားအနီး၌ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်စသည် ပြုနေကြရသည် စာသင်ထွက်လိုသော်လည်း ဆရာသမားများက ခွင့်မပြု၊ အချို့မှာစိတ်ပျက်ကာ လူ့ဘောင်သို့ကူးပြောင်းသွားကြရှာသည်။

## တပည့်မကောင်းဆရာ့ခေါင်း

အချို့လည်း ရဟန်း ၅-ဝါ၊ ၁ဝ-ဝါ ရနေသော်လည်း ဝိနည်းငယ်လေးစောင်ကိုမျှကျကျနနမသင်ယူဘူးပေ၊ ကံကြီး ကံငယ် သံဃာ့ကိစ္စဆောင်ရွက်သောအခါ၌ ကမ္မဝါစာ မရွေးတတ်မဖတ်တတ်၊ ဌာန်,ကရိုဏ်း, ပယတ်နားမလည်၊ ရေစက်ချမှုကိုမျှ အချိုးကျအောင်မလုပ်တတ်၊ ဆုပေးကိုမျှဆရာနည်းမရ၊ ဘုရားဓမ္မမဟောပြတတ်၊ရဟန်းရှင်လူနှင့် လျော်အောင်မဆက်ဆံတတ်၊ သက်တော်သိက္ခာတော် ကြီးမားသောဆရာတော်ဘုရားကြီးများနှင့် တွေ့သောအခါ အဥ္စလီဂါရဝမှုကိုမျှ ကျနစွာ မပြုတတ်၊

ဤသို့ဖြင့် ကျောင်းထိုင်ဘုန်းကြီးများ ဖြစ်ကုန်ကြသည်၊ ယခု တင်ပြလိုက်သော အပြစ်နှင့်တကွ ကြွင်းကျန်သော အပြစ်များ သည် "တပည့်မကောင်းဆရာခေါင်း"ဆိုသော စကားနှင့်အညီ ဆရာသမားများ၏ ခွင့်ပြုချက်မရ၍ လောင်းရိပ်မိသော သစ် ပင်ကလေးများပမာဖြစ်နေကြရရှာ၍ သနားစရာ ဆရာသမား များ၏ တာဝန်ပျက်ကွက်မှုများသာဖြစ်ချေသည်။

## စိတ်ထားပြုပြင်ရန်

ဆရာသမားလုပ်သူများသည် မိမိကိုယ်တိုင်အထက်ဖော်ပြပါ ရဟန်းတော်များ ဆိုင်ရာဝိနည်းသိက္ခာကို သင်ကြားပြသ ကြရ ပေမည်၊ မိမိမစွမ်းနိုင်လျှင် သင့်တော်ရာ မြို့ကြီး စာသင်တိုက် ကြီးများရှိဗျတ္တပဋိဗလ စာချဆရာတော်များထံ မိမိတပည့်ရဟန်း ငယ် သာမဏေငယ်များကို အပ်နှံ၍ ပရိယတ် သင်ယူမှုနှင့်တကွ ရဟန်းတော်များဆိုင်ရာ ဝိနည်းသိက္ခာကို သင်ယူစေသင့်သည်။ အချို့သော ဆရာသမားများသည် မိမိတပည့်ကို အခြား ဆရာ သမားများထံ မအပ်နှံလိုကြဘဲ မိမိတပည့်အဖြစ်မှ သူတပါး တပည့်ဖြစ်သွားမည်ကို အလွန်စိုးရိမ်ကြဟန်ရှိသည်၊ အလွန်လွဲ မှားသော နည်းလမ်းမဟုတ်သော အမြင်တို့မှုသာ ဖြစ်ချေသည်၊ "ပညာရှိသတိဖြစ်ခဲ"ဆိုသောစကားအတိုင်း ဤနည်းလမ်းမကျ သော ဝါဒဆိုးကို စွန့်ပယ်ကာ စိတ်ထား ပြုပြင်တော်မူကြစေ လိုသည်။

## သစ်ပင်ကလေးများတာဝန်

ဆရာသမား အကြောင်းကို ပြပြီး၍ တပည့်များ တာဝန်ကို အနည်းငယ်ဖော်ပြမည်၊ မိမိ၏ တက်လမ်းကို လိုလားသော

ရဟန်းငယ်သာမဏေငယ်များသည် ဆရာသမားများကို တရားနည်းလမ်းကျကျ ကျေနပ်ခွင့်ပြုအောင် လျှောက်ထားကာ ပရိယတ် စာပေသင်ကြားမှုနှင့်တကွ ရဟန်းသာမဏေဆိုင်ရာဝိနည်းသိက္ခာကိုမိမိနှင့် သင့်လျော်သောဌာန၌ မှတ်သားနာယူ သင်ကြားသင့်ပေသည်။

## ဆရာ့စကား နားမထောင်ပေမယ်လို့

(၁) ပါဠိသင်ယူခြင်း၊ (၂) အဋ္ဌကထာသင်ယူခြင်း၊ (၃) ကမ္မဋ္ဌာန်းပေးခြင်း၍(၃)ပါးမပြည့်စုံခဲ့လျှင် ဆရာသမား တားမြစ်သော်လည်း သင့်တော်ရာ အရပ်တပါးသို့ သွားသင့်ကြောင်းကို ဝိနည်းမဟာဝါ အဋ္ဌကထာဥပဇ္ဈာယဝတ် အခန်း၌ဆိုထားသည်ဖြစ်၍နဖူးဝယ် သံမှိုနှက်သကဲ့သို့ စွဲစွဲမြဲမြဲမှတ်သားကာ သင့်တော်ရာ၌နေသင့်သည်။

ရဟန်းငယ်, သာမဏေငယ် သာသနာ့အသက်သွေးခဲသဖွယ်ဖြစ်သောအညွန့်အညှောက် ကလေးများသည်လည်း မသင့်လျော်သောလောင်းရိပ်မှ ခွာ၍ သင့်တော်ရာ ဌာန၌ ဗဟုဿုတ ရှာမှီးကာ ဗုဒ္ဓမြတ်စွာ၏သားတော်ကောင်း ပီသစွာ သီလသိက္ခာကို ထိန်းသိမ်းနိုင်ပြီးလျှင်အဘဘုရားသာသနာတော်ကို ထမ်းဆောင်နိုင်ကြပါစေသော်။

## ၂၃။ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ဘို့ရာမှာ

ပရိယတ္တိ ဓမ္မဟူသည်ကား သုတ်ဝိနည်း အဘိဓမ္မာအားဖြင့် (၃)ပါးရှိ၏၊ ဗုဒ္ဓမြတ်စွာသည် စတုပါရိသုဒ္ဓိသီလ လုံခြုံစေလို သည့်အတွက် ဝိနည်းကိုဟော၍ ထာဝရကုသိုလ်ရှိစေလိုရကား သုတ္တန်ကိုဟောပြီးလျှင် နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်စေလို၍ အဘိဓမ္မာကို ဟောသည်။

ထိုသုတ် ဝိနည်း = အဘိဓမ္မာကို သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများသည်၎င်း သီလရှင်များသည်၎င်း အချို့သော လူဝတ်ကြောင် အမျိုးသား အမျိုးသမီးအပေါင်းသည်၎င်း သင်ကြားနာယူ မှတ်သားဆည်းပူး အားထုတ်ကြသည်။

ထိုသို့ ဆည်းပူးအားထုတ်သင်ယူကာမျှဖြင့် "သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ၊ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ"ဟူ သော မူလရည်ရွယ်ချက် ပန်းတိုင်သို့ ရောက်နိုင်လိမ့်မည်မဟုတ် ပေ၊ရည်ရွယ်ချက် ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့သွားရာလမ်းခရီး သည်ကား ပရိယတ္တိဓမ္မမှ ထွက်ပေါ်လာသော ပဋိပတ္တိအကျင့် စခန်းသာဖြစ်ချေသည်။

### နိဗ္ဗာန်သွားရာလမ်း

ပရမတ် ရုပ် နာမ်တရားတို့၏ ဖြစ်ပျက်ဟာန်ကို အမှန်သိအောင် ရှုမှတ်တတ်ခြင်း ဝိပဿနာအလုပ်တခုကိုသာ နိဗ္ဗာန်သို့ သွားရာ

လမ်းဟူ၍ သံယုတ္တနိကာယ်၌ ဆိုထားသည် မဟာဝဂ္ဂဝိနယပါဠိတော်၌ မဂ္ဂင်ရှစ်ပါးကိုင်း စရိယပိဋကပါဠိ၌ ပါရမီဆယ်ပါး, ပညာကြီးယာဆယ်ပါးကိုင်း ယက္ခသံယုတ်ဝိသုဒ္ဓိမဂ်တို့၌ သီလ, သမာဓိ, ပညာကိုင်း နိဗ္ဗာန်သို့ သွားရာ လမ်းခရီးဟူ၍ အသီးသီးဆိုကြသည်။

ဒါနသီလမှာ နိဗ္ဗာန်သို့ သွားရာ၌ ဝေးသော အကြောင်း ဖြစ်၍ ဝိပဿနာမှာ နီးသော အကြောင်းဖြစ်၏၊ ဒါနသီလမှာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရန်အတွက် အထောက်အပန့်သာဖြစ်၍ ဝိပဿနာတရားကို ကြိုးစားအားထုတ်မှုသာ တိုက်ရိုက်နိဗ္ဗာန်သို့ ရောက်စေနိုင်သည်၊ ဒါနသီလသည် သံသရာခရီးသည်တို့၏ ဖြစ်လေရာဘဝတို့၌ချမ်းသာကြွယ်ဝ သုခရဘို့ဖြစ်၍ အထက်တန်းစား လူနတ်စည်းစိမ်တို့ကို မတောင့်တဘဲရစေနိုင်သည်။

## ဥပမာဖြင့် ထင်စွာပြ

မြစ်တဖက်ကမ်းသို့ လှေဖြင့်သွား၍ ရောက်ရာ၌ အကြောင်း အမျိုးမျိုးရှိ၏၊ လှေကြောင့်, တက်ကြောင့်, လှော်ခတ်သော ကြောင့်, မြေရေကြောင့်, လှေခုတ်သောသူကြောင့်, ဓား, ပုဆိန်, ဓားသွေးသောကျောက်ကြောင့်, ပန်းဘဲသမား, ၎င်း၏ မိဘ ကြောင့် စသည်ဖြင့် ဝေးသောအကြောင်းများ ကုန်ဆုံးနိုင်ဘွယ်ရာမရှိ၊ အနီးဆုံးအကြောင်းမှာ လှော်ခတ်ခြင်း တမျိုးသာ ဖြစ်၏၊ ကုန်ဆုံးဘွယ်ရာမရှိသောလှေ, တက်စသော အကြောင်း များသည် ဒါနသီလနှင့်တူ၍ လှော်ခတ်ခြင်းသည်သာဝိပဿနာ နှင့်တူလေသည်။

## သာသနာ(၃)မျိုး

ပရိယတ်, ပဋိပတ်, ပဋိဝေဓ,ဟူ၍ သာသနာသုံးရပ်တွင် ပရိယတ္တိသည် သိုရင်းမူလဘူတဖြစ်၍ ပရိယတ္တိမမှ ဆင်းသက်လာသော အကျင့်စခန်းသည် ၊ ပဋိပတ်ဖြစ်ရုံမျှမက ဆရာသမား၏ ညွှန်ကြားနည်းပေးမှုဖြင့် တရားထူးရသွားလျှင် ပဋိဝေဓပါ ဖြစ်နိုင်သည်။ "ပရိယတ္တိယာ သတိပဋိဝေဓော အတ္ထိ" ဟူ၍လည်း ပရိဝါပါဠိ၌ ဟောထားသဖြင့် ပရိယတ်ရှိလျှင် ပဋိဝေဓရှိနိုင်ကြောင်းကို ယုံကြည်သင့်သည်။

## အချင်းချင်းညီရင်းအကိုလို

ပရိယတ်ရဟန်းရှင်လူနှင့် ပဋိပတ်ရဟန်းရှင်လူသည် အချင်းချင်းမကွဲပြားသင့်ဘဲ ညီရင်းအကိုသဘွယ်ဖြစ်၍ တဦးအပြစ်ကို တဦးက မပြောသင့်ရုံမျှမက အချင်းချင်း မေ့သာကစ္ဆာသဘော ဆွေးနွေးနှီးနှောတိုင်ပင်၍ပင် ပြုလုပ်သင့်သည်။

တဦးအပြစ်ကို တဦးက ပုတ်ခတ်ပြောဆိုခြင်းဖြင့် လုံးဝအကျိုး မရှိသည်သာမက အကုသိုလ် အပြစ် ဒေါသ များသောအများအားဖြင့်ဖြစ်နိုင်လေသည်။

ပရိယတ်အားထုတ်သူအဘို့မှာလည်း ဖြစ်လေရာဘဝများစွာတို့၌ ပညာပါရမီအထုံပါ၍ ပဋိပတ်အားထုတ်သူ အဘို့မှာလည်း အကြောင်းညီညွတ်လျှင် ယခုပစ္စက္ခတွင်ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်သာမက နိဗ္ဗာန်ကို မျက်မှောက်မပြုသေး

လျှင်လည်း ဝိပဿနာအထုံပါ၍ မကြာမီ ချမ်းသာတကာတို့တွင် အမွန်မြတ်ဆုံးချမ်းသာသုခကို ရနိုင်သည်ဟု ကျမ်းဂန်လာတိုင်း ယုံကြည်သင့်သည်။

## သာသနာခေတ်

ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်တထောင်၊ ဆဠဘိညာရဟန္တာခေတ်တထောင်၊ တေဝိဇ္ဇရဟန္တာခေတ်တထောင်၊ သုက္ခဝိပဿကရဟန္တာခေတ်တထောင်၊ ပါတိမောက္ခသံဝရခေတ် တထောင်ဟူ၍ သာသနာခေတ် ငါးပါးကို သုတ္တန္တပါထိကဝဂ္ဂ အဋ္ဌကထာ၌ ပိုင်းခြားပြထားသည်ဖြစ်၍ သာသနာခေတ်ကောင်းမကုန်သေးကြောင်းသိနိုင်သည်၊ သင်ယူအပ်သော ပိဋကတ်များ၊ ထိုပိဋကတ်၌ လာသော အကျင့်များ ထင်ရှားရှိနေ၍ ပရိယတ္တိ, ပဋိပတ္တိသနာ နှစ်ရပ်လည်း ထွန်းတောက်လျက်ရှိသည်။

## နည်းမှန်ရှာဖွေရန်

ယထာဘူတံ ဘိက္ခဝေ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။ ။ဟူ၍ သုတ္တန္တ မဟာဝဂ္ဂပါဠိ၌ လာရှိသည်အားလျော်စွာ ဆရာသမားကောင်းကို ရှေးဦးစွာရှာရမည်၊ “မဂ်ဖိုလ်နိဗ္ဗာန် ရလိုပြန် နည်းမှန်တွေ့အောင်ရှာ၊ ဆရာမပြ နည်းမကျမရ မှတ်လေပါ။”ဟူသော လင်္ကာနှစ်ပုဒ်သည်လည်း အထက်ပါဠိတော်နှင့် အဓိပ္ပါယ်သဘောတူဖြစ်သည်၊သို့အတွက် တရားအားထုတ်လိုသော ယောဂီသည် ဆရာသမားကောင်းကို ရှေးဦးစွာရှာရသည်။

## ရှုတ်ဖတ်သရဇ္ဈာယ်ခြင်း

နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့် သရဇ္ဈာယ်ခြင်းအား ကျေးဇူးပြုသည်၊ စိတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် လက္ခဏာကို ထိုးထွင်း၍ သိခြင်းအား ကျေးဇူးပြုသည်၊ လက္ခဏာကို ထိုးထွင်း၍ သိခြင်းသည် မဂ်ဖိုလ်ကိုသိခြင်းအား ကျေးဇူးပြုသည် ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ စသည်၌ ဆိုထားသောစကားတို့ ယုံကြည်သောအားဖြင့် ထိုထိုဘုရားဟောပါဠိများကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိုလည်း ပြုသင့်ပြုထိုက်သည်။

## ကြိုးစားအားထုတ်

"မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ရန် ကျမ်းဂန်သေချာရှိ၊ ပဋိပတ္တိမှာ အရိယာ သေချာအမှန်ရှိ၊ ကိုယ်တိုင်သိရန် ကိုယ်တိုင်ကြံ သည်းခံကြိုးစားကြည့်"ဟု ရှေးပညာရှိတို့ ဆိုထားသည့်အတိုင်း ကမ္မဋ္ဌာန်းရိပ်သာတွေအဆင်သင့်ပြသ နည်းပေးမည့် ကမ္မဋ္ဌာန်းဆရာတွေ အဆင်သင့် ခေတ်ကလည်း ဖြစ်နိုင်သောခေတ် ကြိုးစားအားထုတ်မှသာ လိုပေတော့သည်၊ ကြိုးစားအားထုတ်ကြပါ— ဟူ၍လည်း အထူးတိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

### အရိယာဖြစ်ကြောင်းအင်္ဂါ

(၁) မူလအခြေခံသီလနှင့် ပြည့်စုံခြင်း။ (၂) ကမ္မဇတိဟိတ်ပဋိသန္ဓေပညာနှင့် ပြည့်စုံခြင်း။ (၃) ကိလေသာကို ပြင်းစွာပူပန်စေတတ် ဖျက်ဆီးတတ်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း။ (၄) သုတမယ စိန္တာမယ ဘာဝနာမယဉာဏ် အဆင့်ဆင့် ရင့်

ကျက်လာသောပညာနှင့် ပြည့်စုံခြင်း။ (၅) ကပ်၍ရှုတတ်သော ခဏိက သမာဓိစိတ်နှင့် ပြည့်စုံခြင်း။ (၆) ရုပ်နာမ်နှစ်ပါး ဖြစ်မှု ပျက်မှုကို သိသော ဝိပဿနာဉာဏ်နှင့် ပြည့်စုံခြင်း။

## သောတာပန်ဖြစ်နိုင်သောအင်္ဂါ

(၁) မဂ်ဖိုလ်လမ်းပြသူတော်ကောင်းနှင့် ပေါင်းရမှု။ (၂) သူတော်ကောင်းတရားကိုနာကြားရမှု။ (၃) မဂ်ဖိုလ်ရကြောင်း အကျင့်ကိုကျင့်မှု။ (၄)ရုပ်နာမ်တရားကို၌ ဖြောင့်မတ်စွာ နှလုံး သွင်းမှု။

## သောတာပန်အရိယာအင်္ဂါ

(၁) မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါး၌ မတုန်မလှုပ် သော ကြည်ညိုခြင်း (အသက် အသေခံ၏၊ မြတ်စွာ ဘုရား၌ ကား အကြည်ညို မပျက်ပါ။) (၂) တရားတော်၏ ဂုဏ်တော် ခြောက်ပါး၌ မတုန်မလှုပ်သော ကြည်ညိုခြင်း၊ (အသက် အသေခံ၏၊ တရားတော်၌ကား အကြည်ညို မပျက်ပါ၊) (၃) သံဃာတော်၏ ဂုဏ်တော်ကိုးပါး၌ မတုန်မလှုပ်သော ကြည်ညို ခြင်း (အသက်အသေခံ၏၊ သံဃာတော် ၌ကား အကြည်ညို မပျက်ပါ) (၄)ငါးပါးသီလကို မကြိုးမပေါက် မပြောက်မကျား အောင် ကောင်းမွန်လုံခြုံစွာ စောင့်သုံးခြင်း (အသက်အသေခံ ၏၊ ငါးပါးသီလကိုကားအပျက်မခံပါ)။

## နိဗ္ဗာန်နှင့်နီးသော အကျင့်

(၁) ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း။ (၂) စက္ခု စသော ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံစွာ စောင့်ရှောက်ခြင်း၊

(၃) ဘောဇဉ်အာဟာရတို့၌ အတိုင်းအရှည်ကို သိခြင်း၊ (၄) ထကြွလုံ့လဝီရိယနှင့်တရားအားထုတ်ခြင်း။

အထက်ဖော်ပြပါ အခြင်းအရာများကို ဆင်ခြင်၍ ကြိုးစား အားထုတ်သွားပါလျှင် ပဥ္စာနန္တရိယကံ လွန်ကျူးသူ၊ နိယတ မိစ္ဆာအယူရှိသူ၊ အဟိတ် ဒွိဟိတ် ပဋိသန္ဓေနေသူ၊ ရတနာသုံး ပါးမကြည်ညိုသူ၊ ကုသိုလ်ဆန္ဒမရှိသူ၊ ပဋိသန္ဓေ ပညာမရှိသူ၊ ခြောက်မျိုးမှ ကင်းလွတ်ခဲ့ပါလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်သည်။

# ၂၄။ ပဋိပတ်သာသနာ မြှင့်တင်ပါ

ဗုဒ္ဓသာသနာဝင် ရဟန်းသာမဏေများသည် ဗုဒ္ဓမြတ်စွာ၏ သာသနာအစဉ်ကို ထိန်းသိမ်းစောင့်ရှောက်သော အားဖြင့် ပရိယတ်စာပေကို ကြိုးစားအားထုတ် သင်ယူပို့ချနေကြသည်မှာ ပရိယတ္တိသာသနာတော်အတွက် အားတက် ဖွယ်ရာပင်ဖြစ်သည်။

နောက်ကာလ၌လည်း ပရိယတ်ကို အားထုတ်ခဲ့ကြပြီ၊ ယခုလည်း အားထုတ်ဆဲပင်ဖြစ်၍ နောင်အနာဂတ်၌လည်း ကိုယ်ဖိရင်ဖိကြိုးစား အားထုတ်ကြပေဦးမည်၊ ဤစာရေးသူ အမြင်အားဖြင့် ပရိယတ် သာသနာ အားထုတ်မှု လောက် ပဋိပတ်သာသနာ အားထုတ်မှု မရှိသေးဟုမြင်နေသည်၊ပရိယတ်ဆိုသည်မှာ ဝိနည်း, သုတ်,အဘိဓမ္မာ ကျမ်းဂန်တို့ကို ကျွမ်းကျင်အောင် သင်ယူမှုဖြစ်သည်၊ ပါဠိတော်မှာ မထင်ရှားလျှင် အဋ္ဌကထာ ကြည့်ရှုတတ်ဘိုလို၍ အဋ္ဌကထာမှာ တဖန်ငုတ်နေပြန်လျှင် ဋီကာ ယောဇနာ ကြည့်ရှု၍ မှန်ကန်စွာ ယူဆတတ်ဘိုဆုံးဖြတ်ချက်ချတတ်ဘို့အရေးကြီးသည်။

## ပရိယတ်သည် လမ်းဆုံးမဟုတ်

ပရိယတ်ကို ကျွမ်းကျင်အောင်ကြည့်ရှု ဆုံးဖြတ်နိုင်သော အခြေရောက်စေပြီး၍ မိမိကိုယ်တိုင် ယထာဘူတ နည်းလမ်းကျ

အောင် ပဋိပတ်အကျင့်စခန်းကို တဆင့်တက်နိုင်ရပေမည်၊ မိမိ သဘောဖြင့် ပဋိပတ်ကိုနည်းလမ်းမှန်ကန်စွာ မကျင့်နိုင်ခဲ့သော် "မဖေါက်မပြန်မှန်ကန်စွာ သိမြင်နိုင်ရန်ဆရာကို ရှာရမည်"ဟူ သော ဗုဒ္ဓမြတ်စွာ မိန့်ခွန်းတော်ကိုနှလုံးမူ၍ ပဋိပတ်ကိုနည်းလမ်း ပေးနိုင်သော ဆရာသမားကိုရှာဖွေ၍ ဆရာသမား အကူအညီ ဖြင့် အကျင့်စခန်းကို တဆင့်တက်နိုင်ရပေမည်၊ ယခုကာလ၌ ပရိယတ်ကိုကား သင်ကြားကြ၏၊ သင်ကြားပြီးလျှင် အချို့ပို့ချ ကြ၏၊ အချို့ဝါသနာမရှိ၍ ပို့ချမှုမပြုကြ၊ ဝါသနာမရှိ၍ မပို့ချသူများသည် ပဋိပတ်အကျင့်ကို ကျင့်နေလျှင် တော်ပေ သေး၏၊ ပရိယတ် ပဋိပတ်နှစ်မျိုးလုံးကို အားမထုတ်ဘဲ သာသ နာတွင်းနေပါလျက် သာသနာကိုကြောင့်ကြမဲ့ နေကြသူများ သည် အဘဘုရား၏ ဂန္ထဓုရ ဝိပဿနာဓုရကို တော်လှန်စွန့် ပယ် သာသနာကွယ်နေသူများသာ ဖြစ်ချေသည်၊ ပရိယတ်ကို သင်ကြားပြီး၍ ပို့ချနေသူများအနေဖြင့်လည်း ပရိယတ်သည် လမ်းဆုံးမဟုတ်ဟု သဘောပေါက်ကာ တဆင့်တက်၍ အကျင့် စခန်းကို တက်လှမ်းနိုင်ရန် လက်တွေ့ကျင့်သုံးရန် အထူးလိုအပ် လှပေသည်။

## အကျင့်ကိုမြှင့်တင်ပါ

သာသနာတည်ခြင်း၏ မူလဘူတအကြောင်းရင်းမှာပရိယတ် သာ ဖြစ်သည်၊ ပဋိပတ်, ပဋိဝေဓတို့ကား မမြဲကြ၊ ရံခါရံခါ မရှိ ကြဟု ပါထိကဝဂ္ဂသမ္ပသာဒနီယသုတ် အဋ္ဌကထာ၌ ဆိုထား သည်ဖြစ်၍ ပဋိပတ် မကွယ်အောင် ပဋိပတ်ထွန်းကား အောင်

အကျင့်ကိုမြှင့်တင်ပေးရန်လိုအပ်လှသည်၊ "ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် အရဟတ္တဖိုလ်ဟူသော အဆုံးရှိ၏"ဟု သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ မဟာသီဟ နာဒသုတ်အဖွင့်၌ ဆိုထားသည်ဖြစ်၍ အရဟတ္တဖိုလ်သည်သာ သာသနာတော်၏အဆုံးဖြစ်သည်ကို ယုံကြည်ကြပြီးလျှင် ပရိယတ် သင်ယူမှု, ပို့ချမှုလောက်ဖြင့် သာတင်းတိမ်ရပ်နားမနေကြဘဲ တဆင့်တက်၍ ကျင့်ကြရန်လည်း အထူးလိုအပ်လှပေသည်။

## ပဋိပတ်သာသနာအကျိုးဖြာ

ပဋိသမ္ဘိဒါပတ္တခေတ်တထောင်၊ ဆဠဘိညခေတ်တထောင်၊ တေဝိဇ္ဇခေတ်တထောင်၊ သုက္ခဝိပဿကခေတ် တထောင်၊ ပါတိမောက်ခေတ် တထောင်ဟု ပါထိကဝဂ္ဂသမ္ပသာဒနီယသုတ် အဋ္ဌကထာအဆိုအရယခု (၂၅၀၀) ကျော်ခေတ်သည် တေဝိဇ္ဇခေတ်ဖြစ်သည်။

• ပဋိသမ္ဘိဒါပတ္တ ခီဏာသဝခေတ်၊ သုက္ခဝိပဿက ခီဏာသဝခေတ်၊ အနာဂါမိခေတ်၊သကဒါဂါမိခေတ်၊ သောတာပတ္တိခေတ်လည်းတထောင်စီဖြစ်သည်ဟု ဝိနည်းစူဠဝဂ္ဂါဒိ အဋ္ဌကထာအဆိုအရ ယခုနှစ်ထောင့်ငါးရာကျော် ခေတ်သည် အနာဂါမိခေတ် ဖြစ်သည်။

ဖေါ်ပြပါ အဋ္ဌကထာ စကားနှစ်ရပ်တွင် ယခုခေတ်သည် ပါထိကဝဂ္ဂ အဋ္ဌကထာအလို တေဝိဇ္ဇရဟန္တာတိုင်အောင် ဖြစ်နိုင်သောခေတ်ဖြစ်၍ စူဠဝဂ္ဂါဒိ အဋ္ဌကထာအလို အနာဂါမ် တိုင်အောင် ဖြစ်နိုင်သောခေတ်ဖြစ်၍ ပဋိပတ္တိသာသနာ အကျင့်၏အကျိုးဖြာလိုက်လျှင် ဝမ်း နည်း စ ရာ မ ဟုတ် ဘဲ ဝမ်း သာ စ ရာ,

အားတက်စရာ၊ အားကြိုးမာန်တက် အားထုတ်စရာ ဖြစ်ကြောင်း ယုံကြည်ပြီးလျှင် ရဟန်းရှင်လူ မည်သူမဆို ဗုဒ္ဓသာသနာဝင်မှန် သမျှ လုံ့လဝီရိယ မှန်မှန်ဖြင့် ကြိုးစားရန်သင့်၍ အကြောင်း မသင့်၍ မိမိမကြိုးစားနိုင်သော်လည်း ပဋိပတ်ကို ကြိုးစားအား ထုတ်သူများကို မြှင့်တင်ပေးကြပါဟု ရေးသားတိုက်တွန်း ရပါ သတည်း။

▲▼▲▼▲▼▲▼▲▼

# ၂၅။ တရားကို
# အလေးပြုထိုက်ကြောင်း

ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူရာ သီတင်းကျွတ်သောအခါ၌ ဗုဒ္ဓမြတ်စွာ ဖွားမြင်ရာ ကပိလဝတ်ရွှေပြည်မှ ရဟန်းများစွာတို့ လာရောက်ကြ၍ ပဋိသန္ထာရကထာ လောကဝတ်စကားကို မြွက်ကြားတော်မူသည်။

လောကဝတ်စကားကို မြွက်ကြား၍ "ချစ်သားရဟန်းတို့-ဘုရားအလောင်းဖွားတော်မူရာ အရပ်တွင် အဘယ်ရဟန်းသည် ဘုရားအလောင်း ဖွားတော်မူရာ အရပ်၌ နေလေ့ရှိကုန်သော သီတင်းသုံးဖေါ် ရဟန်းတို့၏ အချီးအမွမ်းကို ခံရသနည်း" ဟု မေးတော်မူသည်။

ဗုဒ္ဓမြတ်စွာ ဖွားမြင်ရာမြေမှ ရဟန်းများစွာတို့က "ဘုရားအလောင်းတော် ဖွားမြင်ရာအရပ်တွင် မန္တာနီပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏသည် ဘုရားအလောင်းတော် ဖွားမြင်ရာအရပ်၌ နေသောသီတင်းသုံးဖေါ်ရဟန်းတို့၏ အချီးအမွမ်းကို ခံရပါ၏" ဟု လျှောက်ထားကြသည်။

ဆွေမျိုးသားချင်းမမေး

ယခုခေတ်အလိုပြောရလျှင် မိမိတို့ ဇာတိရပ်ရွာ နယ်ပယ်မှ ဧည့်သည်လာပါမူ ဒကာကြီး နေကောင်းရဲ့လား၊ ဒကာမကြီး

စားလိုသောက်လိုကောင်းရဲ့လား၊ ဆွေမျိုးသားချင်းတွေ အားလုံး ကျန်းမာကြရဲ့လား စသည်ဖြင့် ဆွေမျိုးသားချင်းအကြောင်းကိုသာ မေးကြသည်။

ဗုဒ္ဓမြတ်စွာ တို့ ဆရာအနေဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အကြောင်းကိုလည်းမမေး၊ မိထွေးတော် မဟာပဇာပတိဂေါတမီအကြောင်းကိုလည်း မစုံစမ်း၊ သက္ကောဒန၊ သုက္ကောဒန၊ ဓောတောဒန၊ အမိတ္တောဒန ဟူသော ဘထွေးတော်များ အကြောင်းကိုလည်း မေးဘို့ လုံးဝစိတ်မကူး၊ သာကီဝင်မင်း အပေါင်း အကြောင်းကိုလည်း ဖွင့်ဟမေးမြန်းတော်မမူ၊ လူအပေါင်းကို ကောင်းရာဘက်၌ ညွှန်ကြားဟောပြတတ်၍ ပဋိပတ်နှင့် ပြည့်စုံသော ရဟန်းအကြောင်းကိုသာ တရားအလေးပြုကာ မေးမြန်းတော်မူသည်။

## တရားကိုသာအလေးပြု

အဘယ်ကြောင့် ဗုဒ္ဓမြတ်စွာသည် သုဒ္ဓေါဒနစသော ဆွေမျိုးတို့၏ အနာရောဂါကင်းမှုကို မမေးမူ၍ ဤသို့ သဘောရှိသော ရဟန်းကိုသာ မေးတော်မူသနည်းဟူမူ ချစ်မြတ်နိုးတော်မူသောကြောင့်ပင်ဖြစ်၏၊ မှန်လှပေ၏၊ တရားကို ကျင့်ကုန်သော ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့ကို ဗုဒ္ဓမြတ်စွာ ချစ်မြတ်နိုးတော်မူသည်၊ အဘယ့်ကြောင့်နည်းမေးမူ တရားကို အလေးပြုသောကြောင့်ဟုသာ အဖြေထွက်သည်။

## ဓမ္မဂုရုသာဓကပြု

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ပြီးကာစ အဇပါလညောင်ပင်ရင်း၌ ဝေနေယျသတ္တဝါတို့ သန္တာန်ဝယ် ရာဂ,ဒေါသ,မောဟများနေ၍ မိမိသိမြင်ထားသော တရားကလည်း သိမ်မွေ့နူးညံ့မှုလွန်ကဲပြီး ဂမ္ဘီရဖြစ်နေ၍ တရားမဟောဘဲနေတော့အံ့ဟု ကြံစည်နေရာ သဟမ္ပတိဗြဟ္မာမင်း တောင်းပန်သောအခါ၌ တရားကိုဟောသည်၊ တရားကိုတန်ဘိုးထားခြင်း, တရားကိုဈေးကိုင်ခြင်း, အခြားတရားများလို ပေါက်ပဲလွှတ်စား တရားမဟုတ်သည်ကို ပြလိုခြင်း, တရားကိုအလေးပြုခြင်း သဘောပင်ဖြစ်သည်။

မဟာကဿပထေရ် ဗုဒ္ဓမြတ်စွာကို ရည်မှန်း၍ ထွက်လာသောနေ့၌ တရားကိုအလေးပြုသောကြောင့် သုံးဂါဝုတ်ရှိသောခရီးကို ကြွ၍ခရီးဦးကြိုဆိုသမှု ပြုတော်မူသည်။

ပရိသတ်အခြံအရံနှင့်တကွသော မဟာကပ္ပိနကို ယူဇနာ(၃၀၀)ရှည်လျားသောခရီးကိုကြွသွား၍ အရဟတ္တဖိုလ်၌ တည်စေသည်။

တခုသော ဆွမ်း၏နောက်အဘို့အချိန်၌ (၄၅)ယူဇနာ ရှည်လျားသော ခရီးသို့ကြွသွား၍ အိုးထိန်းသည် ဇရပ်၌ ညဉ့်သုံးယာမ်ပတ်လုံး တရားဟော၍ ပုက္ကုသာတိအမျိုးကောင်းသားကို အနာဂါမိဖိုလ်၌ တည်စေသည်။

ယူဇနာ(၂၀၀)ရှိသော ခရီးသို့ ကြွ၍တော၌နေသော သာမဏေအား မြီးမြှောက်ခြင်းသည်ရင်း ယူဇနာ(၆၀)ရှိသော ခရီး

ကိုကြည့်၍ ခဒိရဝနိယထေရ်အား တရားဟောခြင်းသည်ငင်း ဗုဒ္ဓ မြတ်စွာ၏ တရားအလေးပြုခြင်း သက်သေများဖြစ်သည်။ မူလ ပဏ္ဏာသ အဋ္ဌကထာဒုတိယတွဲ ဆဋ္ဌ-(၄၀-၄၂)။

တရားအလေးပြုကြပါစို့

ဗုဒ္ဓမြတ်စွာ၏ သားတော် သမီးတော်ဖြစ်သော စာရေးသူ စာ ဖတ်သူတို့အနေဖြင့်လည်း သားကောင်း သမီးကောင်း ပီသစွာ တရားအလေးပြုမှု၏ တန်ဘိုးမဖြတ်နိုင်သော အကျိုးရနိုင်မှုကို ယုံကြည်ပြီးလျှင် ဘခင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာကို ကျေးဇူး ဆပ်သောအားဖြင့် ပစ္စည်းလာဘ်လာဘ ဆွေမျိုးသားချင်း စသည်တို့ကို အလေးမပြုဘဲ တရားကိုသာ အလေးပြုသင့်ကြောင်း ကို စေတနာကောင်းဖြင့် သတိပေးနှိုးဆော်လိုက်ရပေသတည်း။

# ၂၆။ စက္ကူပမာသတ္တဝါတို့

ဤမျက်မှောက် အမြင်လောက၌ စာဖတ်သူတို့တွေ့မြင်နေရသောစက္ကူသည် အမျိုးမျိုးရှိ၍အဆင့်အတန်းချင်းကွာခြားနေသည်ကိုသာ တွေ့ရသည်၊ အချို့သောစက္ကူသည် မင်းတံဆိပ်ရိုက်နှိပ်ခံရ၍ တန်ဘိုးရှိပြီးလျှင် လူတို့မြတ်နိုးမှုကို ခံရလျက်အဆင့်အတန်းမြင့်လှ၏၊ ဥပမာ ငွေစက္ကူတံဆိပ်ခေါင်းစသည်တို့ဖြစ်၏။ အချို့သောစက္ကူသည် ဘုရားပုံ၊ ယောကျ်ားပုံ၊ မိန်းမပုံစသည် တည်ရှိသဖြင့် အမြတ်တနိုးအိမ်ဦးခန်း စသည်၌ ချိတ်ဆွဲခံရ၍ အဆင့်အတန်းမြင့်သည်သာဖြစ်၏၊ ဥပမာ ပြက္ခဒိန် ဘုရားကားခတ်ပုံ စသည်တို့ဖြစ်၏၊ အချို့သောစက္ကူသည် စာအုပ်စာတန်းအဖြစ် ရိုက်နှိပ်ထားသည်ဖြစ်၍ အဆင့်အတန်းမြင့်သည်သာဖြစ်၏၊ ဥပမာ စာအုပ်၊ သတင်းစာ၊ စာရေးပက် စသည်တို့ဖြစ်၏၊ အချို့သောစက္ကူသည်ကား ယပ်တောင်၊ သင်္ကန်းအိပ် ထီးအိပ်၊ သပိတ်အိပ်၊ အဝတ်အထည်အိပ် အစရှိသည်တို့၌ အသုံးပြုထားသဖြင့် အဆင့်အတန်းသင့်လျော်ရုံသာဖြစ်၏၊ အချို့သောစက္ကူသည်ကား လက်သုပ်ပုဝါ၊ ထိုင်စရာအခင်း အစရှိသည်တို့၌ အသုံးပြုထားသဖြင့် အဆင့်အတန်းနိမ့်ကျ၏၊ အချို့သောစက္ကူမျိုးသည် အိမ်သာအညစ်အကြေးအစရှိသည်တို့၌ အသုံးပြုထားသဖြင့် အောက်တန်းကျလှသော အဆင့်အတန်းသို့ ရောက်နေသည်။

## စတုက္ကပြမာလူသတ္တဝါ

လူသတ္တဝါတို့တွင်လည်း လောကုတ္တရာဘက် အနေအားဖြင့် အချို့လူသည် အခြေနှစ်ချောင်းသတ္တဝါအပေါင်းတို့ထက် သာလွန်၍ ဘုရားမြတ်စွာဖြစ်၍ အချို့ပစ္စေကဗုဒ္ဓါ၊ အချို့အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ကလျာဏပုထုဇဉ်၊ အန္ဓပုထုဇဉ်၊ အသီးအသီးတဦးနှင့် တဦးမတူဘဲ အဆင့်အတန်းချင်း အနိမ့်အမြင့် ရှိသည်။

ဗုဒ္ဓမြတ်စွာတို့သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်၍ ဆည်းပူးအားထုတ်လာသောကြောင့်သာ အဆင့်အတန်း မြင့်မားလှသော မည်သူမျှလိုက်၍မမီနိုင်သော ဘုရားအဖြစ်သို့ ရောက်ရှိခြင်း ဖြစ်သည်။အကယ်၍ ဘုရားဖြစ်ကြောင်းပါရမီတို့ကို မဖြည့်ကျင့်ဘဲ သာမန်လူကဲ့သို့ နေထိုင်ခဲ့ပါလျှင် မည်သည့်နည်း နှင့်မျှ ဘုရားမြတ်စွာအဖြစ်သို့ မရောက်နိုင်ပါပေ။

ပစ္စေကဗုဒ္ဓါတို့သည်လည်း နှစ်သင်္ချေနှင့်ကမ္ဘာတသိန်း၊ အဂ္ဂသာဝက တို့သည်လည်း တသင်္ချေနှင့် ကမ္ဘာတသိန်း၊ မဟာသာဝကများအနေဖြင့် ကမ္ဘာတသိန်း အသီးအသီးပါရမီတို့ကို ဖြည့်ကျင့်ခဲ့၍သာ အဆင့်အတန်းအားလျော်စွာ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ဖြစ်ကြရသည်၊ ရဟန္တာ ဖြစ်စေနိုင်လောက်သော ပါရမီမျိုးစေ့ကို စိုက်ပျိုးခဲ့သူမှာ ရဟန္တာအဖြစ် ရရှိ၍ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ကလျာဏ

ပုထုဇဉ် ဖြစ်စေနိုင်လောက်သော ပါရမီမျိုးစေ့ကို စိုက်ပျိုးခဲ့သူများသာ အနာဂါမ် စသည်အဖြစ်သို့ ရောက်ကြရသည်။

## သောကီဘက်ကြည့်ပါဦး

လောကီဘက်မှာလည်း အချို့လူများ သမတကြီးအဖြစ်သို့ ရောက်ရှိ၍ အချို့ဝန်ကြီးချုပ်, စစ်ဗိုလ်ချုပ်ကြီး, စစ်သံမှူးကြီး, သံအမက်ကြီး, ဗိုလ်မှူးချုပ်, ဗိုလ်မှူးကြီး, ဒုဗိုလ်မှူးကြီး, ဗိုလ်မှူး, ဗိုလ်ကြီး, အတွင်းဝန်, ပညာမင်းကြီး, ပါမောက္ခချုပ်, ပါမောက္ခကြီး, ခရိုင်ဝန်, နယ်ပိုင်,မြို့ပိုင်, တရားသူကြီး, တိုင်းမှူးကြီး, ဝတ်လုံတရားသူကြီး, စာရေးကြီး, အထက်တန်း စာရေး, အောက်တန်းစာရေး, မင်းစေ, စာပို့လုလင်, သတင်းစာပို့သမား, မော်တော်ယာဉ်မောင်းသမား, လက်မှတ်စစ် စသောအားဖြင့် အသီးအသီးတဦးနှင့်တဦးမတူဘဲ ပစ္စက္ခသံသရာ မိမိပြုလုပ်ခဲ့သော အကြောင်းအားလျော်စွာ အချို့အထက်တန်းကျပြီး အချို့အသင့်အတင့်, အချို့အောက်တန်းကျ၍ ဖြစ်ကြရသည်သာများသည်။

စက္ကူပမာ၊ သတ္တဝါတို့၊ ချို့မှာလွန်မြတ်၊ ချို့အလတ်ဖြင့်၊ ချို့မှတ်အောက်ကျ၊ ဖြစ်ကြရ၏၊ လောကတံဆွာ၊ ဓမ္မတာဖြင့်၊ ရှေးခါကောင်းမှု၊ အစုစုကို၊ ပြုကြသူချင်း၊ မတူယွင်းသည်၊ ဘယ်သင်းတူကြပေလိမ့်နည်း။

# ၂၇။ လူတွေကိုခေါ်တတ်သော အာဝနကာစည်

လွန်လေပြီးသော အတိတ်အခါ၌ တိုင်းသူပြည်သားတို့ထံမှ ဆယ်ဘို့တဘို့ အခွန်ကောက်ယူတတ်သော "ဒသာရဟ" မင်းများလက်ထက်ဝယ် ဟိမဝန္တာ၌ ကြီးစွာသောကုဋိရ မည်သော ရေအိုင်သည်ရှိ၏၊ ထိုရေအိုင်၌ ပုဇွန်ကြီးသည် ရေသို့သက်ဆင်းတိုင်းသော ဆင်ကိုစား၏၊ ထိုအခါ ဆင်တို့သည် "ဤဆင်မ၏သားကိုမှီ၍ ငါတို့အားချမ်းသာခြင်းဖြစ်လတ္တံ့"ဟူသော ရည်ရွယ်ချက်ဖြင့် တကောင်သောဆင်မကို ပူဇော်ပသမှုကို ပြုကုန်၏။

ထိုဆင်မသည် ကြီးသောတန်ခိုးရှိသော သားကိုဖွားမြင်ရာ ထိုဆင်ငယ်ကိုလည်း ပူဇော်ကြကုန်၏၊ ထိုဆင်ငယ်သည် အသက်ကြီးလတ်သော် "ထိုဆင်တို့သည် ကျွန်ုပ်ကို အဘယ့်ကြောင့် ပူဇော်ကြကုန်သနည်း" အမိကိုမေးသည်၊ အမိသည် ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်သည်။

ထိုတန်ခိုးကြီးသောဆင်သည် "ပုဇွန်သည် ငါ့အား အဘယ်သို့ ပြု၍နှိပ်စက်ခြင်းငှါစွမ်းနိုင်အံ့နည်း၊ လာကြကုန်၊ ပုဇွန်ရှိရာသို့ သွားကြကုန်စို့"ဟု ဆင်များစွာခြံရံလျက် ထိုရေအိုင်သို့သွား၍ ရှေးဦးစွာ သက်ဆင်းသောခဏ၌ ပုဇွန်သည် ရေသံဖြင့်လာ၍ တန်ခိုးကြီးသောဆင်ကို ဖမ်းယူသည်။

ပုဇွန်၏တက်မသည် အလွန်ကြီးသည်ဖြစ်၍ တန်ခိုးကြီးသော ဆင်သည် ထိုပုဇွန်ကို ဤမှထိုမှလှုပ်ရှားခြင်းငှါ မစွမ်းနိုင်၍ခံတွင်း၌ နှာမောင်းကိုထည့်၍ ငယ်သံပါအောင် အော်သည်။ ဆင်တို့သည် "အကြင်သူကိုမှီ၍ ငါတို့ ချမ်းသာမှုဖြစ်ကြမည် ဟူ၍ အောက်မေ့ကုန်၏၊ ထိုသူကိုရှေးဦးစွာ ဖမ်းယူအပ်ပြီ"ဟု ထိုထို အရပ်မှ ပြေးကြကုန်၏။

ထိုအခါ တန်ခိုးကြီးသောဆင်၏ အမိသည် မနီးမဝေး၌ တည်၍ "ငါတို့သည် ကုန်း၌ကျက်စားသော ဆင်တို့ပါတည်း၊ သင်တို့သည်လည်း ရေကန်၌ ကျက်စားသော ဆင်တို့ပါတည်း၊ ဆင်အချင်းချင်း မညှင်းဆဲသင့်ပါကုန်"ဟု ပုဇွန်ကို ချစ်ဖွယ်သော စကားဖြင့် ပြောဆို၍ ဤဂါထာကို ရွတ်ဆိုသည်။

"သမုဒ္ဒရာ၌ရှင်း ဂင်္ဂါမြစ်၌ရှင်း ယမုနာမြစ်၌ရှင်း အကြင် ပုဇွန်တို့သည် ရှိကုန်၏၊ ထိုပုဇွန်တို့တွင် သင်သည် ရေ၌ဖြစ်သော အမြတ်ဆုံးသောသတ္တဝါဖြစ်ပါ၏၊ ငိုကြွေးသော ငါ၏သားကို လွှတ်လိုက်ပါလော့"

လောက၌ အဖိုအမသတ္တဝါနှစ်မျိုးရှိရာ အမမျိုးတို့၏ အသံမည်သည် အဖိုသတ္တဝါတို့ကို ချောက်ခြားစေ၍ တည်နိုင်၏၊ ထို့ကြောင့် ပုဇွန်သည် ဆင်မ၏အသံကို ကြားလိုက်သည်နှင့် တပြိုင်နက် ဖမ်းယူခြင်းကိုလျော့လိုက်၏၊ ဆင်သည် လျင်သော အဟုန်ဖြင့် ခြေနှစ်ဖက်တို့ကို မြှောက်ချီ၍ ပုဇွန်၏ကျောက်ကုန်းကို နင်းလိုက်၏၊ နင်းလိုက်သည်နှင့်တပြိုင်နက် ကျောကုန်းသည် မြေ့ အိုးသဖွယ်ကြေမွသွား၏။

ထိုအခါ တန်ခိုးကြီးသောဆင်သည် ပုဇွန်ကိုအစွယ်တို့ဖြင့် ထိုး၍ချီမပြီးလျှင် ကုန်းပေါ်သို့တင်၍ နှစ်သက်ဝမ်းမြောက်သံ ပေးလိုက်ရာ ဆင်များစွာလာကုန်၍ ထိုပုဇွန်ကို ထိုမှဤမှ နင်း ချေဖျက်ဆီးကြကုန်၏။

ထိုပုဇွန်၏တက်မတဖက် ပဲ့ကျရာ သိကြားမင်းယူသွား၏၊ တခုသောတက်မသည်ကား လေ့နေပူသဖြင့် ခြောက်သွေ့၍ ချိတ်ရည်အဆင်းကဲ့ နီမြန်းသောအဆင်းရှိလျက်တည်၏၊ ထိုတက်မ သည် မိုးရွာလတ်သော် ရေအယဉ်ဖြင့် မျော၍ ဆယ်ယောက် သောမင်းညီနောင်တို့၏အထက် ရေယဉ်သို့ကွန်ပစ်၍ကစားသူတို့၏ ပိုက်ကွန်ဝယ်ဖွဲ့မိလေ၏။

ရေကစားပြီးသောအဆုံး၌ ပိုက်ကွန်ကို ချီမလိုက်သောအခါ ထိုတက်မကိုမြင်၍ ပုဇွန်တက်မ၏အဖြစ်ကို သိသဖြင့် "ဤပုဇွန် တက်မကို တန်ဆာအလို့ငှါ မသုံးဆောင်ထိုက်၊ သားရေဖြင့် မြေးယှက်၍ စည်အဖြစ်အသုံးပြုကုန်အံ့"ဟု သားရေကျက်၍ တီးကြည့်သောအခါ ထိုအသံသည် တဆယ့်နှစ်ယူဇနာတိုင်တိုင် လွှမ်းမိုးသွားလေသည်။

မင်္ဂလာစည်အဖြစ် အသုံးပြု၍ ထိုစည်ကိုတီးလိုက်သောအခါ လူအပေါင်းတို့သည် လျှင်မြန်စွာ စုရုံးကြရကုန်၏၊ လူတို့ကို ခေါ်သကဲ့သို့ဖြစ်၍ "အာနက"စည် အမည်တွင်လေသည်။

## အာနကစည်နှင့်တူသော အလင်းအမှောင်တရား

ဒသာရဟမင်းတို့သည် အာနကမည်သောစည်ကို တီးခတ် သည်ရှိသော် ထိုအာနကမည်သော စည်သည်ကား ကာလကြာ

မြင့်သောအခါ၌ ပျက်စီးချို့ယွင်း၍ အခြားမယ်နအစပ်ကို ထည့်သွင်းဆက်စပ်ကုန်၏၊ အာနကမည်သောစည်၏ အဟောင်းဖြစ်သော အခေါင်းသည် ကွယ်ပျောက်၍ မယ်နအစပ်အဖါအထေးသည်သာလျှင် ကြွင်းကျန်သော အခါမျိုးသည်ဖြစ်လေရာ၏၊ ထိုအခါ၌ တဆယ့်နှစ်ယူဇနာတိုင်တိုင် ကြားစေနိုင်သော အာနကမည်သော စည်သည် သာလာယံဇရပ်တွင်း၌ သော်လည်း အတော်နားစွင့်ထောင်သော်သာ သဲ့သဲ့ကြားနိုင်လောက်သော အခြေသို့ ရောက်ခဲ့လေရာ၏။

အဆိုပါ အာနကမည်သောစည် ဥပမာအတူ နောင်သော အခါ၌ ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာ ဟောကြားအပ်ကုန်သော နက်နဲကုန်သော နက်နဲသောသဘောရှိကုန်သော လောကမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော ဆိတ်သုဉ်းခြင်း သုညတနှင့် စပ်ကုန်သော ၊ သုတ်တို့ကို ဟောအပ်ကုန်သည်ရှိသော် ကောင်းစွာ မနာယူကုန်လတ္တံ့၊ နားမထောင်ကုန်လတ္တံ့၊ သိလိုသောစိတ်ကို မဖြစ်စေကုန်လတ္တံ့၊ ထိုတရားတို့ကို သင်ယူအပ် အဖန်ဖန်တလဲလဲ လေ့ကျက်အပ်၏ဟု မမှတ်ထင်ကုန်လတ္တံ့။

ကဗျာဆရာတို့ ဖွဲ့ဆိုအပ်ကုန်သော ကဗျာဆရာတို့ စီရင်အပ်ကုန်သော ဆန်းကြယ်သော အက္ခရာရှိကုန်သော ဆန်းကြယ်သော ပုဒ်ဗျည်းရှိကုန်သော သာသနာတော် ပြင်ပဖြစ်သော တပည့်တို့ ဟောအပ်ကုန်သော သုတ်တို့ကို ဟောကြားအပ်ကုန်သည်ရှိသော် နာယူလိုကြကုန်လတ္တံ့၊နားထောင်ကြကုန်လတ္တံ့၊ သိလိုသောစိတ်ကို ဖြစ်စေကုန်လတ္တံ့၊ ထိုသုတ်တရားတို့ကို သင်

ယူအပ် အဖန်တလဲလဲလေ့ကျက်အပ်၏ဟုမှတ်ထင်ကြကုန်လတ္တံ့။ (နိဒါနဝဂ္ဂ သံယုတ္တပါဠိ ဆဋ္ဌ(၄၅၇)ရင်းအဋ္ဌကထာ (၂၀၉) ၂၁၀)။

ဗုဒ္ဓမြတ်စွာတို့၏ စကားတော်သည် လောကီရသေ့ ရှစ်သောင်းတို့၏စကားလို မှန်သည့်မမှန်သည်ဟူ၍ နှစ်ခွမရှိ၊ ဇော်သဝစန တခွန်းတည်းပင်ဖြစ်စေကာမူ အမှန်စကားသာဖြစ်၏၊ ယခုအချိန်၌ကား သာသနာတော်(၂၅၀၀)ကျော်သွားပြီဖြစ်ရာ အမှန်တရားများကို သုံးသပ်လေ့လာကြည့်ရှုသူ အားနည်းနေသည်ကို တွေ့ရသည်၊ ရန်ကုန်မန္တလေးစသော မြို့ကြီးတွေမှာ သာ၍သိသာလှ၏၊ နေ့စဉ်ထွက်နေသော သတင်းစာဖတ်ပရိသတ် ဦးရေနှင့် ဗုဒ္ဓဓမ္မလောကစာစောင်, ဓမ္မဗျူဟာ စာစောင်တို့လို တရားစာစောင်ဖတ် ပရိသတ်ဦးရေ အချင်းချင်းယှဉ်မရအောင် ကွာခြားနေခြင်းသည်ပင် ဗုဒ္ဓ၏အမှန်တရားကို လေ့လာသုံးသပ်ကြည့်ရှုသူ အားနည်းကြောင်း ထင်ရှားသော သာဓကတရပ်ပင် ဖြစ်ချေသည်။

## အမှောင်မှ အလင်းသို့

ပုဇွန်တက်မကြီးသည် ဗုဒ္ဓမြတ်စွာ၏ အမှန်တရားများနှင့် တူ၍ ကာလကြာမြင့်သဖြင့် ပုဇွန်တက်မ လုံးဝမကြွင်းကျန်ဘဲ သစ်သားမယ်နအစပ်မျှ ကြွင်းကျန် နေခြင်း သည် တရားစစ်ကွယ်ပျောက်၍ တရားမှားရောက်နေသည်နှင့်တူသည်။

တရားစစ်တရားမှန်သည် (၁၂)ယူဇနာတိုင်အောင် ကြားစေနိုင်သော ပုဇွန်တက်မကဲ့သို့များစွာသော အကျိုးတို့ကို ဖွံ့ဖြိုးစေ

နိုင်၍ တရားတုတရားယောင်သည် သာလာယံ ဇရပ်တွင်းကိုမျှ မကြားစေနိုင်သော အဖါအထေးသော ကျန်သော စည်ကဲ့သို့ မည်သို့သော ကောင်းကျိုးကိုမျှ မဖွံ့ဖြိုးစေနိုင်ရုံမျှမကဘဲ အပါယ်ဘုံသို့ စုံဆင်းစေနိုင်သည်။

အမှားတရားအမှန်တရားကို ခွဲခြားသိပြီးသကာလ အမှားတရားသည် အမှောင်ခေါ် ဒုဂ္ဂတိဘုံသို့သွားသော လမ်းဖြစ်၏ဟူ၍ရင်း အမှန်တရားသည် အလင်းခေါ် သုဂတိဘုံသို့သွားသော လမ်းဖြစ်၏ဟူ၍ရင်း နှလုံးသွင်း၍ပြီးလျှင် အမှောင်လမ်းကို ရှောင်ကြဉ်နိုင်သလောက် ရှောင်ကြဉ်၍ အလင်းလမ်းသို့ ချီတက်သော အားဖြင့် ဗုဒ္ဓမြတ်စွာ၏ အစစ်အမှန်တရားတော်များကို လေ့လာကြရန်, နာယူကြရန်, ဆည်းပူးကြရန်, ဆွေးနွေးကြရန်, ဖတ်ရှုကြရန်, သိမှတ်ကြရန်, လက်တွေ့ကျင့်သုံးကြရန် တိုက်တွန်း နှိုးဆော်ရင်း သတိပေးရေးသားလိုက်ရသည်။

************

## ၂၀။ သူတပါးစိတ်ကို သိလေယောင်တကား

အရှင်သာရိပုတ္တရာမထေရ်သည် အရှင်မောဂ္ဂလာန် အမှူးရှိသော ရဟန်းအပေါင်းတို့အား အနင်္ဂဏသုတ်တရားကို ဟောကြားတော်မူသည်၊ အရှင်မောဂ္ဂလာန်မထေရ်သည်လည်း သူ့ဉာဏ်၌ ထင်လာသော ဥပမာနှင့်တကွသော အနင်္ဂဏသုတ်တရားကို အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းအပေါင်းတို့အား ဤသို့ ဟောကြားသည်။

ငါ့ရှင် သာရိပုတ္တရာ ငါသည် အခါတပါး၌ တောင်ငါးလုံးဖြင့် ခြံရံအပ်သော ရာဇဂြိုဟ်ပြည်၌နေ၏၊ ထိုအခါ တခုသော နံနက်ခင်း၌ ရာဇဂြိုဟ်ပြည်တွင်း၌ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်၏၊ ထိုအချိန်၌ ယာဉ်အလုပ်သမား၏ သားဖြစ်သူ သမီတိသည် ရထား၏ အကွပ်ကိုရွေ၏၊ ရှေး၌ ယာဉ်အလုပ်သမား၏ သားဖြစ်သော ပဏ္ဍု၏သားဖြစ်သူ တက္ကတွန်းသည် ထိုသမီတိဆိုသူ၏ အနီး၌ တည်နေ၏။

ငါ့ရှင်သာရိပုတ္တရာ အဆိုပါ တက္ကတွန်းမှာ "ဤယာဉ်အလုပ်သမား၏သား သမီတိသည် ဤအကွပ်တံကွ၏ ဤသည့်အကွေး, ဤသည့်အကောက်, ဤသည့်အနာအဆာကို ရွေခဲ့ပါမူ

ဤအကုပ်တံကူသည် အကွေးအကောက် အနာအဆာကင်းလျက် စင်ကြယ်သည်ဖြစ်၍ အနှစ်၌တည်ရာ၏”ဟု စိတ်အကြံအစည် ဖြစ်ပေါ်လာ၏။

ငါ့ရှင်သာရိပုတ္တရာ အကြင်အကြောင် အခြင်းအရာအားဖြင့် အဆိုပါ တက္ကတွန်းအား အကြံအစည်ဖြစ်၏၊ ထိုထိုအခြင်းအရာ အားဖြင့်သာလျှင် သမိတိဆိုသူသည် ထိုအကုပ်တံကူ၏ ထိုအကွေး အကောက် ထိုအပြစ်အနာအဆာကို ရှေ၏၊ ထိုအခါ အဆိုပါ တက္ကတွန်းသည် “မိမိစိတ်ဖြင့် သူတပါးစိတ်ကိုသိ၍ ရှေလေ ယောင်တကား”ဟု နှစ်သက်ဝမ်းမြောက်သော စကားကို မြွက် ဆို၏။

ငါ့ရှင်သာရိပုတ္တရာ ဤပြခဲ့ပြီးသော ဥပမာ အတူသာလျှင် အကြင် ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားမရှိကုန်၊ အသက်မွေးမှု အတွက် ရဟန်းပြုကုန်၏၊ စဉ်းလဲကုန်၏၊ လှည့်ပတ်တတ်ကုန်၏၊ လိမ်လည်ကောက်ကျစ်တတ်ကုန်၏၊ တုန်လှုပ်တတ်ကုန်၏၊ တက် ကြွသောစိတ်ရှိကုန်၏၊ လျှပ်ပေါ်ကုန်၏၊ နှုတ်ကြမ်းကုန်၏၊ ဣန္ဒြေ တို့၌ စောင့်စည်းမှုမရှိကုန်၊ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိ ကုန်၊ နိုးကြားခြင်း၌ မယှဉ်ကုန်၊ ရဟန်းအဖြစ်၌ ငဲ့ကွက်ခြင်းမရှိ ကုန်၊ သိက္ခာသုံးပါး၌ ထက်သောရိုသေခြင်း မရှိကုန်၊ စွည်း များဘို့အတွက် ကျင့်ကုန်၏၊ သာသနာကို ပေါ့လျော့စွာယူကုန် ၏၊ သာသနာဆုတ်ယုတ်ခြင်း၌ ရှေ့သွားဖြစ်ကုန်၏၊ နိဗ္ဗာန် ဟူသော ဥပဓိဝိဝေက၌ တာဝန်မဲ့ကုန်၏၊ ပျင်းကုန်၏၊ ယုတ် လျော့သော လုံ့လရှိကုန်၏၊ လွတ်သောသတိရှိကုန်၏၊ ပညာ

အဆင်အခြင်မရှိကုန်၊ မတည်ကြည်ကုန်၊ လူထွက်လိုသော စိတ်ရှိကုန်၏၊ ပညာနည်းကုန်၏၊ ဆွံ့အသူကဲ့သို့ ဖြစ်ကုန်၏၊ အဆိုပါ ထိုပုဂ္ဂိုလ်တို့အား အရှင်ရိပုတ္တရာသည် ဤအနင်္ဂဏသုတ်တရားဖြင့် မိမိစိတ်ဖြင့် သူတပါးစိတ်ကို သိ၍ မိန့်ဆိုလေယောင် တကား။

အကြင်ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားစသည် အားလုံးပြည့်စုံဖူလုံကုန်၏၊ ထိုကောင်းသော ပုဂ္ဂိုလ်တို့သည် အထက်ပါ မကောင်းသောဘဝကို ပြန်သောအားဖြင့် အရှင်သာရိပုတ္တရာ၏ ဤအနင်္ဂဏသုတ်တရားကို နာရကုန်၍ "အချင်းတို့ သီတင်းသုံးဖေါ်ဖြစ်သော သာရိပုတ္တရာသည် ကောင်းစွာ အကုသိုလ်တရားတို့ကို ထစေ၍ ကုသိုလ်တရား၌ တည်ပါပေစွ တကား" ဟု စိတ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း တရားတည်းဟူသော ရေကိုသောက်ကြလေကုန်ယောင်တကား။ တရားတည်းဟူသော အစာကို စားကြလေကုန်ယောင်တကား။

ငါ့ရှင် သာရိပုတ္တရာ ဥပမာသော်ကား ငယ်သော နုပျိုသော တန်ဆာဆင်ခြင်း သဘောရှိသော ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော မိန်းမသည်ရင်း ယောကျ်ားသည်ရင်း ကြာညိုပန်းကိုရင်း မိုစွေပန်းကိုရင်း စပယ်ပန်းကိုရင်း ရ၍ လက်နှစ်ဖက်တို့ဖြင့် ခံယူ၍ မြတ်သော ဦးခေါင်း၌ ပန်ဆင်ရာ၏၊ ဤဥပမာအတူ အကြင် အမျိုးကောင်းသားတို့သည် သဒ္ဓါစသည် အားလုံးပြည့်စုံဖူလုံကြကုန်၏၊ ထိုအမျိုးကောင်းသားတို့သည် အရှင်သာရိပုတ္တရာ၏

အနင်္ဂဏသုတ်တရားကို နာကြရကုန်၍ တရားတည်းဟူသော ရေကိုသောက်ကုန်၍ တရားတည်းဟူသောအစာကို စားကြလေကုန်ယောင်တကား။

ဤဥပမာနှင့်တကွသော အနင်္ဂဏသုတ်တရားကို အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းအပေါင်းတို့အား အရှင်မောဂ္ဂလာန်သည် ဟောကြားသည်။

(မဇ္ဈိမနိကာယ မူလ ပဏ္ဏာသပါဠိ၊ ပရိယာယဝဂ္ဂ အနင်္ဂဏသုတ္တ ဆဋ္ဌမှူ—၃၇-၃၀)။

# ၂၉။ သူ့ကိုခြီးမြှောက် ကိုယ့်ဂုဏ်မြှောက်

"နေ့ဝင်ရင်းညီရင်း၊ နွယ်မကင်းသား၊ သားချင်းမျိုးတော် အကျော်ထင်ရှား၊ ဆွေတော်များကို၊တရားမပျက်၊ မေတ္တာဆက်၍၊ မဖျက်ဆီးမူ၊ ခြီးမြှောက်ပြုလေ့၊ သူ့ကိုခြီးမြှောက်၊ကိုယ့်ဂုဏ်မြှောက်၏"။ မဃဒေဝအပိုဒ်(၁၀၅)

ဆွေမျိုးတို့အား ခြီးမြှောက် ထောက်ပန့်ရမည်-ဟု မင်္ဂလာတရား(၃၈)ပါး၌ ဗုဒ္ဓမြတ်စွာ ဟောထားပါလျက် ဂုဏ်တု ဂုဏ်ပြိုင် သဘောထားကာ မပြောနိုင် မဆိုနိုင် ဆက်ဆံမှုမပြုနိုင်သော သူတို့ကား ဗုဒ္ဓမြတ်စွာ၏ "ဉာတကာနဉ္စသင်္ဂဟော" ဟူသော မင်္ဂလာတရားတော်တို ပျက်ရယ်ပြုသော သူတို့သာ ဖြစ်ချေသည်။

မြို့ကြီးများ၌ တဦးနှင့်တဦး ရာထူးဌာနန္တရအလိုက် ဂုဏ်ပြိုင်နေကြသဖြင့် ဆက်ဆံရေးမပြေပြစ်သော သားချင်းဆွေမျိုးများ ရှိကြသကဲ့သို့ တောကျေးလက်များ၌လည်း မိဘအမွေ အဝေမတဲ့လို့ မိန်းမချင်းရန်ဖြစ်လို့ စသောအားဖြင့် ဆက်ဆံရေးမပြေပြစ်သော သားချင်းဆွေမျိုးများရှိကြသည်။

## မဖြစ်သင့်သော ကိစ္စတခု

မြို့ကြီး၌နေသော သူတို့မှာ ကိုယ့်နှမ သူ့နှမအချင်းချင်း ရှေးဘဝရေစက် ဖန်တီးပေးချက်အရ ဘဝကြင်ဖေါ်အဖြစ် အိမ်ထောင်မှုကိစ္စပြုကြရာ၌ သဘောထားကြီးစွာဖြင့် ကိုယ့်မောင်အကိုများ၏ အမင်္ဂလာဆောင်ကိစ္စ၌ အမ နှမများက ဝေယျာဝစ္စ ကူညီဆောင်ရွက်ကြ၍ အမ နှမ မင်္ဂလာဆောင်ကိစ္စ၌ မောင်ကြီး, မောင်ငယ်များက စိတ်အားထက်သန်စွာ ကူညီပါဝင်ဆောင်ရွက်ကြသည်ကို အများအားဖြင့် တွေ့မြင်နေရ၍ ဝမ်းမြောက်စရာဖြစ်သည်။

တောကျေးရွာအနေဖြင့်ကား အမ နှမ မင်္ဂလာဆောင်ကိစ္စ ရှိလျှင် မောင်ကြီး, မောင်ငယ်လုပ်သူများအနေဖြင့် ကိစ္စရှာ၍ မြို့ကြီးပြကြီးသွားသောအားဖြင့်၎င်း အခြား ကျေးရွာများသို့ သွားနေသောအားဖြင့်၎င်း ရှောင်ရှားနေကြသည်သာ များသည်၊ အချို့ဤမျှမက သဘောမတူဆိုသောအနေဖြင့် အမ နှမ ဖြစ်သူအား ဤသူနှင့်အိမ်ထောင်ပြုသည့်အတွက်ဆိုကာ လုံးဝ မဆက်ဆံတော့သည်သာမက မိမွေဘမွေကိုမျှ မပေးတော့ပေ၊ အချို့မိန်းကလေးများ စိတ်ဆင်းရဲစွာဖြင့် မိဘသားချင်းဆွေမျိုးတို့က အဖက်မလုပ်၍ ကြုပ်တည်းကျဉ်းမြောင်းစွာနေထိုင်ကြရသည်ကို တွေ့ဘူးသည်၊ ဤကိစ္စသည် သူ့နှမ ကိုယ့်နှမ သူ့အမ ကိုယ့်အမ မကောင်းနိုင်သော ဓမ္မတာကိစ္စဖြစ်၍ မဖြစ်သင့်သော ကိစ္စသာဖြစ်ချေသည်။

## မြို့နေသူများ၏ သဘောတရားတခု

အများအားဖြင့် မြို့နေသူများသည် စီးပွားရေး ရာထူးဂုဏ်သိရ် တိုက်ပိုင်၊ ကားပိုင်၊ ခြံပိုင်စသောအားဖြင့် လက်ရှိပစ္စည်း အခြေအနေအရ ဘဝင်မြင့်ကာ မာနထောင်တတ်ကြ၏၊ ပစ္စည်း မရှိသော သားချင်းဆွေမျိုးကို အဖက်မလုပ်ချင်ကြ၊ လူရာ မသွင်းချင်ကြ၊ မခေါ်ချင် မပြောဆိုချင်ကြပေ၊ မိမိတို့နှင့် ဂုဏ် ရည်တူသူများကိုသာလျှင် ဆက်ဆံလိုကြသည်၊ အလွန်လွဲမှား သော အယူအဆများသာဖြစ်ချေသည်။

## သူ့ကိုခြီးမြှောက်ပါ

လောကကြီး၌ 'မိတူ့ဘတူ' 'မိတူ့ဘကွဲ' 'ဘတူ့မိကွဲ' စသော အားဖြင့် သားချင်းဆွေမျိုးတော်စပ်ဘိ အင်မတန် ခဲယဉ်းသည်၊ အင်မတန်ခဲယဉ်းသော ဆွေမျိုးသားချင်းဘဝကို ကံကောင်း ထောက်မသဖြင့် ရကြသည်အားလျော်စွာ ပစ္စည်း မျက် နှာ၊ ရာထူးဂုဏ်သိရ် စသောမျက်နှာကို မကြည့်ရှုမူ၍ ဆင်းရဲချမ်းသာ မရွေးချယ်ဘဲ ဆွေမျိုးသားချင်းများကို ဗုဒ္ဓဘာသာ ပီသစွာ ဗုဒ္ဓမြတ်စွာ၏ "ဉာတကာနဉ္စသင်္ဂဟော"ဟူသော မင်္ဂလာတရား ကို လက်ကိုင်ထားသော အနေဖြင့် ခြီးမြှောက်ထောက်ပန့် သင့် သည်။

မွဲသောသူ့၊ ရာထူးဂုဏ်သိရ်မရှိသောသူကို ခြီးမြှောက်ခြင်း ကြောင့် ခြီးမြှောက်သောကာယကံရှင်ပုဂ္ဂိုလ်မှာ ဂုဏ်မလျော့ ဘဲ ဂုဏ်တက်လာရုံမျှမက ယခုပစ္စုပ္ပန်၌လည်း လူနတ်တို့ခြီးမွမ်းခံ ရ၍ နိဗ္ဗာန်မရမီ ဖြစ်လေရာဘဝသံသရာ၌လည်း မင်္ဂလာတရား

နှင့် ပြည့်စုံသူဖြစ်သည်အားလျော်စွာ ကောင်းကျိုးအနန္တကို ရရှိနိုင်ကြောင်း စေတနာကောင်းဖြင့် ဆွေ မျိုး သား ချင်း အားလုံးကို ခြီးမြှောက်ကြရန် တိုက်တွန်းနှိုးဆော်ရေးသားရပါသတည်း။

# ၃၀။ သဖန်းဖူးရှင်း ဘယ်သင်း ကောင်းလိမ့်

"သူ့မျက်နှာကား၊ရွှေကြာပွင့်လို၊ပြုံးချိုမှုထား၊ သူ့စကား လည်း၊ ပျံ့ရှားမွှေးကြူး၊ စန္ဒကူးသို့၊ နှစ်လိုအင်ရှဲ၊ နာမရဲတည့်၊ လွန်ကဲယုတ်မာ၊ နှလုံးမှာမူ၊ လျှင်စွာသေမည်၊ အဆိပ်ရည်သို့၊ ရှိ သည်သူအား၊ ဝေးစွာရှားလော့" (လောကနီတိပျို့)

လောကသားဖြစ်ကြသော ရဟန်းရှင်လူ မည်သူမဆို အတွင်း စိတ်သဘော ဖြူစင်ဖြောင့်မတ် ရိုးသားသည့် မေတ္တာသုတ်လာ "သုဟုဇု" ဂုဏ်နှင့် ပြည့်စုံကြမည်ဆိုပါလျှင် ကမ္ဘာလောကကြီး အတော်ပြန်ကောင်းလာစရာ အကြောင်းရှိသည်။

သို့ပေမဲ့ အများအားဖြင့် "အပြောက ပျားသကာ သဘော က ခါးတမာ"ဆိုသကဲ့သို့ အပြောချိုသလောက် သဘောအိုနေ သူများရှိနေသမျှကာလပတ်လုံးငင်း "အပေါ်ယံရွှေမှုံကြဲ၍ အထဲ က နွားချေးခံ" သဘောနဲ့ ပလီပလာ တီတီတာတာ မရေမရာ စကားကို ပြောဆိုတတ်သူများ ရှိနေသမျှကာလပတ်လုံး ငင်း ဤ ကမ္ဘာလောကကြီးသည် ထူးမခြားနားသဘောဖြင့် ချာချာလည် နေဦးမည်မှာ ယုံမှားစရာမရှိပေ။

သူ့မျက်နှာအနေအထား ရွေကြာပွင့်အလား ပြုံးချိုနေမှု များ၍ သူ့နှုတ်ကထွက်လာသော စကားမှာလည်း စန္ဒကူးလို မွှေးကြိုင်ပြီးလျှင် ကြားနာသောသူ မငြီးနိုင်အောင် နားထောင်လိုဖွယ်အသွင်ကို ဆောင်နေငြားသော်လည်း "ရွှေအကြောင်း ဖရောင်းကသိ၊ လူအကြောင်း ပေါင်းသင်းမှသိ" ဟူသော ဆိုရိုးစကားကဲ့သို့ မျက်ကွယ်၌ ကျေးဇူးကိုချေဖျက်၍ ရှေ့မှောက်တွင် မျှားရည်လူးစကားကို ဆိုတတ်သော အတွင်းသဘောယုတ်သော ပုဂ္ဂိုလ်စားများကို လျှင်စွာ သေစေတတ်သော အဆိပ်ရည်ကို စွန်းပစ်သကဲ့သို့ ဝေးဝေးက ရှောင်ခွာ၍ စွန့်ပစ်ဖွဲကြဉ်သင့်သည်သာဖြစ်သည်။

## ရေသဖန်းသီးနှင့်တူသောသူ

"ရေသဖန်းဟု၊ မည်ဆန်းသီးမှည့်၊ ကြည့်လတ်သောခါ၊ တျာတျာနီရင့်၊ လှတင့်ဆင်းဝါ၊ရှိတုံပါလည်း၊ တွင်းမှာပိုးတိ၊ ရှုံဘွယ်ရှိသို့၊ နောက်ကျိနှလုံး၊သူယုတ်ထုံးတား၊ချိုပြုံးမျက်မြင်၊ ပေါ်စွာထင်လည်း၊ စိတ်တွင်အမြဲ၊လွန်စဉ်းလဲ၏"။

(လောကနီတိပျို့)

လောကသားများအမြင်အားဖြင့် ရေသဖန်းသီးသည် အသွေးအရောင်မှာ နီတျာတျာရဲနေပြီးလျှင် ခွဲစိပ်၍ စားသောက်ချင်စဖွယ်ဖြစ်ငြားသော်လည်း အတွင်းမှာ ရွံဘွယ်ရာပိုးတို့ဖြင့် ပြည့်နေသည်ဖြစ်၍ အပြင်မှာသာအမြင်ကောင်း အတွင်းမှာ ကောင်းသောအရသာ ကင်းမဲ့သော အသီးမျိုးအဖြစ် လူတိုင်း အသိအမှတ်ပြုထားကြသည်။

ထိုရေသဖန်းသီးနှင့်တူသော အပြင်လောကအနေဖြင့် ပြုံးရွှင်ချိုမြ ပီယဝါစာ သာယာနာပျော်ဘွယ်သော စကားကိုဆို၍ အတွင်းသဘောအနေဖြင့် စဉ်းလဲကောက်ကျစ် စိတ်နှလုံးညစ်မဲသော ရှင်လူများကို သတိရှေ့ထားကာ ရှောင် ရှား သင့်သည်။

## ပိန္နဲသီးဒူးရင်းသီးနှင့်တူသောသူ

"ဒူးရင်းသီးမှာ၊ပြင်သာဆူး၏၊အသားကမူ၊ ချိုမြအံ့ဖွယ်၊ စားမငြီးသို့၊ မိတ်ကြီးသူတော်၊ ပေါင်းစသော်မူ၊မပေါ်လောကွတ်၊ ကျင့်မြဲဝတ်ကား၊မချွတ်သေချော၊ ကြာလေလေလျှင်၊ ကောင်းထွေလွန်ငြား၊ ကျေးဇူးများ၏။" (လောကနီတိပျို့)

အများသိကြသည့်အတိုင်း ပိန္နဲသီးဒူးရင်းသီးတို့ သဘောမှာ အပြင်အနေဖြင့် စားသောက်ချင်စဖွယ်၊ အရည်အချင်းမရှိ၊ ဆူးဖြင့်သာ ဝန်းရံလျက်ရှိလေ၏၊ သို့သော်ငြားလည်း စားသောက်ကြည့်သောအခါ အလွန်အမင်း ထူးကဲသောအရသာရှိသကဲ့သို့ သဘောပြည့်ဝသော ရှင်လူများအနေဖြင့် အပြင်ဟန်ဆောင်ခြင်း လုံးဝကင်းစင်နေသည်ဖြစ်၍ တည်ဘည်ဘံ့တံ့ သိက္ခာရှိစွာနေထိုင်သည်ကို သာမန်မြင်သူများအနေဖြင့်အတွင်းသဘောကို မမြင်သည့်အတွက် အပြင်တည်တံ့မှုကလေးကိုသာရှု၍ အပြစ်ပြော

စရာရှိမည်ဖြစ်သော်လည်း အတွင်းသဘော အလွန်ပြည့်ဝသော သဘောဖြူစင် မနောကြည်လင်သော ရှင်လူမျိုးကိုကား မိတ်ရင်း ဆွေရင်းအဖြစ် ပေါင်းသင်းဆက်ဆံသင့်သည်သာ ဖြစ်ပေသည်။

# ၃၁။ ကိုယ်ကောင်းအောင်သာ ကြိုးစားသင့်သည်

ဤခေတ်၌ အများအားဖြင့် သူတပါးအပြစ်ရေးသားချင်သူတွေ့ ပြောဆိုချင်သူတွေရှိနေသည်၊ သူတပါးအပြစ်ကို ရေးသား ပြောဆိုနေမည့်အစား ကိုယ့်ကိုကိုယ်သာ ဗုဒ္ဓမြတ်စွာ အလိုတော်ကျဖြစ်အောင် နေနည်း၊ ထိုင်နည်း၊ ရေးနည်း၊ ပြောဆိုနည်း၊ ဆက်ဆံနည်းများကို ပြုပြင်ပြောင်းလဲ နေထိုင်ရေးသား ပြောဆိုဆက်ဆံ သင့်ကြလေသည်။

"မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်သည်၊ သူတပါးသည် မိမိ၏ကိုးကွယ်ရာမဖြစ်နိုင်၊ မိမိလိမ်မာ ယဉ်ကျေးသဖြင့် ရနိုင်ခဲသော ကိုးကွယ်ရာကိုရနိုင်သည်" ဟု ဓမ္မပဒပါဠိတော်၌ ရှင်တော်ဘုရားဟောကြားထားသောတရားသဘောကိုလည်း နှလုံးသွင်း၍ မိမိကိုးကွယ်ရာကိုသာ ရှာမှီးသင့်လေသည်။

ထို့ပြင်လည်း "သူတပါးအပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ အမြဲကဲ့ရဲ့လိုသော စိတ်ရှိသော ထိုပုဂ္ဂိုလ်အား အာသဝေါတရားတို့သည်တိုးပွားကုန်၏၊ ထိုသူတပါးအပြစ်ကိုရှု၍ ကဲ့ရဲ့လိုစိတ်ရှိသော ပုဂ္ဂိုလ်သည်အာသဝတို့၏ကုန်ရာနိဗ္ဗာန်မှဝေး၏" ဟူ၍ ခုဒ္ဒကပါဠိ ပါဠိတော်, ဓမ္မပဒ ပါဠိတော်တို့၌ ဘုရားရှင်ဟောကြားထားသော တရားသဘောကိုလည်း နှလုံးသွင်း၍ သူတပါးအပြစ်ကို ရေးသားပြောဆိုခြင်းမှရှောင်ကြဉ်စွန့်ပယ်သင့်ကြလေသည်။

ဥတေနမင်းတရားသည် အပြစ်မဲ့သော မိဖုရားသာမာဝတီအား မြှားဖြင့် အသေပစ်ရာ သာမာဝတီထံသို့ မရောက် မူ၍ ဥတေန မင်းတရားထံသို့သာ မြှားကျရောက်ထုံးနှင့် မိုးပေါက ဖိုးရွှေလကို မြှားဖြင့်ပစ်ရာ ပစ်သူထံသို့သာ မြှားကျရောက်သော ထုံးသာဓကများကဲ့သို့ ပြောဆို ရေးသားခံရသူ၌ ဟုတ်သည်, မဟုတ်သည် မသေချာစေကာမူ သူတပါးအပြစ်ကို ရေးသားပြောဆိုသူ၌ကားရှစ်ပါးသော အပြစ်မျိုးနှင့်ဆယ်ပါးသော အပြစ်ဒဏ်ကို ကေန်မလွဲခံရမြဲဖြစ်သည်။

## ရှစ်ပါးသောအပြစ်

၁။ မြေမျိုခံရခြင်း။
၂။ မိကျောင်းဖမ်းခံရခြင်း။
၃။ သစ်ကျား ကိုက်ခံရခြင်း။
၄။ ဘီလူးဖမ်း ခံရခြင်း။
၅။ လှေမှောက်တတ်ခြင်း။
၆။ စိတ်နောက်ကျုတတ်ခြင်း။
၇။ သွေးအန်ခြင်း။
၈။ မိုးကြိုးထိမှန်ခြင်း။

## ဆယ်ပါးသောအပြစ်ဒဏ်

၁။ ကြမ်းတမ်းသော ရောဂါဝေဒနာ ဖြစ်ပေါ်တတ်ခြင်း။
၂။ ခန္ဓာကိုယ် ကျိုးပဲ့မှုဖြစ်တတ်ခြင်း။
၃။ ဆေးကု၍ မရလောက်သော ရောဂါဆိုးကြီးများ စွဲကပ်တတ်ခြင်း။
၄။ စိတ်ပျံ့လွင့် ရူးသွပ်ခြင်းသို့ ရောက်တတ်ခြင်း။

၅။ မင်းအစိုးရတို့မှ ဘေဒဥပါယ်ဖြစ်ပေါ်လာတတ်ခြင်း။
၆။ မဟုတ်မမှန် သူတပါးတို့ ကြမ်းတမ်းစွာ စွပ်စွဲခြင်းကို ခံရတတ်ခြင်း။
၇။ ဆွေမျိုးအခြံအရံတို့ ဆုတ်ယုတ်သွားတတ်ခြင်း။
၈။ ရွှေ,ငွေ,ကျွဲ,နွား,ပစ္စည်းတို့ ကုန်ဆုံးသွားတတ်ခြင်း။
၉။ နေအိမ်တိုက်တာတို့ ပြောင်တလင်းခါအောင်မီးလောင် တတ်ခြင်း။
၁၀။ သေပြီးသည့်နောက် ငရဲသို့ရောက်တတ်ခြင်း။

ဤသဘောကို ရည်ရွယ်၍ မန်လည်ဆရာတော်ဘုရားကြီးက "အပြစ်ကင်းစွာ၊နိဗ္ဗာရာခ၊ ဒေါသမဲ့ ငြား၊သူ့မြက်များအား၊ ပြစ်မှားတုံထ၊ မိုးပေါ်လကို၊စိတ်ကငြူစူ၊ပစ်သောမှုသည်၊ ပစ်သူ့သို့သာ၊ကျရောက်လာသို့၊မှန်စွာအပြီး၊ နောက်ပိုးစီးလျက်၊ မြေကြီးမျိုရှောင်း ၊မိကျောင်း,သစ်ကျား၊ ဖမ်းစားဘီလူး၊ ရေကူးလှေမှောက်၊စိတ်နောက်သွေးအန်၊စက်ပုံမိုးကြိုး၊ပြစ်ရှစ်မျိုးနှင့်၊ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊ လျှော့ပါးစည်းစိမ်၊ နေအိမ်မီးလောင်၊ကုန်အောင်ကျွမ်းသက်၊ကျိုးပျက်အင်္ဂါ၊နူနာစိတ်ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရွှေ,ငွေ,ကျွဲ,နွား၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နောက်၌အမြဲ၊ သေဘောက်လဲသော်၊ငရဲကြီးစွာ၊ လားတို့ရာ၏၊" ဟု သူတပါးအပြစ်ကို ပြောဆိုရေးသားသူတို့၏ ပစ္စက္ခသံသရာ ပြစ်တို့ကို ကွက်ကွက်ကွင်းကွင်း မဃဒေဝလင်္ကာတွင်းမှာ ရေးသား ဆုံးမထားလေသည်။

## ကိုယ်ကောင်းအောင်

မိမိကိုယ်တွင် မည်သည့်တရားမျိုး ကိန်းအောင်းနေသည်ကို မိမိအသိဆုံးဖြစ်လေသည်၊ ကောင်းသောတရားများ အမြဲထာဝစဉ် ကိန်းအောင်းရေးကို ဆင်ခြင်စဉ်းစား သတိထားကာ လုံ့လပြုသင့်သည်၊ မိမိပြုလိုက်သော အကုသိုလ်တရားဆိုး အကျိုးကို ဘယ်သမီး, ဘယ်သား, ဘယ်မယား, ဘယ်လင်မှ ကူညီမခံရဘဲ မိမိသာခံရစမြဲဖြစ်လေသည်။

သေသောအခါ၌လည်း ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သာ သွားကြရ၍ အဖေါ်အပေါင်းအသင်း မည်သူ တဦးတယောက်ကိုမျှ ခေါ်မသွားနိုင်ပေ၊ ယခုဘဝ လူဖြစ်လာကြရသည်မှာလည်း ရှေးကအနေအထိုင် အပြောအဆို ကိုယ်ကျင့်တရားကောင်းမွန်ခဲ့ကြလို့ဘဲ ဖြစ်သည်၊ နောက်ဘဝ လူကောင်း, နတ်ကောင်းဖြစ်ချင်လျှင်လည်း အထက်ပါ သူတော်ပါးအပြစ်ကို ရေးသားပြောဆိုခြင်း စသည်ကိုမပြုဘဲ လူ့ဖြစ်ကျိုး, ရဟန်းဖြစ်ကျိုး မရှုံးအောင် နောက်နောင်ဘဝ အရင်းကလေးပေါ်လာအောင် ဘုရားအလိုတော်ကျ ရဟန်းဖြစ်လျှင် ရဟန်းကျင့်ဝက်, လူဖြစ်လျှင် လူ့ကျင့်ဝတ်ကို ဖြည့်ကျင့်ဘို့ပင် ဖြစ်သည်။

ထိုအကြောင်းကို နသော ကဗျာအထူးစုံလှတဲ့ စလေဆရာဦးပုည က "ကိုယ့်ကိုယ် ကိုယ်အကြောင်း ကိုယ်ကောင်းအောင် ဆင်ခြင်၊ ကိုယ့်အမှုကိုယ်ပြုပြင်တယ် ကိုယ်တွင်းတွင်တရား၊ ကိုယ့်ရှင်နှင့် ကိုယ်သာ ကိုယ့်ဆရာမှတ်ကြမမှား၊ ကိုယ်ပြုတဲ့အကုသိုလ်ကို၊ ကိုယ်သာလျှင်ခံစား၊ ဘယ်သမီးဘယ်သား ဘယ်မယားမကူ

လာ၊ သေသောခါ အဖော်နဲ့လို တယောက်ထဲ သွားရမည့်တာ၊ ခုဘဝလူဖြစ်လာတယ် ရှေးသမ္ဘာအကြောင်း ကောင်းလှလို့အရတော် ရှုံးစေနှင့်နော်၊ နောက်ဘဝ အရင်းပေါ်အောင် ခုကနော် အားထုတ်ကြလေး" ဟူသော တေးထပ်ကဗျာဖြင့် ဆိုထားလေသည်။

"ငါသည် ဘယ်သောအခါမျှ သူတပါးအပြစ်ကို မရေးသား မပြောဆိုတော့ပါ၊ ငါသည် မိမိကိုယ်ကိုသာ ဆုံးမသွန်သင်၍ ဘုရားအလိုတော်ကျ ကျင့်ပါတော့မည်"ဟု အဓိဋ္ဌာန်ပြု၍ နေထိုင်သင့်ကြောင်းကို ရေးသားလိုက်ရပေသတည်း။

# ၄၂။ အပါယ်ဘေးမှ လွတ်မြောက်အောင်

အပါယ်ဘုံဟူသည် ကုသိုလ်ကောင်းမှု ပြုခွင့်ကင်းရာဌာနဖြစ်၏၊ ကုသိုလ်ကောင်းမှုဖြင့် သတ္တဝါတို့သည် သုဂတိဘဝသို့၎င်း နိဗ္ဗာန်သို့၎င်း ရောက်ကြရကုန်၏၊ ထိုသုဂတိဘဝ နိဗ္ဗာန်သို့ ရောက်ကြောင်း ကုသိုလ်ကောင်းမှုကို များသောအားဖြင့် ပြုခွင့် မရသောဘုံဌာနကို ညွှန်ပြရသော် အပါယ်ဘုံကို လက်ညှိုးထိုးပြ ရမည်ဖြစ်သည်။

တန်ခိုးကြီးသော နဂါးနှင့် ဝေမာနိက ပြိတ္တာအချို့တို့သည်သာ ကုသိုလ်ပြုခွင့်ရှိကြကုန်၏၊ ကုသိုလ်ကောင်းမှုပြုခွင့်မရလျှင် "အပါယ်လေးဘုံတို့သည် မိမိတို့ကိုယ်ပိုင်အိမ်နှင့် တူကုန်၏" ဟူသောဇာတ်အဋ္ဌကထာ၌ လာသောစကားအတိုင်းအပါယ်(၄)ဘုံတွင်သာ တဝဲလည်လည် ဖြစ်နေကြရပေမည်။

ချမ်းသာမှုလွတ်ကင်းရာ ငရဲ၊ မဂ်ဖိုလ်မှ ဖီလာဖြစ်တတ်သော တိရစ္ဆာန်၊ ချမ်းသာမှုဝေးသောအားဖြင့် ဖြစ်တတ်သောပြိတ္တာ၊ စည်းစိမ် ချမ်းသာ စိတ် မွေ့လျော် ခြင်း တို့ ဖြင့် မထွန်းလင်း မတောက်ပသော အသုရကာယ်ဟူ၍ အပါယ်(၄)မျိုးရှိသည်။

## အပါယ်မလားသောနည်း

ရဟန်းသံဃာတော်တို့သည် မိမိအနေဖြင့် ဘုရားဟောထားသည့် (၂၂၇)သွယ်သောသိက္ခာပုဒ်အတိုင်း နေထိုင်သွားလျှင်

အပါယ်ဘေးမှ လွတ်မြောက်နိုင်သည်၊ ရှင်သာမဏေများသည်လည်း (၁၀)သီလကို မကျိုးမပေါက်အောင် စောင့်စည်းနေထိုင်သွားလျှင် အပါယ်လားနိုင်စရာ အကြောင်းမရှိပေ၊ ရဟန်းက ရဟန်းသိက္ခာနှင့်အညီ, သာမဏေက သာမဏေသီလနှင့်ပြည့်စုံစွာနေထိုင်မှသာလျှင် အပါယ်ဘေးမှ လွတ် မြောက် နိုင် သည်၊ ဘိက္ခုနီမများအစား သာသနာကို တဖက်တလမ်းမှ တတ်နိုင်သရွေ့ ထမ်းဆောင်နေသော သီလရှင်များသည် သူတို့ဆောက်တည်သော ရှစ်ပါးသီလ စသောသီလကို လုံခြုံစွာနေထိုင်သွားလျှင် လူဝတ်ကြောင်အမျိုးသမီးများထက် အဆပေါင်းများစွာ သာလွန်လျက် အပါယ်ဘေးမှ လွတ်အေးနိုင်သည်၊ ထိုပုဂ္ဂိုလ်များ ဆိုင်ရာသီလသိက္ခာပျက်၍ အနေအထိုင်မဟုတ်လျှင်အပါယ်ဘုံသားစာရင်းတွင် ပါဝင်ရဦးမည်ဖြစ်သည်။

အထက်ပါ(၃)မျိုးမှ လွတ်သောလူဝတ်ကြောင်များသည်—

(၁) သူ့အသက်သတ်ခြင်း။
(၂) သူ့ဥစ္စာကို ခိုးခြင်း။
(၃) သူ့သားမယားကိုပြစ်မှားခြင်း။
(၄) လိမ်လည်ပြောဆိုခြင်း။
(၅) ဂုံးတိုက်ခြင်း။
(၆) ကြမ်းတမ်းစွာပြောဆိုခြင်း။
(၇) ပြိန်ဖျင်းသောစကားကိုပြောဆိုခြင်း။
(၈) သူ့စည်းစိမ်ကိုတပ်မက်ခြင်း။
(၉) သူတပါးစီးပွားချမ်းသာကို ပျက်စီးစေခြင်း။
(၁၀) အယူမှားခြင်း။

လူ့ကျင့်ဝတ်ကို ပျက်စေတတ်သော ဤဒုစရိုက် (၁၀)ပါး ကိုစွန့်၍ အပြန်အားဖြင့် သူ့အသက်ကို မသတ်ခြင်း အစရှိသော လူ့ကျင့်ဝတ်ခေါ်သော ဤသုစရိုက် (၁၀)ပါးနှင့်အညီ နေထိုင်သွားလျှင် အပါယ်ဘေးမှ လွတ်မြောက်နိုင်သည်။

## လူများအပါယ်မလားနိုင်သောနည်းတမျိုး

(၁) အသက်ရှည်ခြင်း စသောအကျိုးခုနစ်ပါးကို ရစေနိုင်သော သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု။

(၂) ဥစ္စာများခြင်းစသော အကျိုးခုနစ်ပါးကို ရစေနိုင်သော သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်မှု။

(၃) ချစ်သူနှင့်အတူနေရခြင်း စသော အကျိုးရှစ်ပါးကို ရစေနိုင်သော သူ့သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်မှု။

(၄) ခံတွင်းမွှေးခြင်းစသော အကျိုးခြောက်ပါးကို ရစေနိုင်သော လိမ်လည်ပြောကြားခြင်းမှ ရှောင်ကြဉ်မှု။

(၅) အမြဲသတိရှိခြင်းစသော အကျိုးခြောက်ပါးကို ရစေနိုင်သော သေရည်သေရက်သောက်စားခြင်းမှ ရှောင်ကြဉ်မှု။

ဤငါးပါးသီလကို ခါးဝတ်ပုဆိုး ထဘီပမာ မြဲသောအမျိုးသား အမျိုးသမီးများသည် အပါယ်ဘေးမှ လွတ်မြောက်နိုင်သည်။

(၁) စည်းစိမ်ချမ်းသာများခြင်း။
(၂) ကောင်းသောအကျော်အစောရှိခြင်း။
(၃) ပရိသတ်အလယ်၌ ရဲရင့်ခြင်း။
(၄) မတွေမဝေသေရခြင်း။
(၅) သုဂတိဘဝကိုရနိုင်ခြင်း။

ဤအကျိုးငါးပါးကို ဖြစ်စေနိုင်သောငါးပါးသီလကိုမစောင့်ထိန်းနိုင်လျှင် အပါယ်ဘေးမှ မလွတ်မြောက်နိုင်သည်သာ ဖြစ်သည်။

## အထင်မသေးသင့်သောငါးပါးသီလ

လူတို့အမြဲစောင့်ထိန်းရသော အကျင့်ဖြစ်သောကြောင့် နိစ္စသီလ၊ မကျိုးမပေါက်ရအောင် သူတော်ကောင်းတို့ အလေးပြုအပ်သောကြောင့် ဂရုဓမ္မသီလ၊ လူတို့ရှောင်ကြဉ်ရန် အကျင့်ဖြစ်သောကြောင့် စာရိတ္တသီလ၊ လူတို့လုံခြုံအောင် စောင့်ထိန်းအပ်သောအကျင့်ဖြစ်သောကြောင့် ဂဟဋ္ဌသီလ၊ အရိယာသူတော်ကောင်းတို့အကျင့်ဖြစ်သောကြောင့် အရိယမ္မသီလ၊ အရိယာသူတော်ကောင်းတို့သည်သာ နှစ်သက်အပ်သောကြောင့် အရိယကန္တသီလဟူ၍ အမည်ထူး(၆)မျိုးဖြင့် ဂုဏ်ပြုထိုက်သည်။

ထိုက်သည်အားလျော်စွာ ဒါန, သီလ,ဘာဝနာပြည့်စုံစေပါငြားသော်လည်း သေခါနီး၌ လောဘ,ဒေါသ,မောဟ အစွမ်းဖြင့် အာသန္နကံအကုသိုလ်ဖြစ်၍ မရဏာသန္နဇော အကုသိုလ်ဖြစ်သွားပါမူ အပါယ်ဘုံလားနိုင်သည်ဖြစ်သောကြောင့် သေခါ

နိုး သတ္တဝါတိုင်း၌ အကုသိုလ်မဖြစ်အောင် ကုသိုလ်ဘက်သို့ ဆွဲဆောင်နိုင်သည့် အဖော်သဟဲအရေးတကြီး လိုအပ်ကြောင်း သိထား၍ အပါယ်ဘေးမှ လွတ်မြောက်စေရာသည်။

## ၃၃။ အေးကွက်ကိုရှာ

သတ္တဝါမှန်သမျှသည် သံသရာရေယဉ်ကြော၌ အမျောကြီး မျောနေကြသည်၊ တခါတရံ သုဂတိဘဝကိုရသည့်အတွက်အေး ကွက် အနည်းငယ် တွေ့ရသလိုလိုရှိသော်လည်း ခေတ္တမျှဖြစ်၍ မကြာခင် စီးပွားဥစ္စာပျက်စီးမှု ဆွေမျိုးပျက်စီးမှု အစရှိသော ပျက်စီးမှုအမျိုးမျိုးတို့ကို တွေ့ကြုံရ၍ အေးကွက်ကို မရနိုင်အောင် ရှိကြသည်။

ဒုဂ္ဂတိဘဝ၌ ဖြစ်နေသောသတ္တဝါများသည် အေးကွက်ကိုရှာ ၍လုံးဝရနိုင်မည်မဟုတ်ပေ၊ အေးကွက်ရှာမရခြင်းမှာ ဒုက္ခအမျိုး မျိုးကို ခံစားနေရသောကြောင့် ဖြစ်ပေသည်၊ မူလငရဲကြီး (၈)ထပ်၏ ဒုက္ခခံစားရပုံကို အနည်းငယ်ဖော်ပြပေအံ့။

### ဒုဂ္ဂတိဘဝ ဒုက္ခအမျိုးမျိုး

သဉ္ဇီဝခေါ် အဖန်ဖန်အသက်ရှင်ရာ ငရဲသားဘဝ၌ ငရဲထိန်း တို့က အပိုင်းပိုင်းပြတ်အောင် ခုတ်ဖြတ်ကြ၏၊ ထိုသို့ ခုတ်ဖြတ် သော်လည်း ပြုလုပ်ထားသော အကုသိုလ်မကုန်သေးသမျှကာလ ပတ်လုံး တခါတည်းသေကြေပျောက်ပျက်၍ မသွားကြဘဲထပ်ခါ ထပ်ခါ အသက်ရှင်လျက် ငရဲထိန်းတို့၏ ခုတ်ဖြတ်သတ်ပုတ်မှု ဒုက္ခအမျိုးမျိုးကိုခံနေကြရသည်။

ကာဠသုတ်ခေါ် သစ်တုံးကြီးကို သစ်ရွှေသမားတို့ ရွှေသကဲ့သို့ တမျဉ်းကြိုးချ၍ အမျိုးမျိုးခုတ်မှု, ရွှေမှုခံရသော ငရဲသားဘဝ၌ သားကောင်ကို ခွေးတွေလိုက်သကဲ့သို့ ငရဲထိန်းတို့က အတင်းလိုက်ကြ၏၊ ထိုသို့အတင်းလိုက်၍ မောဟိုက်ယိုင်လဲသွားသောအခါ သစ်တုံးကြီးကို သစ်ရွှေသမားတို့ဖေါ်သကဲ့သို့ ကျနစွာ တမျဉ်းကြိုးချ၍ ပက်လက်တမျိုး၊ မှောက်လျက်တဖုံ၊ ဝဲယာတဝ၊ ရှေ့နောက် တတန်အားဖြင့် အမျိုးမျိုးအဖုံဖုံခုတ်ကြ, ရွှေကြသည်၊ အကုသိုလ်မကုန်မချင်း လွတ်ခွင့်မရ၊ သေလည်းမသေဘဲ ဒုက္ခအမျိုးမျိုးကိုခံနေကြရသည်။

သံဃာတခေါ် အပြင်းအထန် ကြိတ်ချေသတ်ဖြတ်ခြင်း ခံရသောငရဲသားဘဝ၌ မီးအလျှံထသော အောက်မြေအပြင်ဝယ် တိုင်ငုတ် ထန်းပင်ငုတ်ကလေးတွေကို စိုက်ထားသကဲ့သို့ ခါးထိအောင် စိုက်ထားလျက် အရပ်လေးမျက်နှာမှ သံတောင်ကြီးတွေက တဂျိမ်းဂျိမ်းမြည် ဟီး ပြိုး လျှင် ဖိနှိပ် ကြိတ် ချေ သော် လည်း အကုသိုလ်မကုန်သမျှ အကြိတ်အချေခံရလျက် ဒုက္ခအမျိုးမျိုးကို ဆက်လက်ခံစားနေကြရသည်။

ရောရုဝခေါ် ပြင်းစွာငိုကြွေးဟစ်အော်ရသော ငရဲသားဘဝ၌ တဟုန်းဟုန်းထသော မီးတောက်မီးအလျှံများက ဒွါရကိုးပေါက်သို့ အတင်းဝင်ရောက် လောင်ကျွမ်းသဖြင့် အလွန်အားငယ်စွာ ကယ်ပါ ယူပါ တစာစာအော်လျက် ဒုက္ခအမျိုးမျိုးကို ခံကြရသည်။

မဟာရောရုဝ ခေါ် သံကုန်ဟစ်၍ သည်းထန်စွာဟစ်အော်ရသော ငရဲသားဘဝ၌ မီးခိုးတွေက ငရဲတခုလုံး ဖုံးလွှမ်းပြီးလျှင် မီးခိုးတွေကအတွင်းအပြင် အဝင်းဝင်နှုးကြ နှပ်ကြသဖြင့် မည်သို့မျှမတက်နိုင်ဘဲ သနားစဖွယ်အားငယ်၍ ပြင်းထန်စွာဟစ်အော်လျက် အကုသိုလ်ကံ မကုန်မချင်း ဒုက္ခအမျိုးမျိုးကို ခံနေကြရသည်။

တာပန ခေါ် ပူလောင်စေ၍ တကိုယ်လုံးမီးလျှံစွဲသော ငရဲသားဘဝ၌ ငရဲသားသတ္တဝါများကိုထန်းလုံးလောက်ကြီးမား၍ မီးအလျှံထသော သံတကျင်၌ မလှုပ်နိုင်အောင် စိုက်ထားပြီးလျှင် ထိုထန်းလုံးလောက်ရှိသော သံတံကျင်မှ ထွက်သောမီးအလျှံတို့က အမြဲပူလောင်စေလျက် အကုသိုလ်ကံမကုန်သရွေ့ ကာလပတ်လုံး ဒုက္ခအမျိုးမျိုးကိုခံနေကြရသည်။

မဟာတာပန ခေါ် တာပနငရဲထက် ပူလောင်သောငရဲသားဘဝ၌ ငရဲသားသတ္တဝါများကို မီးအလျှံထနေသော သံတောင်ကြီးပေါ်သို့ မတက်တက်အောင် ရိုက်နှက်၍ သံတောင်ပေါ်သို့ ရောက်သည့်အခါ ကံကြမ္မာအလျောက် လေမုန်တိုင်း ပေါ်ပေါက်၍ လေမုန်တိုင်းတိုက်လွင့်လိုက်သဖြင့် တံကျင်ဖျား၌ ကားကန့်စူးဝင်ပြီးလျှင် ဒုက္ခအမျိုးမျိုးကို ခံစားကြရသည်။

အဝီစိ ခေါ် ငရဲသားတယောက်နှင့်တယောက် အကြား မရှိဘဲ မီးတောက် မီးအလျှံအကြားမရှိသော ငရဲသားဘဝ၌ ငရဲတခုလုံး မီးတောက်မီးအလျှံတွေသာဆက်နေ၍ ဝါးကျည်တောက်အတွင်း၌ မုန့်ညှင်းစေ့၊ သို့မဟုတ် နှမ်းစေ့ကလေးတွေ ပြည့်ကြပ်နေသလို

သတ္တဝါပြည့်ကြပ်ပြီးလျှင် သုခ၍မှုမျှမရှိ၊ မီးအလျှံ, သတ္တဝါ, ဆင်းရဲ ဤ(၃)မျိုးအကြားမရှိအောင် ဆက်စပ်၍ ဒုက္ခအမျိုးမျိုးကို ခံစားနေကြရသည်။

## ပုက္ကပယ်၍ အေးကွက်တွယ်

အထက်ပါဒုက္ခသည် ငရဲတမျိုးအတွက်သာ ဖြစ်သည်၊ ကျန်သော တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ်တို့၌လည်း ငရဲလောက်ဒုက္ခမရှိသော်လည်း ထိုက်သည်အားလျော်စွာ ရှိကြသည်သာဖြစ်သည်၊ ဆိုခဲ့ပြီးသော ဒုက္ခတွေကို ခံစားဘို့ရာ အခြားသူများ ဖန်တီးသည့်မဟုတ်၊ ကာယကံရှင် မိမိသည်ပင် ဖန်တီးခဲ့ခြင်းဖြစ်သည်၊ လူတို့အရိပ်သည် အရိပ်ပိုင်ရှင်နောက်သို့ အစဉ်လိုက်သကဲ့သို့ မိမိပြုခဲ့သော အကုသိုလ်ကံသည်ပင် မိမိနောက်သို့ အစဉ်တစိုက်လိုက်လာခြင်း ဖြစ်သည်။

ထိုကဲ့သို့သော ပုက္ကခေါ် ဒုက္ခတွေကို မခံစားရလေအောင် စောင့်စည်းထိန်းသိမ်းမှုကို စာရှုသူတို့ ပြုပြင်သင့်သည်၊ အကုသိုလ်တွေအဖြစ်နည်းအောင် စောင့်စည်းထိန်းသိမ်း၍ ထိုက်သလောက် ဒါနပြု၍ ထိုသက်အလွန်(၅)ပါး (၈)ပါးသီလစောင့်ထိန်း၍ အမှန်မြတ်ဆုံးဘာဝနာကိုလည်း ပွားများသင့်ကြသည်၊ မိမိခန္ဓာကိုယ်၌ အမြဲဖြစ်နေသော ထွက်သက်,ဝင်သက်ကိုလည်း သတိနှင့်သိအောင် ပြု၍စိတ်ရိုင်းစိတ်မိုက်ကို သတိတည်းဟူသောချွန်းဖြင့် အုပ်၍ နေ့စဉ်အားထုတ်သွားလျှင် အေးကွက်ကိုရှာ၍ရမည်ဖြစ်ကြောင်း ရေးသားရပါသတည်း။

************

# ၃၄။ သစ်ဖောင်ဥပမာ

ချစ်သားရဟန်းတို့ ငါဘုရားသည် ဤသို့သဘောရှိကုန်သော ငြိမ်သက်သောသမထတရား၊ မွန်မြတ်သော ဝိပဿနာတရားတို့၌ ဖြစ်သော အားနည်းသောလောဘ၊ အားကြီးသော ရာဂကို ပယ်ခြင်းကို ဟောတော်မူ၏၊ အကြင်ယုတ်ညံ့သော မဃေထုန်၌ ဤအရိဋ္ဌမည်သော အချည်းအနှီးသောရဟန်းသည် ကာမဂုဏ်တို့၌ အပြစ်မရှိဟု အမှတ်ရှိသည်ဖြစ်၍ ဆန္ဒရာဂအားနည်းသော လောဘ၊ အားကြီးသောရာဂသည် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုပြင်ခြင်းငှာ မစွမ်းနိုင်ဟု ဆို၏၊ ဤမေထုန် အကျင့်၌ အဘယ်မှာ အပြစ်မရှိဘဲရှိအံ့နည်း၊ အဘယ်မှာ ဆန္ဒရာဂသည် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှာမစွမ်းနိုင်ဘဲရှိအံ့နည်း၊ အရိဋ္ဌရဟန်းကဲ့သို့ သင်ချစ်သားတို့သည် ငါဘုရားသာသနာတော်၌ ညွှန်ပျောင်းနှင့် အမှိုက်ကို မထည့်ကြလေနှင့်။

မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် ဆဋ္ဌမူစာမျက်နှာ(၁၆) ဘုရားအဘော်ပြ အဋ္ဌကထာစကားဖြစ်သည်။

ချစ်သားရဟန်းတို့ ယောကျ်ားတယောက်သည် အဓွန့်ရှည်လျားလှစွာသော ခရီးသို့သွားသည်၊ ထိုယောကျ်ားသည် လမ်းခရီး၌ ရေပြင်လယ်ကြီးကိုမြင်ရာ၏၊ နက်လည်းနက်, ကျယ်လည်းကျယ်သောရေပြင်လယ်ကြီး၏ ဤမှာဘက်ကမ်းသည် ခိုးသူတို့၏

အမြဲနေရာဖြစ်၍ ရွှံ့ရှုံ့ဖွယ်ရှိ၏။ ခိုးသူတို့၏ လှုတို့ကိုသတ်ဖြတ်လှီးလယက်ဖျက်ဆီးသည်တို့ကို မြင်ရ၍ ဘေးဘျမ်းရှိ၏၊ ရေပင်လယ်ကြီး၏ ထိုမှာဘက်ကမ်းသည်ကား ဆိုခဲ့ပြီးသော ဘေးရန်အန္တရာယ်တို့မရှိ၍အေးချမ်း၏၊ ဘေးဘျမ်းမရှိချေ။

ထိုယောကျ်ားမှာ ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ကူးဘို့ရန် လှေဖေါင်လည်းမရ၊ ကူးဘို့ရန် ဖွဲ့စီးထားသော ပေါင်းကူးတံတားလည်းမရှိ၊ ထိုယောကျ်ားအား "ဤကား ရေပင်လယ်ကြီးတည်း၊ ဤဘက်ကမ်းသည် ရွံ့ရှာဖွယ်ရှိ၏၊ ဘေးဘျမ်းရှိ၏၊ ထိုဘက်ကမ်းကား အေးချမ်း၏၊ ဘေးဘျမ်းမရှိ၊ ဤဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ကူးဘို့ရန် လှေဖေါင်လည်းမရှိ၊ ပေါင်းကူးတံတားလည်းမရှိ၊ ငါသည် မြက်,သစ်သား, သစ်ခက်, သစ်ရွက်တို့ကို စုရုံး၍ဖေါင်ဖွဲ့ကာ ထိုဖေါင်ကိုမှီရာပြု၍ လက်,ခြေတို့ဖြင့် အားစိုက်လျက် ချမ်းသာစွာ ဟိုဘက်ကမ်းသို့ ကူးရမူကောင်းပေရာ၏ဟု အကြံအစည်ဖြစ်ပေါ်လာရာ၏။

ရဟန်းတို့ ထို့နောက် ထိုယောကျ်ားသည် ဆိုခဲ့ပြီးသည့်အတိုင်း မြက်စသည်တို့ကို စုရုံး၍ ဖေါင်ဖွဲ့ကာ ထိုဖေါင်ကိုမှီရာပြု၍ လက်,ခြေတို့ဖြင့် အားစိုက်လျက် ချမ်းသာစွာ ဟိုဘက်ကမ်းသို့ ကူးရာ၏၊ ကမ်းတဘက်သို့ ကူးမြောက်ပြီးသော ထိုယောကျ်ားအား "ဤဖေါင်သည် ငါ့အား ကျေးဇူးများ၏၊ ငါသည် ဤဖေါင်ကိုအမှီပြု၍ လက်,ခြေတို့ဖြင့် အားစိုက်လျက် ချမ်းသာစွာကမ်းတဘက်သို့ ကူးခဲ့၏၊ ငါသည် ဤဖေါင်ကိုခေါင်း

ပေါ်၌ တင်ရွက်၍သော်၎င်း၊ ပခုံးပေါ်၌ ထမ်း၍သော်၎င်း၊အလို ရှိရာအရပ်သို့ ဖဲသွားရမူကောင်းပေမည်”ဟု အကြံအစည် ဖြစ် ပြန်ရာ၏။

ရဟန်းတို့ ထိုကိစ္စနှင့်ပတ်သက်၍ ထင်မြင်ရာကို လျှောက်ထား ကြလော့၊ ထိုယောကျ်ားသည် ဤသို့ပြုသော် ထိုဖေါင်၌ပြုသင့် သောအမှုကို ပြုသူဖြစ်ရာသလောဟု မေးတော်မူ၏၊ အရှင်ဘုရား မဖြစ်ပါဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့.... ထိုယောကျ်ားသည် အဘယ်ပုံပြုသည်ရှိသော် ထိုဖေါင်၌ပြုသင့်သောအမှုကို ပြုသူဖြစ်ရာသနည်း၊ ရဟန်းတို့— ကမ်းတဖက်သို့ ကူးမြောက်ပြီးသော ထိုယောကျ်ားအား“ကျေး ဇူးများသော ထိုဖေါင်ကို ကုန်း၌ဆယ်တင်၍သော်၎င်း၊ ရေ၌ ပေါလောမြော၍ သော်၎င်း၊ အလိုရှိရာအရပ်သို့ ဖဲသွားရမူ ကောင်းပေမည်”ဟု အကြံအစည်ဖြစ်ရာ။

ရဟန်းတို့.... ထိုယောကျ်ားသည် ဤသို့ပြုသည်ရှိသော် ထို ဖေါင်၌ ပြုသင့်သောအမှုကို ပြုသူဖြစ်ရာ၏။

## သစ်ဖေါင်ဥပမာ ဒေသနာ

ရဟန်းတို့.... ဤသစ်ဖေါင်နှင့်အတူ သိမ်းပိုက်ထားရန် မဟုတ် ဘဲ ကူးမြောက်ဘို့ရန်အကျိုးငှာ သစ်ဖေါင်ဥပမာရှိသော တရား ကို သင်တို့အား ငါဟောကြား၏၊ ရဟန်းတို့....သင်တို့အား ငါ ဟောကြားထားသော သစ်ဖေါင်ဥပမာရှိသော တရားကို သိ သောသင်တို့သည် တရားမှု သမထဝိပဿနာ၌ ဖြစ်သော အား

နည်းသော လောဘ၊ အားကြီးသော ရာဂတို့ကိုပင်သော်လည်း ပယ်စွန့်ရမည်၊ မတရားမှု ကာမဂုဏ်၌ဖြစ်သော ဆန္ဒရာဂတို့ကို ကား ပြောဆိုဘွယ်ပင် မရှိတော့ချေ။

မူလ ပဏ္ဏာသပါဠိ အလဂဒ္ဒူပမာသုတ် ဆင့်မူ စာမျက်နှာ (၁၈၇-၁၈၈)။

▲▼▲▼▲▼▲▼▲▼

# ၃၅။ အဝတ်ဖြူမှာအမဲကွက် မထင်စေလို

ပြည်ထောင်စုမြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာဝင် လူရှင်အများစုသည် လူ့ဒါန်း ပေးကမ်းရာ၌အလှန်ရက်ရောကြ၏၊ နှမြောမှုမရှိ ဖြစ်သလို စားမည်၊ ဖြစ်သလို နေမည်၊ ဖြစ်သလို ဝတ်မည်ဟု သန္နိဋ္ဌာန် ချထားသယောင်ယောင်၊ အလှူအတန်း ဘက်၌ကား ဘယ်သောအခါမျှ အလျှော့ပေးမည်မဟုတ်၊ ရှေးကလည်းလှူခဲ့၍ ယခုလည်းလှူဆဲ နောက်၌လည်း လှူဦးမည်သာဖြစ်သည်၊ အလှူအတန်းဝါသနာတခုကိုကား အတုယူဘို့ပင် ကောင်းသည်။

## အလှူနှင့် ပွဲလမ်းသဘင်

မန္တလေးမြို့တောင်ပြင် မဟာမုနိဘုရားကြီးအနီး ရွှေရေးဆောင်တိုက်ကြီးကို ရေစက်ချပွဲကြီးကျင်းပရာ၌ ပြင်ဆင်ကုသိုလ်ပြုသူ ဗန္ဓုလသက်န်းတိုက်ပိုင်ရှင် ဦးဆိုင်သည် မိမိဝါဒအတိုင်း ပွဲလမ်းသဘင်လုံးဝမထည့်မူ၍ ဓမ္မကထိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ အစရှိသော ဆရာတော်တို့ကို တရားဒေသနာအမြိုက်ဆေး တိုက်ကျွေးစေ၍ တရားဟောပွဲကိုသာ ထည့်သွင်းခဲ့သည်။

ဗန္ဓုလဦးဆိုင်၏ ဝါဒကိုလည်း အလှန်အတုယူဘို့ နမူနာယူဘို့ ကောင်း၏- သို့သော်ငြားလည်း ယခုခေတ်၌ကား ဒီ လူ

ကြီးကျယ်လေလေ ညလုံးပေါက်က,ပြသော ဇာတ်ပွဲကြီး (သို့ မဟုတ်)အငြိမ့်ပွဲ, ရုပ်ရှင်ပွဲ,နာမည်ကြီးသော ဆိုင်းအဖွဲ့ စသည်ကို အထူး ထည့်သွင်းကြလေလေဖြစ်၏၊ အလှူ ဖြစ်စင်သန့်ရှင်းနေသော အဝတ်အထည်၌ အမဲစက်ထင်စေသကဲ့သို့ပင်ဖြစ်၏၊ အလှူ အတန်းအတွက် စိတ်အစဉ် ဖြူစဉ်သန့်ရှင်း၍ ကောင်းကျိုးတွေ ပေးဘို့ အဆင်သင့်ဖြစ်သော်လည်း ပွဲလမ်းသဘင်ထည့်သွင်းခြင်း ကြောင့် အကုသိုလ်အကျိုးတွေကလည်း ဒွန်တွဲပါဝင်ဘို့စီစဉ်ပြီး သား ဖြစ်နေသည်။

## လှူမိုက်ကြီး(၅)ဦး

(၁) သူတပါး အလှူပေးရာ၌ ပွဲထည့်ပါဟု တိုက်တွန်းသူ လှူမိုက်။

(၂) ထိုလှူမိုက်စကားကို နားထောင်၍ သေလုအောင် ရှာဖွေမှရအပ်သော ဥစ္စာများစွာကိုအပ်နှင်း၍ ပွဲသွင်းသောအလှူ့ရှင်ဖြစ်သူ လှူမိုက်။

(၃) ပွဲခကိုလက်ခံ၍ မမှန်တချက် မှန်တချက် စကားဖြင့် ဒုစရိုက်ကိုပွားစေလျက် လူအများအလယ်တွင် ရှက်စဖွယ်က,ခုန်သော သဘင်သည်လှူမိုက်။

(၄) သဘင်သည်လှူမိုက် ဒုစရိုက်ကို နှစ်ချိုက်စိတ်သန်ကြည့်ရန်ခေါ်ဘို့ အဖော်ညှိသောလှူမိုက်။

(၅) ထိုလှူမိုက်စကားကို နားယောင်၍လင်းအောင်စွဲလျက် အလုပ်ပျက် အစားပျက်ပွဲမက်သောလှူမိုက်။

ဤသို့ လှူမိုက်ကြီး(၅)ဦးရှိသည်။

## မိုက်သေးဂုဏ်မောက် လူမိုက်(၄)ယောက်

၁။ မိမိသာမကောင်းမှုကိုပြု၍ သူတပါးကို မတိုက်တွန်း သောသူသည်မိမိအတွက်သာ ခံရ၍ ဤသူယုတ်မာဗာလ အသပ္ပုရိသမည်၏။

၂။ မကောင်းမှုကို မိမိလည်းပြု သူကိုလည်းတိုက်တွန်းသော သူသည် မိမိ့သူတထူးနှစ်ဦးအတွက် ခံရ၍ သူယုတ်မာ အောက်သူယုတ်မာ၊ဗာလအောက်ဗာလအသပ္ပုရိသတရ လူမိုက်ဗိုလ်ကြီးမည်၏။

၃။ ဥစ္စာပေး၍ ပွဲဒကာခံသူ အလှူ့ရှင်သည် မိမိအတွက် သဘင်သည်အတွက် မိုက်ဖေါ်ညီသူအတွက်ပွဲကြည့်သူ အတွက်ပါ ခံရ၍ မိုက်သူတို့အောက် အလွန်အကြူး အထူးမိုက်လှသော တတိယအသပ္ပုရိသတရမည်၏။

၄။ အလှူ့ရှင်ကို ပွဲငှားရန် တိုက်တွန်းသောလူမိုက်သည် မိမိ အတွက် ပွဲဒကာအတွက် သဘင်သည်အတွက် မိုက်ဖေါ် ညီသူအတွက် ပွဲကြည့်သူများအတွက် အားလုံးကိုခံရ၍ အလွန်အကြူး အထူးသာလွန်၍ မိုက်လှသော စတုတ္ထ ဗာလတရအသပ္ပုရိသတရ လူမိုက်ဗိုလ်ချုပ်ကြီးမည်၏။

## အကန်း ၂-ယောက်

၁။ ပြခဲ့ပြီးသော (၅) ယောက်သောလူမိုက်တို့တွင် ဒုတိယ လူမိုက်ဗိုလ်ကြီးသည် လက်ငင်းဘဝ၌ ဥစ္စာပစ္စည်းအခ

ကြေးငွေကိုသာမက်၍ တမလွန်၌ မဟာအဝီစိငရဲသို့ ကျမည့်အဖြစ်ကို မမြင်သောကြောင့် ကေစကွဲုက-မျက်စိ တဖက်ကန်းမည်၏။

၂။ ကြွင်းသောပုဂ္ဂိုလ်(၄)ယောက်တို့ကား ပစ္စုပ္ပန်တမလွန် နှစ်တန်စီးပွားပျက်ပြားမည်ကို မြင်တတ်သော ပညာ စက္ခုနှစ်လုံးပင် မရှိသောကြောင့် အန္ဓပုဂ္ဂိုလ် နှစ်ဖက် စုံလုံးကန်းမည်၏။

ဤသို့ပြခဲ့ပြီးသော လူမိုက်အမျိုးမျိုး၌ မပါဝင်ရလေအောင် သတိသမ္ပဇဉ်ကောင်းစွာယှဉ်၍ စင်ကြယ်သော အဝတ်ဖြူပိုင်းတွင် အမဲကွက်မထင်သောနည်းဖြင့် ကုသိုလ်ကောင်းမှုများစွာကို ပြုနိုင်ကြပါစေ—ဟု ဆုမွန်ကောင်း တောင်းလိုက်ရပါသတည်း။

## ပွဲကြည့်သူနှင့် ပွဲက-သူသို့

ယခုခေတ်၌ ပွဲလမ်းသဘင်ဆင်ယင်မှုသည်အများကြိုက်ဖြစ်နေသည်သာမက များသောအားဖြင့် ဘုရားပွဲအစရှိသည့် သာသနာရေး ပွဲတို့၌လည်း ပွဲလမ်းသဘင်မပါလျှင် ခရီးမရောက် သလောက်ဖြစ်နေ၏၊ ခရီးမရောက် ဆိုသည်မှာလည်း ပွဲလမ်းသဘင်ကြည့်ရှုလိုသူတို့ ဆန္ဒမပြည့်မှုကိုသာ ဆိုလိုသည်၊ ကောင်းရာဘက်မှ ရပ်တည်လိုသူများအတွက်ကား ပွဲလမ်းသဘင်မပါလေ ဦးတည်ချက်ရည်မှန်းရင်းပန်းတိုင်သို့ ရောက်ရန်လွယ်ကူလေ ဖြစ်ပေသည်။

## ပွဲလမ်းသဘင်အတွက် ဘုရားဟောချက်

ပွဲလမ်းသဘင်ဆင်ယင်မှုနှင့် ပတ်သက်၍ အကျိုးအပြစ်တို့ကို ဓမ္မမိတ်ဆွေတို့ စိစစ်ဝေဖန်နိုင်ရန် ဘုရားဟောသာကေဖြင့် ထုတ်ဆောင်ပြပေအံ့။

ရှေးရှေးသော ဗုဒ္ဓမြတ်စွာတို့အထံ၌ ပြုခဲ့ဘူးသော ဆုထူးပါရမီရှိသော အမျိုးကောင်းသားတယောက်သည် ငါတို့ဆရာ ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာအခါ ရာဇဂြိုဟ်ပြည်၌ တာလပုဋ္ဌ အမည်ရှိသော ဇာတ်ဆရာကြီးဖြစ်၍ ဗုဒ္ဓမြတ်စွာ အထံသို့ ချဉ်းကပ်ပြီးလျှင် "ဗုဒ္ဓမြတ်စွာ ကိုယ်တော်မြတ်ဘုရား-တပည့်တော် မသိလို့လျှောက်ထားခွင့်ပြုပါ၊ သဘင်သည် ကချေသည်များ သေဆုံးလျှင် ပဟာသမည်သော နတ်ပြည်သို့ရောက်၍ ကြီးကျယ်သော နတ်စည်းစိမ်များကို ခံစားရကြောင်းကို ဇာတ်ဆရာအဆက်ဆက်တို့ ပြောဆိုကြပါသည်၊ ဗုဒ္ဓမြတ်စွာကား အဘယ်သို့ အယူရှိပါသနည်းဘုရား" ဟု နှစ်ကြိမ်တိုင်တိုင် လျှောက်ထားသည်ကို လက်မခံဘဲ ပယ်လှန်တော်မူပြီး၍ သုံးကြိမ်မြောက် လျှောက်ထားသောအခါ၌ ဤသို့ မိန့်တော်မူလိုက်သည်။

"ဇာတ်ဆရာကြီး-သဘောတရားရေးကို အသေးစိတ် ဟောပြမည်၊ နားထောင်၊ ပွဲမကြည့်မီ ရှေးဦးစွာလျှင် ပုထုဇ္ဇန်သတ္တဝါတို့သည် မကင်းသော တပ်မက်လိုချင်မှုလောဘ၊ စိတ်ဆိုးပြစ်မှားဂဒေါသ၊ တွေဝေမိန်းမောမှု မောဟရှိကြကုန်၍ ရာဂ, ဒေါသ,

မောဟ တည်းဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ချည်တုပ်အပ်ကြကုန်၏၊ ထိုရာဂ, ဒေါသ, မောဟ ယစ်မူးရူးနှောက်၍ နေကြကုန်သော ပုထုဇ္ဇန်တို့အား ကခြေသည် သဘင်သည်တို့ ပွဲလမ်းသဘင်အလယ်၌ တပ်မက်ဖွယ်, ပြစ်မှားဖွယ်, တွေဝေဖွယ် အမူအရာတို့ကို အလွန်အမင်း ယစ်မူးပြစ်မှားရူးနှောက်၍ သွားလောက်အောင် အမျိုးမျိုးအစားစား မူယာမာယာများဖြင့် သီဆိုကပြကြကုန်၏၊ ထိုသဘင်သည်တို့သည် မိမိတို့ကိုယ်တိုင်လည်း ယစ်မူးရူးနှောက်သည်ဖြစ်၍ ပွဲကြည့် ပရိသတ်ကိုလည်း ယစ်မူးရူးနှောက်၍သွားအောင်ပြုလုပ်တတ်သောကြောင့် သေလွန်သည်မှနေ၍ မဟာအဝီစိငရဲကြီး၏တပိုင်းတစိတ်ဖြစ်သော အရပ်၌ သဘင်သည် ကခြေသည်များကဲ့သို့က, ခုန်သောအသွင်ဖြင့်ခံစားကြ၍ ပဟာသမည်ဖြစ်သော ငရဲကြီး၌ ဖြစ်ကြရ ရောက်ကြရ၏၊ ဇာတ်ဆရာများအား အကြင်ကခြေသည်သည် ပွဲလမ်းသဘင်အလယ်၌ ပွဲကြည့်သူ လူမိုက်အပေါင်းကို မနောယဒယသဘော အလိုကျအောင် ရယ်မောရွှင်ပြကာ များစွာ နှစ်သက်စေမှုအတွက် သီဆိုက, ပြကြရ၏၊ ထိုသဘင်သည် ကခြေသည် သေလွန်သော် ပဟာသမည်သော နတ်ပြည်၌ကြီးစွာသော နတ်စည်းစိမ်ကို ခံစားရသည်ဟု ဤသို့အယူရှိပြောအံ့၊ ထိုအယူကား မှားယွင်းသောမိစ္ဆာအယူသာတည်း၊ ဇာတ်ဆရာကြီး- ထိုမှားယွင်းသော မိစ္ဆာအယူရှိသောသူကား သေသောအခါ ငရဲဘုံ တိရစ္ဆာန်ဘုံတို့၌သာ ဖြစ်ရ၏။

ဤသို့ ဗုဒ္ဓမြတ်စွာက ဇာတ်ဆရာကြီးအား အဖြစ်မှန်ကို အမြစ်ကလှန်၍ ဟောကြားလိုက်သောအခါ ချုံးချုံးချငိုကြွေး

ပြီးလျှင် ရဟန်းပြု၍ ရဟန်းတရား ကြိုးစားအားထုတ်သဖြင့် မကြာမြင့်မီ ရဟန္တာဖြစ်၍ "တာလပုဋ္ဌ"ရဟန္တာဟု သာသနာတခွင်မှာ အထင်အရှားဖြစ်ပေါ်လာရပါသတည်း။

************

# ၃၆။ လိစ္ဆဝိဖြစ်ပေါ်လာပုံ

လိစ္ဆဝိဝဇ္ဇီဝေသာလီ ဖြစ်ပေါ်လာပုံကို မဇ္ဈိမနိကာယ် မူလပဏ္ဏာသ အဋ္ဌကထာ ဆဋ္ဌမူစာမျက်နှာ (၃၂၅–၃၂၆)၌ လာသောအတိုင်းဖော်ပြပါမည်။

ဗာရာဏသီတိုင်းပြည်၌ဗာရာဏသီမင်းနှင့် မြတ်သောမိဖုရားတို့ တိုင်းပြည်အုပ်ချုပ်၍ မင်းလုပ်နေရာ တနေ့သောအခါ၌ မိဖုရားကြီးမှာ ကိုယ်ဝန်ပဋိသန္ဓေတည်နေသည်၊ ကိုယ်ဝန်ရှိကြောင်းကို မင်းကြီးအား သံတော်ဦးတင်ရာ ကိုယ်ဝန်အစောင့်အရှောက်ကို ပေးသည်၊ မိဖုရားကြီးသည် ကောင်းမွန်စွာကိုယ်ဝန်ကို ထိန်းသိမ်းစောင့်ရှောက်၍ ကိုယ်ဝန်ရင့်သောအခါ၌ သားဖွားရာတိုက်ခန်းသို့ ဝင်သည်။

ဘုန်းကံရှိသောမိန်းမတို့၏ သားဖွားခြင်းသည် မိုးသောက်ထအခါ၌သာဖြစ်၏ ဟူသောစကားလာအတိုင်း ထိုမိဖုရားသည်လည်း ဘုန်းကံရှိသောမိန်းမများတွင် ပါဝင်လေရကား....မိုးသောက်ထ နံနက်အချိန်မဂ်လာ၌ ချိပ်လွှာ သရဒဥတု၌ပွင့်သောမိုးစွေပန်းနှင့်တူသော အသားတစ်ကို ဖွားမြင်သည်။

### ရေမှာစွန့်ပစ် အသားတစ်

ထိုမိဖုရားသည် "အခြားသော မိဖုရားတို့သည် ရွှေအဆင်းရှိသော သားတို့ကိုဖွားမြင်ကုန်၏မြတ်သောမိဖုရားခေါင်ကြီးသည်

သားတစ်ကိုဖွားမြင်၏ဟု မင်းကြီးရှေ့၌ ငါ၏ ကျေးဇူးမဲ့သတင်း သည် ဖြစ်ခဲ့လေရာ၏”ဟုကြံမည်၍ထိုကျေးဇူးမဲ့ ပြောဆိုမည့်ဘေး မှကြောက်ခြင်းကြောင့် ထိုအသားတစ်ကို တခုသောခွက်၌ထည့်၍ အဖုံးအုပ်ပြီးလျှင် မင်းတံဆိပ်နှိပ်၍ ဂင်္ဂါမြစ်ရေအယဉ်၌ မျော လေသည်။

## လူမင်းဘုန်းကြီး နတ်မင်းမနေနိုင်

လူတို့မှန်းမစ်ခါမျှ၌ နတ်တို့သည် ထိုအသားတစ်ကို စောင့် ရှောက်ကုန်၏၊ “ဗာရာဏသီမင်းနှင့် မိဖုရားခေါင်ကြီး၏ သား များ”ဟု ရွှေပြားကို ဆေးဒါန်းမြင်းသီလာဖြင့် ရေးသားကုန်၍ ဖွဲ့ချည်ထားကုန်၏၊ ထိုသို့နတ်တို့ စောင့်ရှောက်ခြင်းကြောင့် ထို အသားတစ်ခွက်ကို လှိုင်းတံပိုးစသော ဘေးရန်တို့ဖြင့် အနှိပ် စက်မခံရဘဲ ဂင်္ဂါမြစ်ရေယဉ်၌မျောလေသည်။

## ရသေ့တပါးကောက်ယူထား

ထိုစဉ်အခါ၌ ရသေ့တဦးသည် နွားကျောင်းသားမျိုးကို ဆွမ်းခံရွာအဖြစ် အမှီပြု၍ ဂင်္ဂါမြစ်ကမ်းဝယ် နေထိုင်၏၊ ထို ရသေ့သည် စောစောစီးစီးလျှင် ဂင်္ဂါမြစ်သို့ သက်ဆင်းသည် ရှိသော်မျောလာသော ခွက်ကိုမြင်၍ ပံ့သကူအမှတ်ဖြင့် ကောက် ယူ၏၊ ထိုအခါရေးသားထားသောစာနှင့် မင်းတံဆိပ်ကိုမြင်၍ ဖွင့်လိုက်သော် အသားတစ်ကိုမြင်၍ “ကိုယ်ဝန်သာ ဖြစ်ရာ၏၊ ထိုသို့ကိုယ်ဝန်ဖြစ်သောကြောင့်သာအသားတစ်သည် မကောင်း

သောအနံ့ ရှိသည့်အဖြစ် ပုတ်သည့်အဖြစ် မရှိရာ”ဟု ကြံစည်၍ သိမ်းကျောင်းသို့ ဆောင်ယူကာ စင်ကြယ်သော အရပ်၌ထား သည်။

## သားတယောက်နှင့်သမီးတယောက်

ထိုမှနောက်၌တဆယ့်ငါးရက်လွန်သဖြင့်နှစ်ခုသောအသားတစ်တို့သည် ဖြစ်လာကုန်၏၊ ရသေ့သည် အသားတစ်နှစ်ခုကို မြင်၍ အထူးကောင်းမွန်စွာထား၏၊ ထိုနောက်လခွဲ လွန်သော အခါ၌ တခုတခု သောအသားတစ်၌ လက်, ခြေ,ဦးခေါင်းတို့အလို့ငှါ ငါးခုကုန်သောအဖုတို့သည် ပေါ်ပေါက်လာကုန်၏၊ ထိုနောက် လခွဲလွန်သောအခါ၌ တခုသောအသားတစ်သည် ရွှေအဆင်းနှင့်တူသောအဆင်းရှိသောသတို့သားငယ်ဖြစ်၍ တခုသော အသားတစ်သည် ရွှေအဆင်းလို လှပချောမွေ့သော သတို့သမီးငယ်ဖြစ်လာသည်။

## လိစ္ဆဝီအစ သူတို့က

ထိုသားသမီးတို့ကိုရသေ့သည် သားသမီးအရင်းနှင့် မခြားချစ်ခင်ခြင်းသဘောတရားဖြစ်၍ရသေ့ကြီး၏ လက်မမှ နို့ ရသည် ဖြစ်ပေါ်လာရ၏၊ ထိုအခါမှစ၍ နို့ဆွမ်းကိုရ၏၊ ထိုရသေ့သည် ဆွမ်းကိုစား၍နို့ရည်ကိုသူငယ်တို့၏ခံတွင်း၌ သွန်းလောင်း၏၊ ထိုသူငယ်တို့၏ဝမ်းသို့ အကြွင်းအကြွင်းအရာဝတ္ထုသည်ဝင်၏၊ ထိုထိုအရာဝတ္ထုသည် ပတ္တမြားခွက်၌တည်သကဲ့သို့ထင်၏၊ ဤသို့ အရေမရှိသလိုထင်၍ “နိစ္ဆဝီ”ဟူသောအမည်ကိုရကုန်၏၊ ဝါဒ

တမျိုးအားဖြင့် ချုပ်စပ်ထားသကဲ့သို့ ထိုသူငယ်တို့အား အချင်းချင်းတွန့်သောအရေရှိ၏၊ ထို့ကြောင့် "လိစ္ဆဝီ" ဟူသော အမည်ကိုရရှိကုန်၏။

## ဝဇ္ဇီအမည်တွင်ကြောင်း

ရသေ့သည် သူငယ်တို့ကိုမွေးမြူစောင့်ရှောက် ရသည်ဖြစ်၍ နေမြင့်သောအချိန်၌ ရွာသို့ဆွမ်းခံဝင်၏၊ အလွန် နေမြင့်သော အချိန်၌ ဆွမ်းခံရွာမှဖဲခွာရ၏၊ ထိုရသေ့၏ လုံ့လ ကြောင့်ကြဗျာပါရကို သိကုန်၍ နွားကျောင်းသားတို့က "အရှင်ဘုရား—ရသေ့ရဟန်းတို့အား သူငယ်တို့ကိုမွေးမြူခြင်းသည် အနှောင့်အရှက်ဖြစ်ပါ၏၊ အကျွန်ုပ်တို့အား သူငယ်တို့ကို ပေးပါကုန်လော့၊ အကျွန်ုပ်တို့သည် မွေးမြူပါကုန်အံ့၊ အရှင် ဘုရားတို့သည် မိမိ၏တရားအားထုတ်ခြင်းအမှုကိုသာ ပြုပါကုန်လော့" ဟု ရသေ့ကိုလျှောက်ထားကြသည်။

ရသေ့သည် ကောင်းပြီဟု ဝန်ခံပြီးလျှင် လာရောက်ခေါ်ဆောင်ရန်ပြောဆိုလိုက်၏၊ နွားကျောင်းသား တို့သည် နောက်တနေ့၌ လမ်းခရီးကို ညီညွတ်သည်ကိုပြု၍ ပန်းတို့ဖြင့် ကြဲဖြန့်၍ တန်ခွန်ကုက္ကားတို့ကိုစိုက်ထူကုန်၍ တူရိယာမျိုးစုံတို့ဖြင့် တီးမှုတ်ကုန်လျက်သိမ်းကျောင်းသို့လာကြကုန်၏။

"ကလေးနှစ်ယောက်တို့သည် မြတ်သော ဘုန်းကံရှိကုန်၏၊ မမေ့မလျော့သောအားဖြင့် ကြီးပွားစေကုန်လော့၊ ကြီးပွားစေကုန်ပြီး၍ သူတို့နှစ်ယောက်ကို လက်ထပ် ထိမ်းမြားပေးစားကြကုန်လော့၊ ငါးပါးသော နွားနို့အရသာဖြင့် မင်းကိုနှစ်သိမ့်စေ

၍မြေအဖို့ကိုယူ၍ မြို့ကိုတည်ထောင်ကြကုန်လော့၊ ထိုမြို့၌ သတို့သားကိုအဘိသိက်သွန်းကြကုန်လော”ဟု ရသေ့ကြီးက ပြောဆို၍ သူငယ်တို့ကိုနွားကျောင်းသားတို့အားပေးလိုက်သည်။

## ဝဇ္ဇီဆိုတာဤသို့ပါ

သူငယ်တို့သည်ကြီးပွားခြင်းကိုစွဲ၍အဖေါ်တို့နှင့်ကစားကုန်သည် ရှိသော်ငြင်းခုံရာအရပ်တို့၌အခြားသောနွားကျောင်းသား သူငယ်တို့အားအဆိပါသူငယ်နှစ်ဦးတို့က လက်ခြေတို့ဖြင့် ရိုက်နှက်ပုတ်ခတ်ကြကုန်၏၊ ထိုနွားကျောင်းသား သူငယ်တို့သည် ငိုကြွေးကြကုန်၏ “အဘယ့်ကြောင့် ငိုကြွေးသနည်း”ဟုဆိုလတ်သော် “အမိအဘမရှိဘဲရသေ့မွေးမြူအပ်သော၍သူငယ်တို့သည် ကျွန်တော်တို့ကိုအလွန်အကြူးပုတ်ခတ်ကုန်၏”ဟု အမိ အဘ အမတို့က မေးသည်ဖြစ်၍ပြောဆိုကြကုန်၏။

ထိုအခါမှစ၍ အရိုက်အနှက်ခံရသော သူငယ်တို့၏ အမိအဘတို့သည် “ဤရသေ့မွေးမြူအပ်သော သူငယ်တို့သည် အခြားသော သူငယ်တို့ကို ပျက်စီးစေကုန်၏၊ ဆင်းရဲစေကုန်၏၊ ဤသူငယ်တို့ကို မချီးမြှောက်ထိုက်ကုန်၊ ဤသူငယ်တို့ကို ရှောင်ကြဉ်အပ်ကုန်၏” ဟု ပြောဆိုကုန်၏၊ ထိုသို့ပြောဆိုသော အချိန်မှစ၍ ယူဇနာတရာကျယ်ပြန့်သော ထိုအရပ်ကို “ဝဇ္ဇီ”ဟူ၍ခေါ်ဝေါ်သုံးစွဲကြသည်။

## ဝေသာလီပြည်

ထိုမှနောက်၌ ထိုဝဇ္ဇီအမည်တွင်သောအရပ်ကို နွားကျောင်းသားတို့သည် မင်းကိုနှစ်သိမ့်စေကုန်၍ တောင်းယူကြကုန်ကြ၏၊

တိုအရပ်၌လည်းမြို့ကို တည်ထောင်၍ (၁၆) နှစ် အရွယ်ရှိသော သတို့သားကို အဘိသိက်သွန်း၍မင်းမြှောက်ကြကုန်၏။

"ပြင်ပသတို့သား သတို့သမီးတို့ကို သူတို့အတွင်းသို့မဆောင်ယူအပ်ကုန်၊ ဤသို့နှစ်ဦးတို့မဖြစ်သော သတို့သား သတို့သမီးတို့ကို တစ်စုံတယောက်သော သူအားမပေးအပ်ကုန်" ဟု ကတိကဝတ်ပြုကုန်၍ ရသေ့ မွေးစားသော သတို့သမီးနှင့် လက်ထပ် ထိမ်းမြားကြကုန်၏။

ထိုသူနှစ်ဦးတို့ပထမ ပေါင်းသင်းခြင်းဖြင့် သားတယောက် သမီးတယောက်အားဖြင့် နှစ်ယောက်သောသူငယ်တို့ဖြစ်ပေါ်လာကုန်၏၊ ဤသို့အစရှိသည်ဖြင့် (၁၆) နှစ် တိုင်တိုင် နှစ်ယောက်စီ နှစ်ယောက်စီဖွားမြင်ကုန်၏၊ ထိုအခါမှစ၍ ထိုသူနှစ်ယောက်တို့၏ အဆက်အနွယ် တိုးပွား များပြား လာလတ်သော် အရာမ်, ဥယျာဉ်, နေရာ, အရပ်, အခြံ အရံပြည့်စုံ ခြင်းကို ယူခြင်းငှာ မလောက်ငနိုင်သည်ဖြစ်၍ မူလမြို့၏ အဖန်ဖန် အထပ်ထပ်ပြန့်ပြောတိုးပွားလတ်သည်၏အဖြစ်ကြောင့် မြို့ကိုပြန့်ပြော ကျယ်ဝန်းစွာ တိုးချဲ့ပြီးတည်ထောင်အပ်သည်ဖြစ်၍ "ဝေသာလီ" ဟုအမည်တွင်ပြီးလျှင် မြို့ကြီးတမြို့ဖြစ်ပေါ်လာရသည်။

ဤအဋ္ဌကထာအဖွင့်ကို ရည်ရွယ်၍ ကျေးဇူးရှင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီးများက ဝေသာလိယံ၊ သုံးကြိမ်သုံးဖန်မြို့ရိုးရံ၍ သုံးတန်ဂါဝုတ် အကျယ်ထုတ်၍ ပြုလုပ်စီမံအပ်သည်၏ အဖြစ်ကြောင့် ဝေသာလီ အမည် ရှိသော ပြည်၌ဟုအနက်ပေးတော်မူကြပါသတည်း။

ဓမ္မသာရ ဒီပကကျမ်း အမှတ် (၁)

# နိဂမန

ဤသည့် သိကောင်းဖွယ်ရာ ဆောင်းပါးပေါင်းစုံဖြင့် ရတနာသုံးပါး ဆရာ သမား တို့အား ပူဇော်ကန်တော့ပါသည်၊ ဤကောင်းမှုကြောင့် နိဗ္ဗာန်ကို အမြန်မျက်မှောက်ပြုရပါစေဟု ဆုတောင်းပါသည်။

ဤစာရေးသူ အရှင်သည် မကွေးတိုင်း ပခုက္ကူမြို့ ရေစကြိုနယ် စည်သာကျေးရွာ ဇာတိချက်မြှုတ်ဖြစ်ပြီး (၁၂၈၈) ခုနှစ် တပေါင်းလဆုတ် (၄) တနင်းလာနေ့ နံနက်(၄)နာရီတွင် ခမည်းတော် ဦးဘိုးပ မယ်တော် ဒေါ်သူလွှဲတို့မှ ဖွားမြင်သော သားကောင်းရတနာ ဖြစ်ပါသည်။

ယခုမဝတ္တိ ရန်ကုန်မြို့ အရှေ့ပိုင်း ပဇ္ဇွန်တောင် မြို့နယ်မြသိန်းတန် ကျောင်းတိုက်၌ ပရိယတ္တိစာပေကို ပို့ချ သာသနာပြုနေသော ဂဏဝါစက ရဟန်းတော်ဖြစ်ပါသည်။

ယခုဆောင်းပါးများကား (၁၃၂၀) ခုနှစ်မှ အစပြု၍ ရေးသားသော တရားဆောင်းပါးများ ဖြစ်ပါသည်၊ တစုတဝေးတည်း ကြည့်ရှုမှတ်သားလိုသည့် ဓမ္မမိတ်ဆွေ များအတွက် ဤစာအုပ်ကို တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

ပခုက္ကူ အရှင်ကေသရ

၁၃၃၄ ခု၊ သီတင်းကျွတ်လဆန်း(၁)ရက်

၈–၁၀–၇၂

ဤစာအုပ်ကို ဖတ်ခြင်းအားဖြင့်—

- ☆ လူယဉ်ကျေးဖြစ်နိုင်ခြင်း
- ☆ အမှားအမှန်ကို ဝေဖန်နိုင်ခြင်း
- ☆ အကြားအမြင်တိုးပွားနိုင်ခြင်း
- ☆ လောက ရေးရာအမြင်ကျယ်နိုင်ခြင်း
- ☆ ယုံမှားသံသယ ကင်းစင်နိုင်ခြင်း
- ☆ ရည်မှန်းချက်ပန်းတိုင်သို့ လှမ်းနိုင်ခြင်း

အစရှိသောအကျိုးတို့ကို မလွဲမသွေ ရစေနိုင်လိမ့်မည်။

အဖုံးရိုက်   ချင်းတွင်း ရောင်စုံပုံနှိပ်တိုက်
အမှတ်-၁၈၀ ၄၇လမ်း၊ ရန်ကုန်မြို့။